# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်　၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ အင်္ဂါနေ့၊　အတွဲ [၅၅]၊ အမှတ် [၀၆၂]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရိုမေးနီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပို့

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင်ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရိုမေးနီးယားနိုင်ငံသမ္မတ မစ္စတာ ကလောက်စ် ဗမ်နာ ယိုဟာမ်နစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ စာမျက်နှာ ၃ ကော်လံ ၅ *

# မြန်မာ-အစ္စရေး လုံခြုံမှုအဆင့်အတန်းရှိသော သတင်းအချက်အလက် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေး လွှတ်တော်က သဘောတူ

နေပြည်တော် နိုဝင်ဘာ ၃၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းသုံးခုအား မှတ်တမ်းတင်ခြင်း၊ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ သုံးခုနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ ခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ဆက်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ ❒



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

## "ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံ့အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ပြည်ပချေးငွေ ရယူခြင်း၊ ပြည်ပကြွေးမြီအဖြစ် ပေါ်ပေါက်သည့် ပြည်ပသို့ အစိုးရစာချုပ်များ ထုတ်ဝေရောင်းချခြင်းလုပ်ငန်းများ လုပ်ဆောင်ကြပါတယ်"

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်

၈၁ - ၆

# မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ပိုလန်စီးပွားရေးလုပ်ငန်းရှင်များအား တိုက်တွန်းမည်

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံတွင် လက်ရှိအနေအထားအရ ကြီးမားသည့် ဈေးကွက်ကြီးတစ်ခု တည်ရှိနေပြီး ပိုလန်စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအခြေစိုက် ပိုလန်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်ရုံး သံရုံးတာဝန်ခံ Mr. Miroslaw Zasada က ပြောသည်။ စာမျက်နှာ ၅ ကော်လံ ၁ ❖

သတင်းနှင့် ဓာတ်ပုံ - မင်းသစ်



ပိုလန်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်ရုံး သံရုံးတာဝန်ခံ Mr. Miroslaw Zasada ။




## စတော့အိတ်ချိန်းနှင့် ငွေကြေးဈေးကွက်

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာကျပ်ငွေတန်ဖိုး ခိုင်မာလာစေရေးတို့အတွက် ငွေကြေးဈေးကွက် (Capital Market) တစ်ရပ် ထူထောင်ရန်ကြိုးပမ်းလျက်ရှိပါသည်။ ဤသို့ငွေကြေးဈေးကွက် ထူထောင်ရာတွင် စတော့အိတ်ချိန်းသည် အဓိကအရေးအကြီးဆုံးဖြစ်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် ပထမဆုံးသော စတော့အိတ်ချိန်းအဖြစ် ရန်ကုန်စတော့အိတ်ချိန်းကို ဒီဇင်ဘာ ၉ ရက်တွင် တရားဝင်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိပါသည်။

စတော့အိတ်ချိန်းဆိုသည်မှာ မြန်မာနိုင်ငံချေးငွေသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) က လုပ်ထုံးလုပ်နည်း၊ စည်းကမ်းဥပဒေများနှင့်အညီ တရားဝင်ခွင့်ပြုထားသည့် အများပိုင်ဘဏ်နှင့် အများပိုင်ကုမ္ပဏီကြီးများက အများပြည်သူအား ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤသည်ကိုပင် ရှယ်ယာထုတ်ရောင်းသည်၊ ရှယ်ယာအရောင်းအဝယ်ပြုလုပ်သည်ဟု ဆိုကြခြင်းဖြစ်ပါသည်။ ဒီဇင်ဘာလတွင် ဖွင့်လှစ်မည့် ရန်ကုန်စတော့အိတ်ချိန်းတွင် စည်းကမ်းသတ်မှတ်ချက်နှင့် ညီညွတ်သောအနည်းဆုံးကုမ္ပဏီငါးခုအား စတင်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် တရားဝင်ဖွင့်လှစ်ခွင့်ရရှိထားသော ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် အများပိုင်ကုမ္ပဏီကြီးများက ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်ရန် တာစူနေကြပြီဖြစ်ပါသည်။

စတော့အိတ်ချိန်းသည် ကုမ္ပဏီကြီးများအနေဖြင့် ငွေလိုသည့်အခါ ရှယ်ယာများကို ထုတ်ရောင်းနိုင်မည်ဖြစ်၍ ဘဏ်များမှ အတိုးကြီးပေးနေရမှုကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်လည်း ငွေပိုငွေလျှံရှိပြီး လုပ်ငန်းထူထောင်၍ မလုပ်ကိုင်တတ်သူများအတွက် ရှယ်ယာကို ဝယ်ယူထားခြင်းဖြင့် ထိုက်သင့်သော အတိုးအပွားများရရှိနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ငွေကြေးအရင်းအနှီးအနည်းငယ် ထည့်ဝင်လုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်များရရှိနိုင်သည့် ငွေကြေးဈေးကွက်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံချေးငွေသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က တရားဝင်ခွင့်ပြုထားသော ကုမ္ပဏီများ၌သာ ရှယ်ယာရောင်းခြင်း၊ ဝယ်ခြင်းများလုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ တရားဝင်မဟုတ်သော အများပိုင်ကုမ္ပဏီများမှ ထုတ်ရောင်းသည့်ရှယ်ယာများကိုဝယ်ယူမိပါက ငွေကြေးအရှုပ်အရှင်းပြဿနာများစွာပေါ်ပေါက်နိုင်ပါသည်။ စတော့အိတ်ချိန်းလုပ်ငန်းသည် ငွေကြေးလုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၏ ရိုးသားဖြောင့်မတ်မှုသည် အလွန်အရေးကြီးသော အချက်ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်မှန်ကန်မှုရှိသော အများပိုင်ကုမ္ပဏီများသည် စတော့အိတ်ချိန်းသို့ ဝင်ရောက်ခွင့်ရှိမည်ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်စွာလုပ်ကိုင်ရေးသည် ပဓာနအကျဆုံးဖြစ်သောလုပ်ငန်းစဉ် ဖြစ်ပါသည်။ သို့ဖြစ်၍ အများပြည်သူများအနေဖြင့် စတော့ရှယ်ယာများ ဝယ်ယူရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်မည်ဆိုပါက ရိုးသားဖြောင့်မတ်ပြီး ပွင့်လင်းမြင်သာမှုရှိသော တရားဝင်အသိအမှတ်ပြုကုမ္ပဏီများ၌သာ လုပ်ဆောင်ရန်သတိပြုအပ်ပေကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |




# မိတ္ထီလာ(တောင်)ကန် အရှေ့ဘက်ကန်ပေါင်အနီး ရန်ကုန်-မန္တလေးကားလမ်းမ တိုးချဲ့



**မိတ္ထီလာ နိုဝင်ဘာ ၃၀**

မိတ္ထီလာမြို့နယ် ရတနာမာရ်အောင်ရပ်ကွက် မိတ္ထီလာ(တောင်)ကန် အရှေ့ဘက်ကန်ပေါင်အနီး ရန်ကုန်-မန္တလေးကားလမ်းမကို ယုဇနကုမ္ပဏီကတာဝန်ယူ တိုးချဲ့ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်းရန်ကုန်-မန္တလေးလမ်းပိုင်းနေရာသည် အာရှအဝေးပြေးလမ်းမကြီး အမှတ်(၁)တွင်ပါဝင်ပြီး ယခင်က ပေ ၆၀ ကျော်မြင့်သည့်ကုန်းပေါ်တွင်တည်ရှိကာ ကျဉ်းမြောင်းပြီး မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာရာတွင် အဆင်မပြေဖြစ်ခဲ့ရသည်။ အာရှအဝေးပြေးလမ်းမကြီး အမှတ်(၁)ပေါ်တွင် ပါဝင်ခဲ့သောလမ်းဖြစ်ပြီး ယာဉ်ကြီး/ငယ်များ၊ မော်တော်ဆိုင်ကယ်များနှင့် လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယာဉ်သွားလမ်း တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်သည်။ ပေ ၆၀ ကျော်မြင့်သည့်ကုန်း၏ဘေးတွင်ကပ်လျက် ယင်းအမြင့်ပေအတိုင်း စက်ယန္တရားကြီးများဖြင့် မြေဖို့ပြုပြင်ပြီး မူလလမ်းနှင့်တိုးချဲ့လမ်း စုစုပေါင်း ပေ ၁၀၀ အကျယ် လမ်းမကြီးဖြစ်အောင် တိုးချဲ့ဖောက်လုပ်မည် ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# မြန်မာ့စီးပွားရေးလုပ်ငန်း စစ်တမ်းကောက်ယူမည်

**ကျောင်းကုန်း နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၅)ကောက်ယူမှု လုပ်ငန်းကို ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းကုန်းမြို့နယ်မှ နမူနာရွေးချယ်ထားသော စီးပွားရေးလုပ်ငန်းပေါင်း ၂၁ ခုကို နိုဝင်ဘာလစတုတ္ထပတ်က ဒီဇင်ဘာလဒုတိယပတ်အထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်သည်။

မြန်မာ့စီးပွားရေး လုပ်ငန်းစစ်တမ်းသည် နှစ်စဉ်ကောက်ယူမည့် ပထမဆုံးသော စစ်တမ်းဖြစ်ပြီး ရည်ရွယ်ချက်မှာ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ အခြေခံကိန်းဂဏန်းအရင်းအမြစ်များသည် အမျိုးသားစာရင်းအင်းစနစ် (SNA)တွက်ချက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ လက်တွေ့ကျသည့် မူဝါဒများရေးဆွဲရာတွင် အချက်အလက်များ ပံ့ပိုးပေးနိုင်ရန်နှင့် အခြားလိုအပ်သည့် ဆက်စပ်မူဝါဒများ၊ ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် အသုံးပြုရန်ဖြစ်သည်။

ယင်းသို့ ကောက်ယူရာတွင် စီးပွားရေးနယ်ပယ်တွင် ပါဝင်သည့်ကဏ္ဍအားလုံး၊ (စိုက်ပျိုးရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ပြည်သူ့ရေးရာကဏ္ဍများမှအပ) လုပ်ငန်းအားလုံး၏ စာရင်းအင်းအချက်အလက်များကို ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# သန်လျင်၌ နိုင်ငံကျော်ကာတွန်းဆရာများနှင့် စာရေးဆရာများ စာပေဟောပြောမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

သန်လျင်မြို့နယ် စာပေချစ်မြတ်နိုးသူများအဖွဲ့က စီစဉ်ကျင်းပသည့် ပဥ္စမအကြိမ်မြောက် စာပေဟောပြောပွဲ၊ ကာတွန်းပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ သန်လျင်မြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာပေဟောပြောပွဲ၌ ဒီဇင်ဘာ ၁၁ ရက်တွင် ကာတွန်းစံရွှေမြင့်၊ ကာတွန်းအော်ပီကျယ်တို့ကလည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင်ဆရာချစ်ဦးညို၊ ဆရာအရိုးတို့ကလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် စာရေးဆရာမဂျူးနှင့် ဆရာမောင်မောင်မြင့်အောင်တို့ကလည်းကောင်း ညစဉ် ၇ နာရီမှ စ၍ စာပေရေးရာများဟောပြောကြမည်ဖြစ်ကာ စာပေမြတ်နိုးသူ စာပေ ဝါသနာရှင်များလာရောက်နိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် | ၇၂၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၈၀ ကျပ် | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၈၀ ကျပ် | ၇၃၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆.၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃.၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄၅ |

ခင်ရတနာ-စုစည်းသည်။

၂၃-၁၁-၂၀၁၅ မှ ၂၇-၁၁-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၇၁ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၅၈ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒီဇင်ဘာ ၂ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံဆွေးနွေးရန် တောင်းဆိုခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးနှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့တို့က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တွေ့ဆုံခွင့်တောင်းသည့်ကိစ္စကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံ လာရောက်တွေ့ဆုံနိုင်ရေး စီစဉ်ပေးပါရန် နိုဝင်ဘာ ၁၀ ရက် နေ့စွဲပါစာဖြင့် သီးခြားစီပေးပို့ခဲ့ခြင်းအပေါ် နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံဆွေးနွေးရန် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် သမ္မတအိမ်တော်၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရန် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ရိပ်သာ၌ လည်းကောင်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ Myanmar Egress အဖွဲ့မှ သင်တန်းသား၊ သင်တန်းသူများ လာရောက်လေ့လာ



**နေပြည်တော် နိုဝင်ဘာ ၃၀**

Myanmar Egress အဖွဲ့မှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၃၀ တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ Myanmar Egress အဖွဲ့မှ ဦးတေဇာမျိုးဝင်းက သင်တန်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုင်ရာများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲရလဒ် ထုတ်ပြန်ခြင်းဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သင်တန်းသားတစ်ဦးက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲလာရောက်ပေးသူဦးရေနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း စနစ်တို့ကို မေးမြန်းခဲ့ရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်နှင့် ကော်မရှင်ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲသည် နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ ပြည်သူလူထုလက်ထဲရှိ အချုပ်အခြာအာဏာကို လူထုကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတစ်ဝန်းသို့ ပျံ့နှံ့စေခြင်းဖြစ်ကြောင်း၊ လူထုကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ရွေးကောက်ပွဲကျင်းပပေးရခြင်းဖြစ်ကြောင်း၊ လူထုကိုယ်စားလှယ် အများဆုံးအနိုင်ရရှိသည့် ပါတီအနေဖြင့် အာဏာရပါတီဖြစ်လာပြီး အစိုးရဖွဲ့၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါတီ၏ မူလ အခြေခံမူအတိုင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သင်တန်းသားလူငယ်များအနေဖြင့် အနာဂတ်တွင် နိုင်ငံတော်တာဝန်ယူကြရမည့် ပုဂ္ဂိုလ်များဖြစ်သည့်အားလျော်စွာ နိုင်ငံတော်တိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် ညီညီညွတ်ညွတ်ဖြင့် တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်အား သတ်မှတ်ရက်အတွင်း အမြန်ဆုံးတင်သွင်းကြရန် နှိုးဆော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အသိပေးနှိုးဆော်စာ**

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် လွှတ်တော်အသီးသီးအတွက် အထွေထွေရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏ အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ၎င်းတို့အမည်စာရင်းတင်သွင်းခဲ့ကြသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို မတင်သွင်းပါက သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေ ၈၄ အရ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

ယနေ့အချိန်တွင် နိုင်ငံရေးပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လည်းကောင်း၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လည်းကောင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းသူဦးရေမှာ နည်းပါးလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်အား သတ်မှတ်ရက်အတွင်း အမြန်ဆုံးတင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

* *ရှေ့ဖုံးမှ*

အလားတူ ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ရိုမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စောရင်း မီရှိုင်း ချင်ပီယာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရိုမေးနီးယားအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရိုမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောဂ်ဒန် အော်ရက်စကူထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား တရုတ်နိုင်ငံ Anhui Conch Cement Co., Ltd. ၏ Chairman Mr. GuoWensan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် စက်မှုဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနနှင့် Built-Operate-Transfer (BOT) စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘိလပ်မြေစက်ရုံ(ကျောက်ဆည်) တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ဖွင့်လှစ်မည့်အစီအစဉ်များနှင့် ထုတ်လုပ်မှုလုပ်ငန်းများတိုးချဲ့၍ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပညာရေးဝန်ကြီးဌာန ၂၀၁၅ -၂၀၁၆ ပညာသင်နှစ် နေ့သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်အသီးသီးအတွက် ပထမနှစ် နေ့သင်တန်းများကို ၁၀-၁၂-၂၀၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာ တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ကြေညာထားပါသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကို ၃-၁၂-၂၀၁၅ ရက်နေ့မှစ၍ ဖွင့်လှစ်မည်ဖြစ်ပါသည်။ **ပညာရေးဝန်ကြီးဌာန**

# မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ပြင်ဆင်ဖတ်ရှုပေးပါရန်

နိုဝင်ဘာ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၃ တွင် ဖော်ပြပါရှိသော တယ်လီဖုန်းအသုံးပြုနိုင်မှုသည် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ငါးရာခိုင်နှုန်းအောက်ရှိခဲ့ရာမှ ယနေ့အချိန်တွင် ၆၀ ရာခိုင်နှုန်းကျော်အထိ သုံးစွဲလာနိုင် ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသည့် အဆိုပါအစည်းအဝေးကို **ဖိလစ်ပိုင်နိုင်ငံ ဒါနန်းမြို့** အစား **ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

# ရွှေ့ပြောင်းဒုက္ခသည်အရေး ဥရောပသမဂ္ဂနှင့်တူရကီ ပူးပေါင်းဆောင်ရွက် ဥရောပသမဂ္ဂက တူရကီနိုင်ငံရှိ ဒုက္ခသည်နှစ်သန်းကျော်ကို ယူရိုသုံးသန်းကူညီ



ဘရပ်ဆဲလ် နိုဝင်ဘာ ၃၀

**တူရကီအနေဖြင့် ရွှေ့ပြောင်းနေထိုင်သူများ ဥရောပသို့ဝင်ရောက်ရာတွင် ငွေကြေးနှင့်ဗီဇာအကူအညီများ ပေးသွားရန် အီးယူနှင့်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ခြေလှမ်းသစ်များ စတင်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ်က တနင်္ဂနွေနေ့တွင် ကတိပြုပြောကြားလိုက်သည်။**

ဥရောပ ခေါင်းဆောင်များနှင့် တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူတို့သည် တနင်္ဂနွေနေ့က ဘရပ်ဆဲလ်မြို့၌ တွေ့ဆုံခဲ့ကြပြီး လွန်ခဲ့သောလက သံတမန်နည်းလမ်းအရ ဆောင်ရွက်ခဲ့သည့် သဘောတူညီချက်အပေါ် ပြန်လည်သုံးသပ်ခဲ့ကြသည်။ အီးယူနိုင်ငံများက ထောင်ပေါင်းများစွာသော ဆီးရီးယားဒုက္ခသည်များ အီးယူ ၂၈ နိုင်ငံသို့ဝင်ရောက်ရေး အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခဲ့ကြသည်။



“ဥရောပအထိ မသွားရောက်နိုင်တဲ့ဒုက္ခသည်တွေကို တူရကီနိုင်ငံက ပိုမိုလက်ခံနိုင်ဖို့ ကြိုးစားနေပါတယ်” ဟု တူရကီဝန်ကြီးချုပ်က သတင်းထောက်များအား ပြောသည်။

တူရကီနိုင်ငံ၏ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ရေးကြိုးစားမှုကို ဥရောပသမဂ္ဂနိုင်ငံခေါင်းဆောင်များက အကူအညီပေးမည်ဖြစ်သလို အပြန်အလှန်အားဖြင့် တူရကီမှဒုက္ခသည်များ ဥရောပသို့ စီးဆင်းဝင်ရောက်မှုကို တူရကီနိုင်ငံက ထိန်းချုပ်ဟန့်တားပေးရန် ဥရောပသမဂ္ဂနှင့်တူရကီနိုင်ငံတို့သဘောတူခဲ့ကြသည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များနှင့် တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူတို့က ယင်းသဘောတူညီချက်ကို ဘရပ်ဆဲလ်၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပသောအစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဥရောပသမဂ္ဂက တူရကီနိုင်ငံရှိ ဒုက္ခသည်နှစ်သန်းကျော်ကို ပိုမိုကောင်းမွန်သော အခြေအနေများ ဖန်တီးပေးရန်အတွက် ယင်းနိုင်ငံကို ယူရိုသုံးသန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၃ ဒသမ ၂သန်း အကူအညီပေးရန် သဘောတူခဲ့သည်။

အဆိုပါငွေကြေးသည် လူနေမှု အဆင့်အတန်းမြင့်မားရေးနှင့် အီးယူနိုင်ငံများတွင် ဆီးရီးယားဒုက္ခသည်များ ပိုမိုနေထိုင်ခွင့်ရရှိရန်တို့အတွက်ဖြစ်သည်ဟု ဆိုသည်။

ဥရောပသမဂ္ဂသည် တူရကီနိုင်ငံ၏ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ရေး မပြီးပြတ်သေးသောအစည်းအဝေးကို ဒီဇင်ဘာလဆန်းတွင် ပြန်လည်စတင်ရန် သဘောတူခဲ့သည်။ ထို့အပြင် ဥရောပသမဂ္ဂက လာမည့်ဆောင်းရာသီမှစ၍ တူရကီနိုင်ငံသားများကို ဥရောပသမဂ္ဂတွင် ဗီဇာမပါဘဲ ခရီးသွားရန်သဘောတူခဲ့သည်။

အပြန်အလှန်အားဖြင့် တူရကီက နယ်စပ်ဒေသကို ပိုမိုထိန်းချုပ်ရမည်ဖြစ်ပြီး တရားမဝင် ဝင်ရောက်မှုများကို တိုက်ဖျက်နှိမ်နင်းရမည်ဖြစ်သည်။

ထို့အပြင် တူရကီနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂနိုင်ငံသို့ ဝင်ရောက်ခဲ့ဖူးသော ဒုက္ခသည်များကိုလက်ခံရန် သဘောတူရမည်ဖြစ်သည်။

အစည်းအဝေးပြီးနောက် တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူကတူရကီနိုင်ငံက ဥရောပသမဂ္ဂနှင့်ပူးပေါင်းပြီး ဒုက္ခသည်ဝင်ရောက်မှုကို ပိတ်ဆို့ရမည်ဖြစ်ကြောင်းပြောခဲ့သည်။ သို့သော်လည်း အချို့ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အဆိုပါကိစ္စကို ယုံရခက်ကြီးဖြစ်နေသည်။

ကုလသမဂ္ဂက ယခုနှစ်တွင် ရွှေ့ပြောင်းဒုက္ခသည် ၈၇၀၀၀၀ ကျော် ဥရောပသမဂ္ဂသို့ဝင်ရောက်ခဲ့ကြောင်း ပြောခဲ့သည်။

အများစုမှာ တူရကီမှဖြတ်ပြီး ဝင်ရောက်လာခြင်းဖြစ်သည်။ ၎င်းတို့သည် ဆီးရီးယားပြည်တွင်းစစ်နှင့် အခြားသောနိုင်ငံများမှ တိမ်းရှောင်လာသူများ ဖြစ်ကြသည်။

**(အင်န်အိတ်ချ်ကေ/ ရိုက်တာ)**

## ဆောင်းရာသီမုန်တိုင်းများနှင့် ရေကြီးမှုများကြောင့် အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားတွင် အရေးပေါ်အခြေအနေကြေညာ

**ဟူစ်တန် နိုဝင်ဘာ ၃၀**

အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားတွင် တစ်ပတ်ကျော်ကြာ ရေခဲတမျှအေးခဲသော မုန်တိုင်းတိုက်ခတ်ကာ ရေကြီးမှုများဖြစ်ပေါ်ပြီးနောက် ယင်းပြည်နယ်၏ စီရင်စု ၇၇ ခုတွင် နိုဝင်ဘာ ၂၉ ရက်က အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

အိုကလာဟိုးမား မြို့တော်ဝန် မယ်ရီဖယ်လင်းက အရေးပေါ်အခြေအနေသည် ယင်းမြို့အတွက် ကူညီပံ့ပိုးမှုတစ်ခု ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အိမ်ပေါင်း ၁၀၀၀၀၀ နီးပါး လျှပ်စစ်မီးမရရှိကြောင်း ပြောခဲ့သည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း တက္ကဆက်စ်ပြည်နယ်တွင် နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့က ရေကြီးမှုများကြောင့် လူရှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ထို့အတူ အမေရိကန်ပြည်ထောင်စု ကန်ဆက်စ်ပြည်နယ်တွင်လည်း ဆီးနှင်းဖုံးလွှမ်းသောလမ်းများပေါ်၌ ဖြစ်ပွားသော မတော်တဆမှုများကြောင့် အနည်းဆုံး လူခြောက်ဦးသေဆုံးခဲ့ကာ အိမ်ခြေပေါင်း ၁၀၀၀၀ နီးပါး လျှပ်စစ်မီးပြတ်တောက်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**





## ရုရှားဂျက်လေယာဉ်တိုက်ခိုက်မှု အနည်းဆုံးလူ ၃၀ ကျော် သေဆုံး

**မော်စကို နိုဝင်ဘာ ၃၀**

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း အာရီဟာမြို့၌ တနင်္ဂနွေနေ့က ရုရှားဂျက်လေယာဉ်များ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၃၀ သေဆုံးခဲ့ရကြောင်း သူပုန်ထိန်းချုပ်ဒေသမှ ကယ်ဆယ်ရေးလုပ်သားများက ပြောသည်။

တူရကီနယ်စပ်အနီးတွင်လည်း သီးခြားလေကြောင်းတိုက်ခိုက်မှုကြောင့် ထော်လာဂျီ ၁၀ စီးနှင့် လူငါးဦး ပျက်စီးသေဆုံးခဲ့ရကြောင်း သူပုန်အဖွဲ့ကပြောသည်။ တူရကီက ရုရှားစစ်လေယာဉ်ကို ပစ်ချပြီးကတည်းက ဆီးရီးယား အနောက်မြောက်ပိုင်း သူပုန်ထိန်းချုပ်ဒေသအား ပြင်းပြင်းထန်ထန်တိုက်ခိုက်လာသည်ဆိုသည့်သတင်းကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ချက်ချင်းအတည်မပြုနိုင်သေးဟု ဆိုသည်။

အိုင်းဒလစ်ပြည်နယ် အာရီဟာမြို့ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒါဇင်ပေါင်းများစွာဒဏ်ရာရခဲ့ကြောင်း၊ ဈေးတစ်ဈေးလည်းထိမှန်ခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောသည်။ သေဆုံးသူ ၃၁ ဦးအား အတည်ပြုနိုင်သော်လည်း ၁၂ ဦးမှာ အတည်ပြုချက်ရရန် စောင့်ဆိုင်းလျက်ရှိသည်။

**(ရိုက်တာ)**

❖ ရှေ့ဖုံးမှ

"မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးတံခါး ပွင့်လာတဲ့အတွက် ပိုလန်နိုင်ငံအနေနဲ့ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့လို နိုင်ငံကြီးမဟုတ်ပေမယ့် ပိုလန်မှာ အရင်းအနှီးတွေ အရင်းအမြစ်တွေရှိတယ်။ မြန်မာနိုင်ငံကို ကူညီပေးချင်တဲ့ဆန္ဒတွေလည်းရှိတယ်။ အတူတကွ ပူးပေါင်းလုပ်ဆောင်သွားမယ်"ဟု ၎င်းက ပြောသည်။

ပိုလန်ပြည်သူ့သမ္မတနိုင်ငံအစိုးရက နိုင်ငံပေါင်း ၁၀ နိုင်ငံသို့ အကူအညီများပေးအပ်သွားမည် ဖြစ်ကြောင်း၊ အဆိုပါ ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံလည်း ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအတွက် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အကူအညီများပေးအပ်ရန် စီမံကိန်းများ ရေးဆွဲထားပြီး NGO များမှတစ်ဆင့် ကူညီပံ့ပိုးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအခြေစိုက် ပိုလန်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်ရုံးမှ သိရသည်။

လက်ရှိတွင် ပိုလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်ရုံးသာ ဖွင့်လှစ်ထားပြီး သံရုံးဖွင့်လှစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

"သံရုံးကို မြန်မာနိုင်ငံမှာ အခြေစိုက်ဖို့ ရည်ရွယ်ထားတယ်။ လောလောဆယ် ဒီကနေ ဗီဇာထုတ်မပေးနိုင်သေးဘူး။ ဗီဇာထုတ်ပေးနိုင်တဲ့အဆင့်အထိ အခြေစိုက်သံရုံးတစ်ခုဖွင့်လှစ်သွားဖို့ ရည်ရွယ်ပါတယ်"ဟု Mr. Miroslaw Zasada က ပြောကြားသည်။

မြန်မာနိုင်ငံနှင့် ပိုလန်နိုင်ငံအကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်နှင့် ပိုလန်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများကို မျှဝေရန်ရည်ရွယ်ပြီး " Myanmar-Poland; Economic Transformation and Development- The Past, The Present and The Future " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# (၉၅)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ❖ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ❖ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ❖ အမျိုးသားပညာရည်မြင့်မားရေး၊
- ❖ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး။

# အမြန်လမ်းမကြီး၌ ခရီးသည်နှင့် ကုန်တင်ယာဉ်များ Telematic စနစ်တပ်ဆင်ရန်လိုကြောင်း ကြေညာ

သတင်း - မြင့်မောင်စိုး
ဓာတ်ပုံ - အမြန်လမ်းရဲတပ်ဖွဲ့

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ ပြေးဆွဲလျက်ရှိသော ခရီးသည်တင် ဘတ်စ်ကားများနှင့် မူဝါဒအရခွင့်ပြုထားသော ကုန်တင်ယာဉ်များအနေဖြင့်မော်တော်ယာဉ်များဘေးကင်းလုံခြုံစွာသွားလာမှု အထောက်အကူဖြစ်စေရန် Telematic စနစ်ကို မဖြစ်မနေတပ်ဆင်ရန် လိုအပ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။



အမြန်လမ်းရဲတပ်ဖွဲ့နှင့် အမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းရေးကြီးကြပ်ရေးအဖွဲ့အနေဖြင့် နိုဝင်ဘာလကုန်ပိုင်းမှစတင်ကာ ခရီးသည်တင်ဘတ်စ်ကားကြီးများနှင့် မူဝါဒအရခွင့်ပြုထားသော ဝင်ရိုးသုံးရိုးပါ ၁၀ ဘီး ကုန်တင်ယာဉ်ကြီးများအထိ Telematic စနစ်တပ်ဆင်ရန်နှင့် သတ်မှတ်ကုန်ပစ္စည်းများတင်ဆောင်ခြင်းရှိမရှိတို့ကို ပညာပေးကာလအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ (ဓါတ်ပုံ) ၂၀၁၅ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းမှစတင်ကာ Telematic စနစ်တပ်ဆင်ထားခြင်းမရှိသော ခရီးသည်တင်ဘတ်စ်ကားကြီးများနှင့် ကုန်တင်ယာဉ်များကို အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာခွင့်ပြုတော့မည်မဟုတ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ခရီးသည်တင်ဘတ်စ်ကားများနှင့် ကုန်တင်ယာဉ်များကို Telematic စနစ်တပ်ဆင်ရန် အခမဲ့ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ သွားလာလျက်ရှိသော ခရီးသည်တင် ဘတ်စ်ကားများနှင့် ကုန်တင်ယာဉ်များတွင် Telematic စနစ်တပ်ဆင်ထားခြင်းဖြင့် Traffic Information Centre / Traffic Control Centre တို့မှ ယာဉ်မောင်းများ၏ မောင်းနှင်နေသောအရှိန်အား စောင့်ကြည့်ထိန်းချုပ်နိုင်ခြင်း၊ ယာဉ်မောင်းများ၏မောင်းနှင်ပုံ အမူအကျင့်များကို လေ့လာဆန်းစစ်နိုင်ခြင်း၊ မော်တော်ယာဉ်၏ သွားလာခဲ့သော မှတ်တမ်းကို ထုတ်ယူသိမ်းဆည်းနိုင်ခြင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ သိရှိပြီး စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်နိုင်ခြင်း၊ သက်သေခံ(Black box Data)များထုတ်ယူနိုင်ခြင်း၊ မောင်းနှင်ချိန်၊ ခရီးအကွာအဝေး၊ ရပ်နားချိန်တို့ကို သိရှိနိုင်ခြင်း၊ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်ကို ချက်ချင်းဆက်သွယ်၍ အသိပေးနိုင်ခြင်း၊ သွားလာသည့် မော်တော်ယာဉ်အားလုံးကို စုစည်းစောင့်ကြည့်နိုင်ခြင်း၊ ယာဉ်ရပ်နားခွင့်ရှိသော နေရာများ၊ ရပ်နားခွင့်မရှိသောနေရာများကို စောင့်ကြည့်ထိန်းချုပ်နိုင်ခြင်းတို့ကြောင့် မော်တော်ယာဉ်များ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မူဝါဒအရခွင့်ပြုထားသော ကုန်တင်ယာဉ်များကို သတ်မှတ်ထားသော ကုန်ပစ္စည်းများ တင်ဆောင်ခြင်း ရှိ/မရှိ တို့ကိုလည်း အလွယ်တကူ စစ်ဆေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# စွန့်ပစ်ခံ မွေးကင်းစကလေးငယ်တစ်ဦး စောင့်ရှောက်ထား

**တပ်ကုန်း နိုဝင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကြီး၏ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၂၅ ရက်)က မွေးကင်းစမိန်းကလေးငယ်တစ်ဦးအား အောင်ဇေယျရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေး မီးပွိုင့်အနီး၌ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကြီး ကျင်းပတဲ့ တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှာ ပွဲတော်လာပြည်သူများ အစည်ကားဆုံးနေ့ ဖြစ်ပါတယ်။ ည ၆နာရီခွဲခန့်မှာ လျှပ်စစ်မီးခဏပျက်ပါတယ်။ အဲဒီအချိန်မှာ အနီးဖြူနှီဖျော်ဘူး၊ ဂွမ်းထုပ်၊ ရေသန့်ဘူး၊ အင်္ကျီသုံးထည်၊ ပလတ်စတစ်ခြင်းထဲမှာ အနီးပတ်ထားတဲ့ ချက်ညှပ်ဖြင့် ရက်သားအရွယ် မွေးကင်းစမိန်းကလေးငယ်ကို စွန့်ပစ်ထားတာ တွေ့ရှိရပါတယ်။ တွေ့ရှိချိန်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို သတင်းပို့ပါတယ်။ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်နဲ့ တာဝန်ရှိသူတွေရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်း ခုတင် ၁၀၀ ဆေးရုံကို ပို့ဆောင်ပေးခဲ့ပါတယ်"ဟု အောင်ဇေယျရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောမင်းက ပြောပြသည်။



တပ်ကုန်း ခုတင် ၁၀၀ ဆေးရုံ အုပ် ဒေါက်တာထွန်းထွန်းနှင့် ကလေးအထူးကုဆရာဝန်၏ စစ်ဆေးတွေ့ရှိချက်မှာ မွေးကင်းစသုံးရက်မှ ငါးရက်အတွင်း မိန်းကလေးဖြစ်ပြီး ကိုယ်အလေးချိန်မှာ ၂ ဒသမ ၂၅ ကီလိုခန့်ရှိကြောင်းနှင့် ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိ၍ ယနေ့အထိ ကလေးငယ်အား ကလေးကုသဆောင်၌ ကလေးအထူးကုဆရာဝန်ဖြင့် ပြုစုစောင့်ရှောက်ထားလျက် ရှိကြောင်း သိရသည်။ (ဓါတ်ပုံ) **တင်စိုးလွင်**



# ဖလမ်း၌ သဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့

**ဖလမ်း နိုဝင်ဘာ ၃၀**

သဘာဝဘေးအန္တရာယ်ကြောင့် ရေဘေးသင့်ခဲ့သော ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာ ၁၄ ရွာရှိ ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီကမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းက ရေဘေးသင့်၍ နေအိမ်လုံးဝပျက်စီးသွားခဲ့သော အိမ်ထောင်စုရှစ်စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀၀ စီ၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားခဲ့သော အိမ်ထောင်စု ၁၀၄ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၅၀၀၀ စီ၊ စောင်၊ အဝတ်အထည်နှင့် စားသုံးကုန်ပစ္စည်းများကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ဒိုက်ဦးမြို့၌ ပိုလီယိုကာကွယ်ဆေး(ထိုးဆေး) အသစ်ထိုးနှံခြင်းအသိပညာပေးဆွေးနွေးပွဲကျင်းပ

**ဒိုက်ဦး နိုဝင်ဘာ ၃၀**

ဒိုက်ဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေးအသစ်များဖြစ်သော IPV-Inactivated Polio Vaccine စတင်ထည့်သွင်းထိုးနှံခြင်း လုပ်ငန်းလမ်းညွှန်ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောမြထွန်းက IPV ကာကွယ်ဆေးထိုးနှံရခြင်းအကြောင်းကိုလည်းကောင်း၊ ဦးသန်းထွန်း (ကျန်းမာရေးမှူးအဆင့်-၁)က ပိုလီယိုကာကွယ်ဆေး(ထိုးဆေး) မေးခွန်းနှင့် အဖြေများကို လည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# နိုင်ငံတကာအဆင့်မီ ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်နိုင်ရန် ကျွမ်းကျင်ပညာရှင်များပူးပေါင်းဆောင်ရွက်လျက်ရှိ

## “ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပြည်ပချေးငွေရယူခြင်း၊ ပြည်ပကြွေးမြီအဖြစ် ပေါ်ပေါက်သည့် ပြည်ပသို့ အစိုးရစာချုပ်များထုတ်ဝေရောင်းချခြင်းလုပ်ငန်းများ လုပ်ဆောင်ကြပါတယ်”

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်

**၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် စီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်းပြီး နိုဝင်ဘာ ၂၄ ရက်ကကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးစတုတ္ထနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။**

**အဆိုပါလွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ် ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ‘‘ပြည်တွင်းအခွန်များဦးစီးဌာန၏ ခြောက်လပတ် အခွန်ကောက်ခံရရှိမှုနှိုင်းယှဉ်ချက်နှင့် ပြည်ပကြွေးမြီကိစ္စရပ်များ’’ အား ပြန်လည်ရှင်းလင်းတင်ပြခဲ့ရာ ၄င်းအနက်မှ ‘‘ပြည်ပ ကြွေးမြီကိစ္စ’’နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-**

နိုင်ငံတော်၏ ပြည်တွင်း၊ ပြည်ပကြွေးမြီအခြေအနေနှင့်စပ်လျဉ်း၍ လွှတ်တော်အသီးသီးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက အခါအားလျော်စွာ ရှင်းလင်းတင်ပြလျက်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပြည်ပကြွေးမြီများ တင်ရှိနေကြပါတယ်။ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နည်းအားဖြင့် မိမိနိုင်ငံအကျိုးဖြစ်ထွန်းမည့် ကိစ္စများဆောင်ရွက်နိုင်စေရေးအတွက် ပြည်ပချေးငွေများရယူကြပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများဟာ မိမိရဲ့ဝင်ငွေနဲ့ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်ရန်အတွက် ပြည်ပချေးငွေများရယူကြပါတယ်။ ဒါ့ကြောင့် ပြည်ပကြွေးမြီများ တင်ရှိကြပါတယ်။ ထို့အတူ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံများမှာလည်း ယင်းတို့အတွက် အကျိုးအမြတ်ရရှိစေမယ့် အစိုးရကထုတ်ဝေတဲ့စာချုပ်များကို ပြည်တွင်းတွင်သာမက ပြည်ပသို့ပါ ထုတ်ဝေရောင်းချကြသည်ကို တွေ့ရှိရပါတယ်။ Capital Market, Bond Market စတဲ့ ငွေကြေးအရင်းအနှီး ဈေးကွက်များကို ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံများမှာ တွေ့နိုင်ပါတယ်။ ဒီလိုဈေးကွက်များကနေ ပြည်ပသို့ထုတ်ဝေရောင်းချထားတဲ့အစိုးရက ထုတ်ဝေသည့် စာချုပ်များအား ဝယ်ယူထားသူက ပြန်လည်ရွေးနုတ်သည့်အခါ ပြန်လည် ထုတ်ပေးကြရမှာဖြစ်တဲ့အတွက် ပြည်ပကြွေးမြီစာရင်းအဖြစ် ပေါ်ပေါက်နေမှာဖြစ်ပါတယ်။ သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် တင်ရှိနေသော ပြည်ပကြွေးမြီစာရင်းများကို တွေ့ရှိကြရပါတယ်။

အာဆီယံနိုင်ငံများရဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင်ရှိသော ပြည်ပကြွေးမြီအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

**(အမေရိကန်ဒေါ်လာဘီလီယံ)**

| စဉ် | နိုင်ငံ | ကြွေးမြီပမာဏ |
|---|---|---|
| ၁ | စင်ကာပူ | ၁၃၃၀. ၀၀၀ |
| ၂ | အင်ဒိုနီးရှား | ၂၇၇. ၀၀၀ |
| ၃ | မလေးရှား | ၂၀၇. ၃၀၀ |
| ၄ | ထိုင်း | ၁၄၀. ၇၀၀ |
| ၅ | ဖိလစ်ပိုင် | ၇၇. ၆၇၀ |
| ၆ | ဗီယက်နမ် | ၆၉. ၇၆၀ |
| ၇ | လာအို | ၉. ၅၅၂ |
| ၈ | ကမ္ဘောဒီးယား | ၇. ၂၂၂ |
| ၉ | ဘရူနိုင်း | ၃. ၆၄၈ |

ဇာစ်မြစ်၊ Central Intelligence Agency, The World Factbook https://www.cia.gov

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံစာရင်းဝင် နိုင်ငံအချို့နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအချို့ရဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်ရှိ ပြည်ပကြွေးမြီအခြေအနေကိုလည်း အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

**(အမေရိကန်ဒေါ်လာဘီလီယံ)**

| စဉ် | နိုင်ငံ | ကြွေးမြီပမာဏ |
|---|---|---|
| ၁ | ပါကစ္စတန် | ၅၈. ၁၇၀ |
| ၂ | သီရိလင်္ကာ | ၂၅. ၃၉၀ |
| ၃ | ဘင်္ဂလားဒေ့ရှ် | ၂၄. ၄၇၀ |
| ၄ | လာအို | ၉. ၅၅၂ |
| ၅ | ကမ္ဘောဒီးယား | ၇. ၂၂၂ |
| ၆ | နီပေါ | ၃. ၇၂၇ |

ဇာစ်မြစ်၊ https://www.cia.gov

မြန်မာနိုင်ငံရဲ့ ၂၀၁၅ ခုနှစ် ဇွန်လ ၃၀ ရက်ရှိ ပြည်ပကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

**(အမေရိကန်ဒေါ်လာဘီလီယံ)**

| စဉ် | ချေးငွေ | ပမာဏ |
|---|---|---|
| ၁ | ၁၉၈၈ ခုနှစ်မတိုင်မီရယူခဲ့သည့်ချေးငွေ | ၄. ၂၆၆ |
| ၂ | ၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ အထိ စာချုပ်ချုပ်ဆိုခဲ့သည့်ချေးငွေ | ၃. ၃၃၁ |
| ၃ | ၂၀၁၁-၂၀၁၂ နောက်ပိုင်းစာချုပ်ချုပ်ဆိုခဲ့သည့် ချေးငွေ | ၁. ၅၀၂ |
| | **စုစုပေါင်း** | **၉.၀၉၉** |



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်

**မှတ်ချက်။** ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့်စီမံကိန်းလုပ်ငန်း၏အကောင်အထည်ဖော်မှုအလိုက် ချေးငွေများထုတ်ယူသုံးစွဲခြင်း၊ အရင်းပြန်လည်ပေးဆပ်ခြင်းနှင့် ငွေလဲလှယ်နှုန်းပြောင်းလဲခြင်းတို့ကြောင့် ပြည်ပကြွေးမြီစာရင်းပမာဏ ပြောင်းလဲမှုရှိပါသည်။

သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် ဇွန်လ ၃၀ ရက်ရှိ မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၉၉ ဘီလီယံခန့် ရှိနေပါတယ်။ နိုင်ငံတော်အနေနဲ့ ဘက်စုံကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရရဲ့ ရငွေဝင်ငွေသက်သက်ဖြင့် ဆောင်ရွက်ရန်လုံလောက်မှုမရှိခြင်းကြောင့် ပြည်ပချေးငွေထောက်ပံ့ငွေများကို စိစစ်သုံးသပ်ရယူကာ ဆောင်ရွက်ကြရပါတယ်။ သို့ဖြစ်ရာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုမျိုးမဟုတ်သော်လည်း လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်၊ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်တို့ကို ဖြည့်ဆည်းနိုင်ရေးအတွက် လုပ်ငန်းစီမံကိန်းများ၊ ဥပမာ-ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေး၊ လျှပ်စစ် စသည်တို့အတွက် အတိုးနှုန်းသက်သာသော ချေးငွေ၊ ထောက်ပံ့ငွေများ ရယူဆောင်ရွက်ပါတယ်။ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမယ့် စီမံကိန်းများ၊ ဥပမာ- စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေး စသည်တို့အတွက် လုပ်ငန်းပြန်ရချက်၊ အရင်းကျေကာလ စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး အတိုးနှုန်းသက်သာတဲ့ချေးငွေများကို ဦးစားပေးရယူခြင်း၊ ၎င်းချေးငွေများမရနိုင်တဲ့အခါ ပြန်ရချက်ကောင်းမွန်မှုနှင့် စီးပွားရေးတွက်ခြေကိုက်မှုအနေအထားများကို စဉ်းစားသုံးသပ်ပြီး အတိုးနှုန်းသင့်တင့်မျှသော ချေးငွေများရယူရန် ဆောင်ရွက်ကြရပါတယ်။ ၂၀၁၁ ခုနှစ်မှ စတင်တာဝန်ယူဆောင်ရွက်တဲ့ ယခုအစိုးရလက်ထက်မှာ ယခင်ခေတ်အဆက်ဆက်တင်ရှိနေသော နိုင်ငံတော်၏ပြည်ပကြွေးမြီများ ရှင်းလင်းပေးဆပ်ခြင်းလုပ်ငန်းစဉ်ကို စနစ်တကျဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေက မြန်မာနိုင်ငံကို ပြန်လည်အသိအမှတ်ပြုခြင်းနဲ့ ချေးငွေနှင့် အထောက်အပံ့ပေးခြင်းများ ပြန်လည်ဆောင်ရွက်လာကြပါတယ်။

၂၀၁၁ ခုနှစ် နောက်ပိုင်းမှာယူခဲ့တဲ့ ပြည်ပချေးငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားဆက်စပ်တဲ့ဥပဒေများနဲ့အညီ ပြည်ထောင်စုလွှတ်တော်ရဲ့အတည်ပြုချက် ရယူကြရပါတယ်။ ချေးငွေရယူမယ့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ချေးငွေရယူနိုင်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ခြင်း၊ ပြည်ထောင်စုလွှတ်တော်တွင် စိစစ်အတည်ပြုချက် ရယူခြင်းစတဲ့လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြရပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်ရရှိပြီးတဲ့နောက် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ချေးငွေရယူမယ့်သူနဲ့ ချေးငွေပေးမယ့်သူအကြား ချေးငွေဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ အပြန်အလှန်ညှိနှိုင်း ဆွေးနွေးပြီးမှသာလျှင် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုကြရပါတယ်။ ရယူတဲ့ချေးငွေပမာဏအားလုံးကို တစ်ကြိမ်တည်း ထုတ်ယူသုံးစွဲခြင်းမဟုတ်ဘဲ စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ လုပ်ငန်းအကောင်အထည်ဖော်မှုအပေါ် မူတည်၍ ချေးငွေထုတ်ယူသုံးစွဲကြတာဖြစ်ပါတယ်။

ချေးငွေရယူမှုအတွက် ချေးငွေအမျိုးအစား၊ အတိုးနှုန်း၊ ချေးငွေသက်တမ်း စတဲ့ အကြောင်းအချက်များကို ထည့်သွင်းတွက်ချက်ရသကဲ့သို့ ယင်းချေးငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့်အခြေအနေကိုလည်း စဉ်းစားသုံးသပ်ကြရပါတယ်။ ထို့အတူ ချေးငွေအတွက် ပေးဆပ်ရမယ့် အတိုးနဲ့ သက်တမ်းအလိုက် ပြန်လည်ပေးချေရမယ့် အရင်းပမာဏကိုလည်း သေချာစွာတွက်ချက်ကြရပါတယ်။ ထို့အတူ နိုင်ငံရဲ့ ကြွေးမြီချေးယူမှုခံနိုင်ရည်ဆန်းစစ်ခြင်းကိုလည်း ဆောင်ရွက်ကြရန် လိုအပ်ပါတယ်။

### ကြွေးမြီစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်တင်ပြလိုပါတယ်။

နိုင်ငံတော်ရဲ့ ပြည်တွင်း၊ ပြည်ပကြွေးမြီစီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှာ ငွေတိုက်ဦးစီးဌာနကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ငွေတိုက်ဦးစီးဌာနအောက်မှာ ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲအား ဖွဲ့စည်းထားရှိပြီး နိုင်ငံတကာအဆင့်မီ ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အကူအညီနဲ့ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကြွေးမြီမှတ်တမ်းတင်မှုနဲ့ စီမံခန့်ခွဲမှုစနစ်တိုးတက်ဖွံ့ဖြိုးရန်၊ ပြည်သူ့ကြွေးမြီဆိုင်ရာဥပဒေနှင့် ဖွဲ့စည်းမှုမူဘောင်သတ်မှတ်ပြဋ္ဌာန်းရန်၊ ကြွေးမြီစီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ရန်နဲ့ ဝန်ထမ်းများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်တို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များရဲ့ အကူအညီရယူ၍လည်းကောင်း၊ ပြည်တွင်းပြည်ပသင်တန်းများနဲ့ အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်စေခြင်းဖြင့်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ(မူကြမ်း)ကို ရေးဆွဲပြုစုပြီး ပြည်ထောင်စုလွှတ်တော်ရဲ့အတည်ပြုချက်ရယူရန် တင်ပြထားပြီးဖြစ်ပါတယ်။ ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ(Medium Term Debt Management Strategy) ချမှတ်ခြင်း၊ ငွေချေးယူမှုအစီအစဉ် (Borrowing Plan) ရေးဆွဲခြင်းတို့ကိုလည်း အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်ပညာရှင်အကူအညီနဲ့ စတင်ဆောင်ရွက်နေပြီး မြန်မာနိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှုလေ့လာသုံးသပ်ချက် (Debt Sustainability Analysis) ကိုလည်း ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တို့ရဲ့ အကူအညီနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ပြည်ပချေးငွေစာချုပ်များအား ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံတော်ကိုယ်စား လက်မှတ်ရေးထိုးခြင်းနဲ့ နိုင်ငံတော်အာမခံချက် ထုတ်ပေးခြင်းတို့ဆောင်ရွက်ရသည်ဖြစ်ရာ ယခုအခါ ၂၀၁၁-၂၀၁၂ ခု နောက်ပိုင်း ချုပ်ဆိုခဲ့သည့် ပြည်ပချေးငွေစာချုပ်များအတွက် ချေးငွေရယူသုံးစွဲသည့် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတို့အကြား ထပ်ဆင့်သဘောတူစာချုပ်များချုပ်ဆိုခြင်း၊ ဝန်ကြီးဌာနများအလိုက် ခေတ်အဆက်ဆက်ရယူထားသော ပြည်ပချေးငွေစာရင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများက အတည်ပြုလက်မှတ်ရေးထိုးခြင်းများကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးတိုင်း ဝန်ကြီးဌာနအလိုက် ပြည်ပချေးငွေအခြေအနေများအား သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ တိုက်ဆိုင်စစ်ဆေး အတည်ပြုခြင်းကိုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရယူထားတဲ့ ပြည်ပချေးငွေအခြေအနေမှတ်တမ်းတင်ထားရှိမှုနဲ့ ချေးငွေစာချုပ်ပါ စည်းကမ်းများအားလိုက်နာဆောင်ရွက်မှုအားကောင်းလာစေဖို့ ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။

အချုပ်အားဖြင့် တင်ပြရပါလျှင် ကမ္ဘာ့နိုင်ငံတိုင်းဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပြည်ပချေးငွေရယူခြင်း၊ ပြည်ပကြွေးမြီအဖြစ် ပေါ်ပေါက်တဲ့ ပြည်ပသို့အစိုးရစာချုပ်များ ထုတ်ဝေရောင်းချခြင်းလုပ်ငန်းများ လုပ်ဆောင်ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပချေးငွေများ စိစစ်ရယူခြင်း၊ ကြွေးမြီစီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိပါတယ်။ ရယူထားတဲ့ ပြည်ပချေးငွေအများစုဟာ တစ်လုံးတစ်ခဲတည်း အားလုံးရရှိခြင်းမဟုတ်ဘဲ စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ လုပ်ငန်းအကောင်အထည်ဖော်မှုအပေါ် မူတည်ပြီး ချေးငွေထုတ်ယူရရှိသုံးစွဲနေခြင်း ဖြစ်ပါတယ်။ ယခုလက်ရှိအနေအထားမှာ IMF, World Bank တို့၏ မြန်မာနိုင်ငံရဲ့ ကြွေးမြီခံနိုင်ရည် ဆန်းစစ်ချက်အရ သင့်တင့်တဲ့ကြွေးမြီရယူထားတဲ့အခြေအနေမှာရှိကြောင်း တွေ့ရှိရပါတယ်။ အဓိကအကျဆုံး အရေးကြီးဆုံးအချက်မှာ ပြည်ပချေးငွေရယူဆောင်ရွက်တဲ့လုပ်ငန်းစီမံကိန်းများကို ရည်မှန်းချက်အတိုင်း အပြည့်အဝအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးပဲ ဖြစ်ပါတယ်။ သို့ဖြစ်ရာ စနစ်တကျ စိစစ်ကြပ်မတ်စစ်ဆေးမှုများ လုပ်ဆောင်သွားကြရန် လိုအပ်ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က ရယူထားတဲ့ ပြည်ပကြွေးမြီများကို စနစ်တကျမှတ်တမ်းတင်ခြင်း၊ ကြွေးမြီဆိုင်ရာလေ့လာဆန်းစစ်ခြင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းခြင်းနဲ့ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ **ကျေးဇူးတင်ပါတယ်**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ငါးဖမ်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များ သတ်မှတ်စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားမဝင်ငါးဖမ်းဆီးမှုများအပေါ် တည်ဆဲမြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေဖြင့်သာ အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃၀

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီကကျင်းပရာ မေးခွန်းသုံးခုမေးမြန်းခြင်း၊ အစီရင်ခံစာနှစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းလေးခု လက်ခံရရှိကြောင်းကြေညာခြင်း၊ ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခုအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။**

အစည်းအဝေးတွင် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီက **အတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသည့် မြန်မာ့ပင်လယ် ငါးဖမ်းလုပ်ငန်း ဥပဒေ(မူကြမ်း)ပေါ်တွင် မည်သည့် ဥပဒေ၊ နည်းဥပဒေများကိုအခြေခံ၍ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မည်သို့ လုပ်ကိုင်ခွင့်ပြုနေသည်ကို သိလိုခြင်း** အား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက မြန်မာ့ပင်လယ်ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေစည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိကို စစ်ဆေးကြပ်မတ်နိုင်ရေးအတွက် တပ်မတော်မှ စစ်ဆေးရေးမှူး တာဝန်ပေးအပ်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်တာဝန်ပေးအပ်ထားပြီး ပင်လယ်ပြင်အတွင်း တရားမဝင်ငါးဖမ်းဆီးမှု



ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဖြေကြားစဉ်။

များနှင့် ပင်လယ်ဖြတ်ကျော်ရာဇဝတ်မှု (မူးယစ်ဆေးဝါး)များကို စစ်ဆေးကာကွယ်တားဆီးနိုင်ရန် ရေကြောင်းရဲတပ်ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းရန် ဆောင်ရွက်လျက်ရှိပြီး ဥပဒေမူကြမ်းအား ရေးဆွဲပြီးဖြစ်ပါကြောင်း၊ အဆိုပါမူကြမ်းအား လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီနှင့် ပြည်သူ့လွှတ်တော်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိမြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များ သတ်မှတ်စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားမဝင်ငါးဖမ်းဆီးမှုများအပေါ် တည်ဆဲမြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေဖြင့်သာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံသား ရေလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်ပညာရှင် ရေလုပ်သားများ ငှားရမ်းလုပ်ကိုင်ခွင့်ပြုပါရန် တင်ပြလာပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ သဘောထားတောင်းခံခြင်းအပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ရယူပြီး ငါးဖမ်းရာသီ



ကျွန်းစု မဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းစဉ်။

တစ်ရာသီသာ စမ်းသပ်ခန့်ထားခွင့်ပြုခြင်းဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်က **ဘီးလင်းမြို့နယ်အတွင်းရှိ မုသင်ကျေးရွာ၊ လိပ်ခုံးကျေးရွာ၊ ညောင်ပလ္လင်ကျေးရွာအုပ်စုများရှိ စိုက်ပျိုးမြေများအား ရေဝန်ရောက်မှုမှ ကာကွယ်နိုင်ရေးအတွက် ကမ်းပတ်တမံများ အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးမြန်းရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဘီးလင်းမြစ်သည် ပင်လယ်နှင့်ဆက်စပ်နေပြီး ဒီရေအတက်၊ အကျရှိ၍ ဘီးလင်းမြစ်ကမ်းပတ်တာအား ဘီးလင်းမြို့နယ် မုသင်ကျေးရွာမှ ရွှေလေ့ကျေးရွာအထိ အလျား ၁၃ ဒသမ ၆ မိုင် တည်ဆောက်ပေးရမည်ဖြစ်ပြီး အဆိုပါကမ်းပတ်တာတစ်လျှောက်ရှိ ရေနုတ်မြောင်းများနှင့် သဘာဝရိုးချောင်းများပေါ်တွင် ရေထိန်းတံခါးများ၊ ရေထုတ်ပေါက်များ ထည့်သွင်းတည်ဆောက်ပေးရမည် ဖြစ်ပါကြောင်း၊ ကမ်းပတ်တာတည်ဆောက်ခြင်းသည် လုပ်ငန်းပမာဏကြီးမားပြီး အသေးစိတ် စူးစမ်းလေ့လာမှုများ အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်၍ လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က အစီရင်ခံစာများ ဖတ်ကြားတင်ပြကြသည်။ ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်း အသိပေးသည်။

ထို့နောက် **ပို့ဆောင်ရေးဝန်ကြီးဌာနက ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကိုတင်သွင်းပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနကတင်သွင်းသည့် **တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်း(၁၂)ခု အစီရင်ခံဖတ်ကြားခြင်း၊ အဆုံးအဖြတ်ရယူခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီကကျင်းပရာ ဥပဒေကြမ်း (၁၂)ခု အစီရင်ခံဖတ်ကြားခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတစ်ခုတင်သွင်းခြင်းတို့ ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသည့် **မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း**



လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ညဏစိုး။

**ဥပဒေကြမ်း၊ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း၊ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာများဖတ်ကြားတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **အစိုးရအောင်ဘာလေထီဥပဒေကြမ်းနှင့် ရေနံလက်ယက်တွင်း**



လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်။

**ဆိုင်ရာဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအရ အမျိုးသားလွှတ်တော်က လတ်တလောအတည်ပြုရန် မသင့်သည့်အတွက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံတင်ပြသည့် **အကျဉ်းထောင်များဥပဒေကြမ်း၊ လက်နက်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအရ အမျိုးသားလွှတ်တော်က ခေတ်စနစ်နှင့်ကိုက်ညီသည့် ဥပဒေများအဖြစ် ပြန်လည်ရေးဆွဲရန် လိုအပ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

ထို့နောက် ကချင်ပြည်နယ် ဖားကန့်ဒေသတွင် မြေစာတောင်ပြိုကျပြီး လူများရာနှင့်ချီ၍ သေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်စီမံ ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း ဦးခက်ထိန်နန်က အဆိုတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဒီဇင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၃/၂၀၁၅)ကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော် ရုံးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၁ ဦး တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြထားသော မေးခွန်း ၁၀ ခုကို မေးမြန်းရာ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ရသုံးမှန်းခြေငွေစာရင်း(လျာထားချက်)ကို တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးကလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်ကလည်းကောင်း လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အဆိုနှစ်ရပ်အား လွှတ်တော်သို့တင်သွင်းခြင်း၊ ထောက်ခံခြင်းများဆောင်ရွက်ကြပြီး လွှတ်တော်တွင် ဆွေးနွေးရန် သဘောဆန္ဒရယူပြီး လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။ **(သတင်းစဉ်)**



# နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးသားမှုနှင့်ယုံကြည်မှုကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ယူနန်စစ်ဒေသမှူး Major General Yang Guangyue အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြပြီး ယူနန်စစ်ဒေသမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Wang Jinbo ၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲအခြေအနေများ၊ ရွေးကောက်ပွဲလွန်ကာလ နိုင်ငံတကာဆက်ဆံရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေးအခြေအနေများ၊ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ဆက်လက်လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးသားမှုနှင့် ယုံကြည်မှုကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်ကူးသန်းရောင်းဝယ်မှုကိစ္စရပ်များတွင် အပြန်အလှန်သတင်းဖလှယ်ရေး၊ ပူးပေါင်းတားဆီးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(မြဝတီ)**



❒ ***ရှေ့ဖုံးမှ***

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီထားသည့် **အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် လမ်းမကြီးများ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် **ပေကျင်းကနဦးစာတမ်းကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်** ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပေကျင်းကနဦးစာတမ်းကို မြန်မာနိုင်ငံအနေဖြင့် ပါဝင် လက်မှတ်ရေးထိုးခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်- တရုတ်- အိန္ဒိယ- မြန်မာ လေးနိုင်ငံအကြား ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနှင့် စွမ်းအင်အသုံးချရေးတို့တွင် ဒေသတွင်း အစိုးရများအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းစာတမ်းတွင် စည်းနှောင်မှုရှိသောအချက်များ ပါဝင်ခြင်းမရှိဘဲ ဆွေးနွေးပွဲ၏ရလဒ်အနေဖြင့် ဆွေးနွေးမှုများကို မှတ်တမ်းတင်၍ ရှေ့ဆက်ဆောင်ရွက်ရန်လုပ်ငန်းများကို ဖော်ပြခြင်းသာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းတင်ပြစဉ်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှု အစီရင်ခံစာအပေါ် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍** လွှတ်တော် ကိုယ်စားလှယ်များ၏ နိုဝင်ဘာ ၂၄ ရက်က ဆွေးနွေးချက်များအပေါ် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်တွင်းအခွန်များဦးစီးဌာန၏ ခြောက်လပတ် အခွန်ကောက်ခံရရှိမှု နှိုင်းယှဉ်ချက်နှင့် ပြည်ပကြွေးမြီကိစ္စရပ်များကို ပြန်လည်ရှင်းလင်းတင်ပြသည်။ **(ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၏ ရှင်းလင်းတင်ပြချက်များမှ ပြည်ပကြွေးမြီကိစ္စရပ်များကို စာမျက်နှာ (၆) တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် **၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှု အစီရင်ခံစာ** ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် **မြန်မာ-အစ္စရေး ကာကွယ်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာနှင့် မြန်မာ-အစ္စရေး လုံခြုံမှု အဆင့်အတန်းရှိသော သတင်းအချက်အလက် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်** တို့တွင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ဆက်လက်၍ **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် ရငွေသုံးငွေများနှင့် စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးတို့က ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များသည် ရငွေ၊ သုံးငွေအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးခြင်းမရှိသည့်အတွက် ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောနှင့် သက်ဆိုင်သည့် အကြောင်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးခြင်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် စတင်ဆောင်ရွက်ရန် လျာထားကြောင်း အသိပေးကြေညာသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆေးရုံတက်လူနာများအတွက် အာဟာရဒါနကုသိုလ်ပြု

**သရက် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးကုသမှုခံယူနေသည့် လူနာများအတွက် “ပရဟိတ” အာဟာရဒါန အကျိုးဆောင်များက ကြက်သားဆန်ပြုတ်၊ နို့ဆန်ပြုတ်၊ ထမင်းနှင့်ဟင်းလျာများကို လှူဒါန်းသည့် အလှူရှင်၊ စေတနာရှင်နှင့် ဆက်သွယ်၍ အာဟာရကုသိုလ်ပြုလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၃၀ ရက် နံနက်က ဆေးရုံတက်လူနာ ၇၅ ဦးအတွက် ကြက်သားဆန်ပြုတ် အလှူရှင်အဖြစ် ဆရာအောင်ကျော်သူ ညီအစ်ကိုမောင်နှမမိသားစုများက ဖခင်ကြီးဦးလှရွှေ၊ မိခင်ကြီး ဒေါ်တင်ရွှေတို့ကို အမျှုထားရည်စူးပြီး လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းကုသိုလ်ပြုလိုပါက “ပရဟိတ” အာဟာရဒါန အကျိုးဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**





# ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားပြီးမိခင်များအား အာဟာရဖြစ်စေမည့်အစားအစာများ ထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၏ ဇနီး ဒေါ်ဝင်းဝင်းမော် ဦးဆောင်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မေတ္တာစမ်းရေဆေးခန်း၌ ပြသသော ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားပြီးမိခင် ၁၀၀ အား အာဟာရဖြစ်စေမည့် အစားအစာများ ထောက်ပံ့ပေးခြင်းကို နိုဝင်ဘာ ၃၀ ရက်က ပြုလုပ်ရာ မေတ္တာစမ်းရေဆေးခန်းမှ ဆေးရုံအုပ်ကြီးဒေါ်စမ်းစမ်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါ ထောက်ပံ့ခြင်းအခမ်းအနားတွင် ကိုယ်ဝန်ဆောင်မိခင်နှင့်မွေးဖွားပြီး မိခင်တစ်ဦးလျှင် ငွေကျပ် ၄၁၃၅ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၁၃၅၀၀ တန်ဖိုးရှိ အာဟာရဖြစ်စေမည့် အစားအစာများနှင့် ပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၃၀** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၄ ဒီဂရီစင်တီ ဂရိတ်၊ ပင်လောင်းမြို့၌ ၆ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၌ ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၂၃ လက်မ ဖြစ်သည်။ **(မိုး/ဇလ)**

# လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၉၆/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

## လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့်ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုတစ်ဝန်းလုံး၌တစ်ပြိုင်တည်း ကျင်းပခဲ့ပါသည်။ ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၂၃ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် (တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ ခုအပါအဝင်) ၆၅၉ နယ်တို့တွင် လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီးအတွက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်များကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးမှုအခြေအနေကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၆ အရ ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှ ၄၅ ရက်အတွင်း အစီရင်ခံစာထုတ်ပြန်ကြေညာရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့်ရာခိုင်နှုန်းများကို အများပြည်သူသိရှိနိုင်ရန် အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

**(က) ရွေးကောက်ပွဲကျင်းပမှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်
- (ကက) ရွေးကောက်ပွဲကျင်းပရန်သတ်မှတ်ထားသည့်မဲဆန္ဒနယ် — ၃၃၀ နယ်
- ( ခခ ) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် — ၃၂၃ နယ်
- ( ဂဂ ) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း — ၉၇. ၈၈ %

(၂) အမျိုးသားလွှတ်တော်
- (ကက) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ် — ၁၆၈ နယ်
- ( ခခ ) ရွေးကောက်ပွဲကျင်းပခဲ့သည့်မဲဆန္ဒနယ် — ၁၆၈ နယ်
- ( ဂဂ ) ရွေးကောက်ပွဲကျင်းပနိုင်သည့်ရာခိုင်နှုန်း — ၁၀၀ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)
- (ကက) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ် — ၆၇၃ နယ်
- ( ခခ ) ရွေးကောက်ပွဲကျင်းပခဲ့သည့်မဲဆန္ဒနယ် — ၆၅၉ နယ်
- ( ဂဂ ) ရွေးကောက်ပွဲကျင်းပနိုင်သည့်ရာခိုင်နှုန်း — ၉၇. ၉၂ %

**(ခ) ဆန္ဒမဲပေးမှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်
- (ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ — ၃၄၂၉၅၃၃၄ ဦး
- ( ခခ ) ဆန္ဒမဲပေးသူဦးရေ — ၂၃၉၁၁၇၈၄ ဦး
- ( ဂဂ ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း — ၆၉. ၇၂ %

(၂) အမျိုးသားလွှတ်တော်
- (ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ — ၃၄၂၉၅၃၃၄ ဦး
- ( ခခ ) ဆန္ဒမဲပေးသူဦးရေ — ၂၃၉၄၆၇၀၉ ဦး
- ( ဂဂ ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း — ၆၉. ၈၂ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)
- (ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ — ၃၈၀၁၅၈၈၀ ဦး
- ( ခခ ) ဆန္ဒမဲပေးသူဦးရေ — ၂၆၃၆၈၄၆၇ ဦး
- ( ဂဂ ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း — ၆၉. ၃၆ %

**(ဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်
- (ကက) ဆန္ဒမဲပေးသူဦးရေ — ၂၃၉၁၁၇၈၄ ဦး
- ( ခခ ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် — ၂၂၄၁၆၃၁၀ မဲ
- ( ဂဂ ) ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း — ၉၃. ၇၅ %

(၂) အမျိုးသားလွှတ်တော်
- (ကက) ဆန္ဒမဲပေးသူဦးရေ — ၂၃၉၄၆၇၀၉ ဦး
- ( ခခ ) ရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက် — ၂၂၇၁၄၆၃၇ မဲ
- ( ဂဂ ) ခိုင်လုံသော ဆန္ဒမဲရရှိမှုရာခိုင်နှုန်း — ၉၄. ၈၅ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)
- (ကက) ဆန္ဒမဲပေးသူဦးရေ — ၃၈၀၁၅၈၈၀ ဦး
- ( ခခ ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် — ၂၅၁၀၃၂၅၂ မဲ
- ( ဂဂ ) ခိုင်လုံသော ဆန္ဒမဲရရှိမှု ရာခိုင်နှုန်း — ၆၆. ၀၃ %

**(ဃ) ပယ်မဲ၊ ပျောက်မဲအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်
- (ကက) ဆန္ဒမဲပေးသူဦးရေ — ၂၃၉၁၁၇၈၄ ဦး
- ( ခခ ) ရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက် — ၂၂၄၁၆၃၁၀ မဲ
- ( ဂဂ ) ပယ်မဲ၊ ပျောက်မဲအရေအတွက် — ၁၄၉၅၄၇၄ မဲ
- (ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း — ၆. ၂၅ %

(၂) အမျိုးသားလွှတ်တော်
- (ကက) ဆန္ဒမဲပေးသူဦးရေ — ၂၃၉၄၆၇၀၉ ဦး
- ( ခခ ) ရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက် — ၂၂၇၁၄၆၃၇ မဲ
- ( ဂဂ ) ပယ်မဲ၊ ပျောက်မဲအရေအတွက် — ၁၂၃၂၀၇၂ မဲ
- (ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း — ၅. ၁၅ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)
- (ကက) ဆန္ဒမဲပေးသူဦးရေ — ၃၈၀၁၅၈၈၀ ဦး
- ( ခခ ) ရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက် — ၂၅၁၀၃၂၅၂ မဲ
- ( ဂဂ ) ပယ်မဲ၊ ပျောက်မဲအရေအတွက် — ၁၂၆၅၂၁၅ မဲ
- (ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း — ၃. ၃၃ %

**(င) လွှတ်တော်ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်မှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်
- (ကက) ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၁၇၃၃ ဦး
- ( ခခ ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၁၆၄၃ ဦး
- ( ဂဂ ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၉၀ ဦး
- (ဃဃ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း — ၉၄. ၈၁ %
- ( ငင ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း — ၅. ၁၉ %

(၂) အမျိုးသားလွှတ်တော်
- (ကက) ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၈၈၆ ဦး
- ( ခခ ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၈၄၄ ဦး
- ( ဂဂ ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၄၂ ဦး
- (ဃဃ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း — ၉၅. ၂၆ %
- ( ငင ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း — ၄. ၇၄ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)
- (ကက) ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၃၄၁၉ ဦး
- ( ခခ ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၃၂၄၁ ဦး
- ( ဂဂ ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ — ၁၇၈ ဦး
- (ဃဃ) နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း — ၉၄. ၇၉ %
- ( ငင ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း — ၅. ၂၀ %

**(စ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်
- (ကက) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၁၆၄၃ ဦး
- ( ခခ ) ရွေးကောက်တင်မြှောက်ခံရသောနိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့်လွှတ်တော် ကိုယ်စားလှယ်များဦးရေ — ၃၂၂ ဦး
- ( ဂဂ ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း — ၁၉. ၆၀ %

(၂) အမျိုးသားလွှတ်တော်
- (ကက) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၈၄၄ ဦး
- ( ခခ ) ရွေးကောက်တင်မြှောက်ခံရသောနိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်များဦးရေ — ၁၆၆ ဦး
- ( ဂဂ ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း — ၁၉. ၆၇ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)
- (ကက) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၃၂၄၁ ဦး
- ( ခခ ) ရွေးကောက်တင်မြှောက်ခံရသောနိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်သည့်လွှတ်တော် ကိုယ်စားလှယ်များဦးရေ — ၆၅၇ ဦး
- ( ဂဂ ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း — ၂၀. ၂၇ %

**(ဆ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်
- (ကက) ပါဝင်ယှဉ်ပြိုင်သည့်တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၉၀ ဦး
- ( ခခ ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ — ၁ ဦး
- ( ဂဂ ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း — ၁. ၁၁ %

(၂) အမျိုးသားလွှတ်တော်
- (ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဦးရေ — ၄၂ ဦး
- ( ခခ ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ — ၂ ဦး
- ( ဂဂ ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း — ၄. ၇၆ %

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)
- (ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးရေ — ၁၇၈ ဦး
- ( ခခ ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ — ၂ ဦး
- ( ဂဂ ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း — ၁. ၁၂ %

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာသမိုင်းသုတေသန စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ကြီးမှူးကျင်းပသော မြန်မာသမိုင်းသုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) Orientation Hall ခန်းမ၌ ကျင်းပသည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဆွေ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာနန္ဒာမွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သမိုင်းသုတေသနနှင့်ပတ်သက်၍ တာဝန်ခံ၊ တာဝန်သိ၊ တာဝန်ယူရမည့်သူများသည် မြန်မာသမိုင်းအဖွဲ့နှင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနပင်ဖြစ်သည့်အတွက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာသမိုင်းအဖွဲ့ကို အထောက်အကူပြုပေးရန်လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးစီမံခန့်ခွဲရေးသာမက သမိုင်းကွင်းဆက်ဖြည့်ဆည်းရန်လည်း လိုအပ်ကြောင်း၊ မြန်မာသမိုင်းအဖွဲ့ဝင်များသည် အသက်အရွယ်ကြီးရင့်နေကြပြီး နောင်တစ်ချိန် ၎င်းတို့၏နေရာဆက်ခံရန်အတွက် ဤဦးစီးဌာနမှ သုတေသနဝန်ထမ်းများသည် သမိုင်းကွင်းဆက်များ ဖြည့်ဆည်းသွားရန် ကြိုးစားသင့်ကြောင်း၊ ဦးစီးဌာန၏ မူလကျောရိုးမပျောက်ပျက်ရန် တာဝန်ယူရမည်ဖြစ်ကြောင်း။

ထို့နောက် သုတေသနလုပ်ငန်းနှင့်ပတ်သက်၍ သုတေသနဟူသည် အရေးကြီးပြီး သမိုင်းပြုစု ရေးသားရာတွင် ရည်ရွယ်ချက်ရှိရန်လိုအပ်ကြောင်းနှင့် မှန်ကန်သော အချက်အလက်အထောက်အထားများအား ကိုးကား၍ ပြည်ထောင်စုစိတ်ဓာတ်အခြေခံပြီး ဒွိတာဝန်အရေးသုံးပါးကို ထိခိုက်မှုမရှိစေသော သုတေသနစာတမ်းများဖြစ်ရန် အရေးကြီးကြောင်း၊ စာအုပ်စာတမ်းများမှ အချက်အလက်အထောက်အထားများကို အသုံးပြုရုံသာမက လက်တွေ့ကွင်းဆင်းသုတေသနနှင့် ပေါင်းစပ်ရန် လိုအပ်ကြောင်း၊ သို့မှသာ မှန်ကန်သောသမိုင်း ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ သမိုင်းရေးရာတွင် နိုင်ငံ၏ သမိုင်း၊ ဘုရင်၏ သမိုင်း၊ ခေတ်၏ သမိုင်းဟူ၍ ရှိရာတွင် မည်သည့်သမိုင်းကို ရေးသားမည်ကို စဉ်းစားသင့်ကြောင်းနှင့် သမိုင်းပြုစုရာတွင် လိုက်နာကျင့်သုံးရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲ ကျင်းပရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြမြသောင်းက "မွန်မင်းဆက် ပြန်လည်ပေါ်ထွန်းလာခြင်းနှင့် အင်းဝနေပြည်တော်ကို တိုက်ခိုက်သိမ်းပိုက်ခြင်း" စာတမ်းကိုဖတ်ကြားတင်သွင်းရာ တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြသည့်အပေါ် စာတမ်းရှင်က ရှင်းလင်းပြောကြားကာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဆွေက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားသည်။

**(သတင်းစဉ်)**

# တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံလွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ် စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ၅၃ ဦး စစ်ဆေးတွေ့ရှိ ခဲ့ပြီး စိစစ်ဖော်ထုတ်ရရှိသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ၎င်းတို့၏ မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNICEF၊ UNHCR၊ ILO၊ Save the Children၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိသူများ၊ ပြန်လည်နုတ်ထွက်ခွင့်ရ ကလေးသူငယ် ၅၃ ဦးနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တောက်ထွန်း၊ CTFMR တွဲဖက်ဥက္ကဋ္ဌနှင့် ယူနီဆက်ဖ်-မြန်မာဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel တို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် ၁၀ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ပြီး ကလေးများအား မိဘ (သို့မဟုတ်) အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားပြီးနောက် ကလေးများနှင့် မိဘများကိုမြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်က ပို့ဆောင်ပေးခဲ့ပြီး ယင်းစခန်းတွင် မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန်လိုအပ်မှုရှိ/မရှိ စစ်ဆေး၍ လိုအပ်ပါက ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒရှိက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသောအလုပ်အကိုင်ရရှိနိုင်ရန် လိုအပ်သည့်ကျွမ်းကျင်မှုများ သင်ယူရန်ဖြစ်နိုင်ခြေများဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများကို ဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ထိုသို့တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူကလေးသူငယ်များအား မိဘများထံလွှဲပြောင်းပေးအပ်ခြင်းကို ရန်ကုန်မြို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ၄၂ ဦးကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်အတွင်း ဖေဖော်ဝါရီ ၁၅ ရက်တွင် ၂၄ ဦးကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် ၄၂ ဦးကို တတိယအကြိမ်အဖြစ်လည်းကောင်း၊ ဩဂုတ် ၇ ရက်တွင် ၆၈ ဦးကို စတုတ္ထအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်အတွင်း ဇန်နဝါရီ ၁၈ ရက်တွင် ၉၆ ဦးကို ပဉ္စမအကြိမ်အဖြစ်လည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် ၉၁ ဦးကို ဆဋ္ဌမအကြိမ်အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့ မြဝတီစာပေတိုက်၌ စက်တင်ဘာ ၂၅ ရက်တွင် ၁၀၉ ဦးကို သတ္တမအကြိမ် အဖြစ်လည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် ၈၀ ကို အဋ္ဌမအကြိမ်အဖြစ်လည်းကောင်း၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ၂၀၁၅ ခုနှစ်အတွင်း ဇန်နဝါရီ ၂၃ ရက်တွင် ၄၂ ဦးကို နဝမအကြိမ်အဖြစ်လည်းကောင်း၊ ဇွန် ၄ ရက်တွင် ၅၁ ဦးကို ဒသမအကြိမ်အဖြစ် လည်းကောင်း၊ ယခုအကြိမ်တွင် ၅၃ ဦးကို ၁၁ ကြိမ်မြောက်အဖြစ်လည်းကောင်း စုစုပေါင်း ၆၉၈ ဦးအထိ လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ၁၈ လတာ လုပ်ငန်းစီမံချက်ကို (UNCTFMR) နှင့် လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက် သက်တမ်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ် ခြောက်လ၊ ၂၀၁၄ ခုနှစ် ဇွန် ၂၈ ရက်တွင် ဒုတိယအကြိမ် ခြောက်လသက်တမ်းတိုးမြှင့်လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့်အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝစုဆောင်းခြင်းမပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ဩဂုတ်လအထိ တာဝန်ရှိသူအရာရှိ ၅၆ ဦးနှင့် စစ်သည် ၂၈၃ ဦး စုစုပေါင်း ၃၃၉ ဦးအား စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မိဘများမသိဘဲ နေအိမ်မှထွက်ခွာလာသူ အမျိုးသမီးငယ်သုံးဦး အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရထားရဲတပ်ဖွဲ့ အမှတ်(၃)တပ်ခွဲ ရွာထောင်ရထားရဲစခန်းသို့ နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက်နေ ဒေါ်သီတာမြင့်(၅၀ နှစ်)က ၎င်း၏သမီးဖြစ်သူ မစိုးစန္ဒာ (၁၅ နှစ်)ပါ အမျိုးသမီးငယ်သုံးဦးမှာ မိဘများအား အသိပေးခြင်းမရှိဘဲ နေအိမ်မှ ထွက်ခွာသွားပြီး အမှတ် (၉၃၂)အစုန် မြစ်ကြီးနား-မန္တလေး ကုန်ရထားဖြင့် စီးနင်းလိုက်ပါသွား၍ ကူညီစုံစမ်းပေးရန် ဖုန်းဆက်အကြောင်းကြားလာခဲ့သည်။

ယင်းသို့ အကြောင်းကြားချက်အရ မွန်းလွဲ ၁ နာရီတွင် အဆိုပါရထား ရွာထောင်ဘူတာသို့ ဆိုက်ရောက်စဉ် ရွာထောင်ရထား ရဲစခန်းမှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ရထားပေါ်သို့ တက်ရောက်ရှာဖွေခဲ့ရာ ကုန်တွဲအလွတ်၊ တွဲအမှတ်-GBHAV 4085 ၌ မစိုးစန္ဒာ(၁၅ နှစ်)၊ မစန်းစန်းဝေ(၁၅ နှစ်)နှင့် မသင်းမွန်ဦး (၁၅)နှစ်တို့အား တွေ့ရှိရသဖြင့် ရွာထောင်မီးရထားဓမ္မာရုံ၌ ခေတ္တခေါ်ယူစောင့်ရှောက်ထားပြီး ၎င်းတို့၏ မိဘဆွေမျိုးများထံသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

အဆိုပါအမျိုးသမီးငယ် သုံးဦးသည် အချင်းချင်းတိုင်ပင်ပြီး မသင်းမွန်ဦး၏ အစ်ကိုဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရွှေညောင်ပင်ရပ်ကွက်နေ လှမျိုးဦးထံ ပန်းရန်လုပ်ငန်းလုပ်ကိုင်ရန်အတွက် နေအိမ်မှ မိဘများမသိအောင် ထွက်လာခဲ့ခြင်းဖြစ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မျှ သွေးဆောင်ဖြားယောင်းခေါ်ဆောင်ခြင်းမရှိကြောင်း သိရှိရသဖြင့် ရွာထောင်ရထားရဲစခန်းမှူးက ၎င်းတို့၏ အုပ်ထိန်းသူများထံ အမျိုးသမီးငယ်သုံးဦးအား ယင်းနေ့ ည ၈ နာရီ ၅ မိနစ်က သက်သေများရှေ့တွင် ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ရန်ကုန်စတော့အိတ်ချိန်း ဒီဇင်ဘာ ၉ ရက် ဖွင့်မည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ပဏာမရွေးချယ်ထားသော ငွေချေး သက်သေခံလက်မှတ်များကို တစ်ဆင့်ခံရောင်းချမည့် ကုမ္ပဏီ ၁၀ ခုမှ အမှုဆောင်အရာရှိများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံသားကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ ပူးပေါင်းဖွဲ့စည်းမည့် ဖက်စပ်ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားကုမ္ပဏီဘက်မှထည့်ဝင်မည့် နိုင်ငံခြားငွေပါဝင်လာမည်ဖြစ်ရာ ကုမ္ပဏီ၏ ဘဏ်ငွေစာရင်းဖွင့်လှစ်ရာ၌ ကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ အနည်းဆုံးမတည်ငွေရင်း ကျပ် ၁၅ ဘီလီယံ ပြည့်မီအောင် ထည့်ဝင်ရမည်ဖြစ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ငွေချေးသက်သေခံလက်မှတ်များကို စတင်အရောင်းအဝယ်ပြုလုပ်မည့် တစ်ဆင့်ခံရောင်းချမည့် ကုမ္ပဏီများအနေဖြင့် ထည့်ဝင်ရမည့်မတည်ငွေများကို ဒီဇင်ဘာလမကုန်မီ ထည့်ဝင်ပေးရန် တိုက်တွန်းလိုကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်၍ အစုရှယ်ယာထုတ်ဝေရောင်းချမည့် ကုမ္ပဏီ ငါးခုခန့်ရှိနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကုမ္ပဏီတစ်ခုချင်းမှ တာဝန်ရှိသူများက ၎င်းတို့ ကုမ္ပဏီအသီးသီး၏ အဆောက်အအုံ၊ ဝန်ထမ်း၊ ICT တပ်ဆင်မှု အဆင့်ဆင့်ပြင်ဆင်ထားပုံတို့ကို တင်ပြကြရာ ဒုတိယဝန်ကြီးက ကုမ္ပဏီအားလုံး အဆင်သင့်ဖြစ်စေချင်ကြောင်းနှင့် ငွေချေးသက်သေခံလက်မှတ်များကို တစ်ဆင့်ခံရောင်းချမည့် ကုမ္ပဏီများ အားတက်သရောပါဝင်သည့်အတွက် အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**



နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)ရေးဆွဲရေး တတိယနေ့အစည်းအဝေးကျင်းပနေစဉ်။ (ဓာတ်ပုံ-မင်းထက်)

◆ *ကျောဖုံးမှ*

ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့တယ်။ အဲဒါကတော့ ဆွေးနွေးထားတဲ့ အချက်တွေအားလုံးကို တစ်ဖွဲ့သုံးဦးစီပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့က မနက်ဖြန် ဒီဇင်ဘာ ၁ ရက်မှာ အသေးစိတ်စတင်ရေးဆွဲမှာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)မှ အထူးအကြံပေး ဦးလှမောင်ရွှေက ပြောသည်။

အဆိုပါ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)ကို ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အတွင်း ရေးဆွဲသွားမည်ဖြစ်သည်။ ရေးဆွဲရာတွင်လည်း ပြီးခဲ့သည့် သုံးရက်တာဆွေးနွေးမှုများကို NCA စာချုပ်ပါ မူဘောင်ကို ကျော်လွန်ခြင်းမရှိဘဲ တစ်ဖွဲ့ချင်းစီမှ ကိုယ်စားပြုသုံးဦးစီ ရွေးချယ်ကာ ရေးဆွဲသွားမည်ဖြစ်သည်။ ထို့နောက် ရေးဆွဲပြီးသား နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)ကို ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ယခုရှစ်ဦးစီပါဝင်သည့် ၂၄ ဦးက ပြန်လည်စိစစ်ကာ ပထမကော်မတီအနေဖြင့် အတည်ပြု ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက “အရင်နေ့တွေကပြောခဲ့သလို ကျွန်တော်တို့ မနက်ဖြန် ရေးဆွဲမယ့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မှာ နိဒါန်းအပါအဝင် ၁၀ ခန်းရှိပါတယ်။ အဲဒီ ၁၀ ခန်းထဲမှာလည်း အဓိကအခြေခံပြီးတော့ ရေးဆွဲရမှာက NCA စာချုပ်ကို အခြေခံမှာဖြစ်ပါတယ်။ ဒီနှစ် နိုင်ငံရေးအခင်းအကျင်းနဲ့ အညီ ပြင်လွယ်၊ ပြုလွယ်ဖြစ်အောင် ရေးသားသွားမှာပါ။ အရင်က Dialogue Framework ရေးဆွဲခဲ့တာ တော်တော်များများရှိခဲ့ပါတယ်။ မူကြမ်းတွေလည်း တော်တော်များများရှိတယ်။ ဒါကြောင့် ရေးထားပြီးသားအားလုံးကို ကိုးကားချက်အနေနဲ့သုံးပြီးတော့ အသစ်စက်စက်ပုံစံအနေနဲ့ ရေးမယ်။ အားလုံးကို ကိုးကားပြီးတော့ သင့်လျော်သလို သုံးသွားမှာဖြစ်တယ်။ ဒီအစည်းအဝေးက သတ်မှတ်ထားတဲ့အတိုင်း အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် NCA စာချုပ်မှာပါထားတဲ့အတိုင်း Framework for Political Dialogue ကို ရက်ပေါင်း ၆၀ အတွင်းမှာ အပြီးအစီးလုပ်နိုင်မှာဖြစ်ပါတယ်”ဟု ယနေ့ တတိယနေ့အစည်းအဝေးပြီး မီဒီယာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခုဆွေးနွေးခဲ့သည့် သုံးရက်အတွင်း၌ မူဘောင်တွင်ပါရှိရမည့် အခန်း ၁၀ ခန်းအပြင် အဲဒီထဲမှဆွေးနွေးရမည့် အကြောင်းအရာကိစ္စများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ဆွေးနွေးရမည့် အကြောင်းအရာများကို ကဏ္ဍအနေဖြင့် ခြောက်ခုခွဲထားပြီး ၎င်းကဏ္ဍခြောက်ခုမှာ နိုင်ငံရေးကဏ္ဍ၊ လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းခြင်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နေရာကဏ္ဍနှင့် အထွေထွေစသည့် ဆွေးနွေးမည့် အကြောင်းအရာများ ပါဝင်မည်ဖြစ်သည်။ ထို့နောက် နိုင်ငံရေးဆွေးနွေးပွဲကြီးပြုလုပ်ရာတွင် ဆွေးနွေးမှုများကိုဆုံးဖြတ်ရမည့် နည်းစနစ်ကိုလည်း မူအားဖြင့် သဘောတူခဲ့ကြောင်းနှင့် Composition အပိုင်းကိုလည်း NCA စာချုပ်ပေါ်တွင် အခြေခံပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁ ရက်ယနေ့မှ ၅ ရက်အတွင်း စတင်ရေးဆွဲမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)ကို အဖွဲ့တစ်ဖွဲ့ချင်းစီမှ ကိုယ်စားပြုသုံးဦးစီက ရေးဆွဲသွားမည်ဖြစ်ပြီး လောလောဆယ်အနေဖြင့် နိုင်ငံတော်အစိုးရဘက်မှ MPC အထူးအကြံပေး ဦးလှမောင်ရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ ချင်းအမျိုးသားတပ်ဦး(CNF)မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF) မှ ရဲဘော်မျိုးဝင်း၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA- PC)မှ စောကျော်ညွန့်တို့ဖြစ်ပြီး နိုင်ငံရေးပါတီများဘက်မှ ဦးသုဝေ (ဒီမိုကရက်တစ်ပါတီ- မြန်မာ)၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးစိုင်းကျော်ညွန့် တို့ပါဝင်ရေးဆွဲသွားမည်ဖြစ်ကာ နိုင်ငံတော်အစိုးရဘက်နှင့် နိုင်ငံရေးပါတီများဘက်မှ လိုအပ်သည့်ကိုယ်စားလှယ်တစ်ဦးစီကို ယနေ့ဒီဇင်ဘာ ၁ ရက်နံနက်တွင် ထပ်မံရွေးချယ်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မလေးရှားပြည်ဝင်ခွင့်ဗီဇာလျှောက်ထားသူများအတွက် OSC (ONE STOP CENTRE) စတင်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၃၀**

မလေးရှားနိုင်ငံ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားသူများအတွက် တစ်နေ့တည်းအပြီး လျှောက်ထားနိုင်ရန် OSC (ONE STOP CENTRE) ကို နိုဝင်ဘာ ၃၀ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့၌ ဒဂုံမြို့နယ် ပြည်လမ်းရှိ ခြံအမှတ် ၈၇ တွင် ဖွင့်လှစ်ခဲ့သည်။



အဆိုပါဖွင့်ပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးနှင့်အတူ မလေးရှားနိုင်ငံအစိုးရ၏ ခွင့်ပြုချက်အရ ပြည်ဝင်ခွင့်ဗီဇာဆောင်ရွက်ခွင့်ရရှိထားသည့် BUKTI MEGAH SDN BHD မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံပြည်ဝင်ခွင့် ဗီဇာလျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ICT နည်းပညာသုံး Completed Solution များအသုံးပြု၍ Services Provider အဖြစ် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် Diamond Palace Group of Company မှ တာဝန်ရှိသူများ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

“မလေးရှားနိုင်ငံကို သွားမယ့်သူတွေအတွက် အခုလို OSC ဖွင့်ပြီး တစ်နေရာတည်းကနေ ဆောင်ရွက်ပေးလိုက်တော့ အချိန်ကုန်သက်သာတဲ့အပြင် ဗီဇာအတုကိစ္စမျိုး မဖြစ်တော့ဘူး။ ငွေကုန်ကျမှုလည်း သက်သာသွားမှာပါ။ ဗီဇာလျှောက်ထားမှုနဲ့ ပတ်သက်ရင်တော့ မလေးရှားသံရုံးက ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေအတိုင်း လိုက်နာဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဗီဇာလျှောက်ပေးမှုသက်သက်ပါပဲ။ ဗီဇာထုတ်ပေးမှုကတော့ သံရုံးနဲ့ပဲဆိုင်ပါတယ် ”ဟု Diamond Palace Company ဥက္ကဋ္ဌ ဦးသိန်းသန်းက ပြောသည်။

OSC(ONE STOP CENTRE) အနေဖြင့် ထိုသို့ ဆောင်ရွက်ပေးမှုကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဗီဇာထုတ်ပေးမှုတွင်လည်း ယခင်ဗီဇာများကဲ့သို့ တုံးတံဆိပ်ရိုက်နှိပ်ထားသည့် ဗီဇာများမဟုတ်ဘဲ အဆင့်မြင့်နည်းပညာများဖြင့် ပြုလုပ်ထားသော လုံခြုံစိတ်ချရသည့် ဗီဇာများအဖြစ်ပြောင်းလဲ၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

OSC စတင်ဆောင်ရွက်ချိန်မှစ၍ တစ်လအတွင်း ဗီဇာလာရောက်လျှောက်ထားသူများကို ဝန်ဆောင်ခကောက်ခံမှုမရှိဘဲ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည့်အပြင် မလေးရှားပြည်ဝင်ခွင့် ဗီဇာအားလုံးကို OSC တွင် လျှောက်ထားရမည်ဖြစ်သော်လည်း ရက်ပေါင်း ၃၀ ကျော် နေထိုင်လိုသည့် သံတမန်နိုင်ငံကူးလက်မှတ်နှင့် အစိုးရနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအနေဖြင့် မလေးရှားသံရုံးသို့ တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း သိရသည်။

မလေးရှားသံရုံးတွင် ဗီဇာလာရောက်လျှောက်ထားမှုအနေဖြင့် နေ့စဉ်လူဦးရေ ၂၀၀ မှ ၅၀၀ အတွင်းရှိနေသော်လည်း သံရုံးအနေဖြင့် ဗီဇာထုတ်ပေးမှုကို တစ်ရက်လျှင် ၈၀ ခန့်အထိသာ ထုတ်ပေးလျက်ရှိသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မလေးရှားနိုင်ငံသို့ တရားဝင်သွားရောက်သူ ခုနစ်သောင်းကျော်သာ ရှိခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် သွားရောက်မှု များပြားလာခဲ့ရာ ယခုအခါ တစ်နှစ်အတွင်း တစ်သိန်းသုံးသောင်းကျော်အထိ များပြားလာကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

❄ *ကျောဖုံးမှ*

ရေတံခွန်သို့ ဆင်းလိုသော်လည်း ခြေကျင်အဆင်းအတက် မလုပ်နိုင်သူများအတွက် ပုခက်ထမ်းစင်နှင့် ထမ်းပြီး ပို့ဆောင်ပေးသည့် အလုပ်ကို လုပ်နေကြသူ ဒေသခံများလည်းရှိကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ အနီးစခန်းမှတစ်ဆင့် သွားရောက်ရသည့် ဓာတ်တော်ချိုင့်ရေတံခွန်သည် မန္တလေးတိုင်းဒေသကြီးအတွင်း အမြင့်ဆုံးရေတံခွန်တစ်ခုဖြစ်ပြီး ယခုပွင့်လင်းရာသီအစတွင် စနေ၊ တနင်္ဂနွေနှင့် လပြည့်လကွယ်နေ့များတွင် လာရောက်လည်ပတ်သူ များပြားလျက်ရှိကြောင်း၊ နှစ်စဉ် တန်ခူးလနှင့် ကဆုန်လများတွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် အများဆုံးလာရောက်အပန်းဖြေ လည်ပတ်လေ့လာကြောင်း သိရသည်။

# လှိုင်းဘွဲ့မြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**လှိုင်းဘွဲ့ နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်၌ ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့်ဆက်သွယ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်နေရာတည်း၌ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံး(One Stop Shop)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့ဝန်ဆောင်မှုရုံး၌ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့က ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးစပါးပုလဲသွယ်စပ်မျိုး စံကွက်ရိတ်သိမ်း

**သံတွဲ နိုဝင်ဘာ ၃၀**

မိုးစပါးပုလဲသွယ်စပ်မျိုး (GAP) ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက်က တောင်ကုတ်မြို့နယ် ပေါက်ပြင်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်-၅၀ တောင်သူ ဦးလှတင်၏ စံကွက်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်တက်ရောက်အားပေးသည်။ အဆိုပါစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း ၁၄၀ ဒသမ ၅၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြထားသော ကျော်ဇော်(သမ)၏ ဆောင်းပါးကော်လံ ၄ စာကြောင်းရေ (၃)ပါ အသင်း/ ကျေးရွာပေါင်းအား ၃၄၉၈၇၈ သင်း(အစား) ၃၄၉၇၈ သင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

# ရေကြီးနစ်မြုပ်ခဲ့သည့် ငါး၊ ပုစွန်ကန်များသို့ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ထောက်ပံ့ငွေများပေးအပ်

**တိုက်ကြီး နိုဝင်ဘာ ၃၀**

တိုက်ကြီးမြို့နယ်တွင် ဩဂုတ်လနှင့်စက်တင်ဘာလအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ငါး၊ ပုစွန်မွေးမြူရေးကန်များသို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ထောက်ပံ့ငွေများ ပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က အမှာစကားပြောကြားရာတွင် ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းရှင်များ ရေကြီးနစ်မြုပ်ခဲ့စဉ်က နစ်နာမှုရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ




ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် တတ်နိုင်သမျှ ထောက်ပံ့ငွေများ ပေးအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးသွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်တို့က အမှာစကားပြောကြားသည်။

တိုက်ကြီးမြို့နယ်တွင် ရေကြီးနစ်မြုပ်ခဲ့သော ငါး၊ ပုစွန်မွေးမြူရေးကန် ဧရိယာ ၆၉၆၄ ဒသမ ၇၅ ဧကရှိရာ ငါး၊ ပုစွန်မွေးမြူသူ ၁၅၅ ဦးအတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ်သိန်း ၃၄၈၂၅၀၀၀ ပေးအပ်ခဲ့သည်။ တိုက်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကလည်း ရေကြီးနစ်မြုပ်ခဲ့သောငါးပုစွန်ကန်များတွင် ငါးသားပေါက်ကောင်ရေ သိန်း ၂၀ကျော်ကို အောက်တိုဘာလအတွင်းက အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

# အခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

**ဟုမ္မလင်း နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် နမ့်စပေါရွာ၌ နိုဝင်ဘာ ၂၂ ရက်က အခြေခံပညာမူလတန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပြီးစီးခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်ကို ရေပေါ်မီး ရဲအုပ်ကျော်မင်းနိုင်၊ ရွှေတွင်းအုပ်စု အုပ်ချုပ်ရေးမှူး၊ ပါဟုတ်ကြီး ကျောင်းအုပ်ဆရာကြီး ဦးစိုင်းဇော်လင်း၊ နမ့်စပေါအုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင် ဦးအောင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ရှိသူများက ကျောင်းဆောင်အတွက် အလှူငွေများ ပေးအပ်ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။ **လိုင်းလင်းမူ**

# SKY NET ရုပ်မြင်သံကြားဖမ်းစက် ကျေးရွာများသို့ ပေးအပ်




**မြင်းမူ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ကျေးရွာများသို့ SKY NETက ရုပ်မြင်သံကြားဖမ်းစက်၊ တီဗွီနှင့် အပေ့ါစားမီးသတ်စက်များ ပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက်က မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားပြီး တောချောင်းဦးကျေးရွာ အလင်းသစ်စာကြည့်တိုက်အတွက် SKY NET ရုပ်မြင်သံကြား ဖမ်းစက်တစ်စုံနှင့် ညောင်ရင်းကျေးရွာ ပွင့်လင်းရောင်ခြည် စာကြည့်တိုက်အတွက် တီဗွီတစ်လုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးက ပုလဲတန်ကျေးရွာနှင့် လက်ပံကျင်းကျေးရွာတို့အတွက် အပေ့ါစားမီးသတ်စက် တစ်စုံစီကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မြင်းမူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာစာကြည့်တိုက် ငါးတိုက်အတွက် SKY NET ရုပ်မြင်သံကြားဖမ်းစက်ငါးစုံနှင့် ကျေးရွာစာကြည့်တိုက် နှစ်တိုက်အတွက် တီဗွီနှစ်လုံးတို့ကို ထောက်ပံ့ပေးခဲ့ပြီး ဖြစ်သည်။

အလားတူ အပေ့ါစားမီးသတ်စက်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာရှစ်ရွာအတွက် ရှစ်လုံး ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပထမအကြိမ်အဖြစ် ကျေးရွာလေးရွာအတွက် လေးလုံး၊ ယခု ဒုတိယအကြိမ်အဖြစ် ကျေးရွာနှစ်ရွာအတွက် နှစ်လုံး ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဖိုးခါး(ပြန်/ဆက်)**

# နိုဝင်ဘာ ၃၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၃၂၀၀၀ | အသစ် |
| ၃။ | ဇီရာ/ညော့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၀၀၀ | |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ | |
| ၅။ | ပေါ်ကွဲ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၂၀၀၀ | |
| ၆။ | မိုးသုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၂၀၀၀ | |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၈၇၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၆၅ မှ ၂၄၂၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၂၀၀ | |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၅၀ မှ ၂၆၇၅ | ရှယ်၊လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀ မှ ၃၆၀၀ | ထူး၊၂၊၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၈၀ မှ ၉၃၀ | A1,OK,S1,S2 |
| ၁၃။ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၄၀၀၀ | |
| ၁၄။ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၅၀၀ | |
| ၁၅။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁၃၀၀ | |
| ၁၆။ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၅၀၀ | |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | | |


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ရေဆင်း၊ နေပြည်တော်
## အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ဤတက္ကသိုလ်မှကျင်းပပြုလုပ်ခဲ့သော တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့၊ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းဒီပလိုမာ၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ ဘွဲ့ရစာမေးပွဲအောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ရေဆင်း၊ နေပြည်တော်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

၂။ **ပေးအပ်မည့်ဘွဲ့** — **အစမ်းလေ့ကျင့်ရက်** — **ဘွဲ့နှင်းသဘင်ရက်**

တိရစ္ဆာန်ဆေးသိပ္ပံပါရဂူဘွဲ့
တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့
တိရစ္ဆာန်ဆေးပညာမဟာဘွဲ့
မွေးမြူထုတ်လုပ်ရေးလုပ်ငန်းဒီပလိုမာ
တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့

— ၁၉-၁၂-၂၀၁၅ရက် (စနေနေ့) ညနေ ၃ နာရီ — ၂၀-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီ

၃။ ဘွဲ့နှင်းသဘင်ကြေး (တက်ရောက်လျှောက်ထားသူများအားလုံး) - ၁၅၀၀ဝိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
ဘွဲ့နှင်းသဘင်ကြေး (အဝေးရောက်လျှောက်ထားသူများအားလုံး) - ၁၀၀၀ဝိ/-(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာပိတ်ရက် (လျှောက်ထားသူများအားလုံး) - ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက် (သောကြာနေ့)

မှတ်ချက်။ (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရန်။
(၂) ၁½"×၂"အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲလျှောက်ထားရန်။
(၃) ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခုရရှိပြီးသူများသည် အဆိုပါဘွဲ့လက်မှတ်မိတ္တူပူးတွဲလျှောက်ထားရန်။
(၄) ဘွဲ့နှင်းသဘင်သို့တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ အကယ်၍ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၅) နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများ ဘွဲ့တက်ရောက်ယူနိုင်သော်လည်း ဘွဲ့လက်မှတ်ထုတ်ပေးမည်မဟုတ်ပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြားတင်ပြလာသည့်အချိန်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။
(၆) ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို (အပြည့်အစုံ) ဝတ်ဆင်၍ တက်ရောက်ကြရမည်။ **မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို(အစမ်းလေ့ကျင့်ပွဲအပါအဝင်)လုံးဝခွင့်ပြုမည်မဟုတ်ပါ။**
(၇) ဘွဲ့ဝတ်စုံငှားရန် ထောက်ခံစာများကို ၁၇-၁၂-၂၀၁၅ရက်မှ စတင်၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးပါမည်။
(၈) ဘွဲ့လျှောက်လွှာများကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် ရယူတင်သွင်းနိုင်ပါသည်။
(၉) ယခုကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ကို ရယူမည့်သူများသည် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီမှ တိရစ္ဆာန်ဆေးကုဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် တစ်ပါတည်းလျှောက်ထားရပါမည်။

**လုနဖြူ**
**မော်ကွန်းထိန်း**



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I-8402 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၈၂၅၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဇော်မင်းအောင် ၁၂/မဂတ(နိုင်)၀၁၃၂၈၀၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဇော်မင်းအောင်၊ ဖုန်း-၀၉-၂၅၄၄၈၇၈၁၃**



## စီးပွားရေးတက္ကသိုလ်(ရန်ကုန်)
## ၁၉၇၇ခုနှစ်(မတ်လ+နိုဝင်ဘာလ)ဘွဲ့ရသူငယ်ချင်းများ၏
## ဆုံစည်းမှု အမှတ်တရ မိတ်ဆုံစားပွဲ

**နေ့ရက်** - ၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)
**အချိန်** - မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ
**နေရာ** - SHWE-SHANKAN(YANGON-UNIVERSITIES BOAT-CLUB)

**မှတ်ချက်။** ။ ဘ၀ခဏတာ လက်ကျန်အချိန်မှာ ပျော်ရွှင်စွာဖြတ်သန်းရင်း မပျက်မကွက် တက်ရောက်ကြပါရန် လှိုက်လှဲပျူငှာ ဖိတ်ကြားလိုက်ပါရစေ။

၂၆-၁၂-၂၀၁၅ရက်(စနေနေ့) ညနေ ၃ နာရီမှ ၈ နာရီအထိ အကြိုမိတ်ဆုံစားပွဲကို (ဦးတင်စိုး-အိုလံပစ်)ရေသန့်မှ တစ်ဦးတည်း SPONSOR အကုန်ကျခံကျင်းပသော ပွဲကို လည်း တက်ရောက်ကြပါရန် ထပ်ဆင့်ဖိတ်ကြားအပ်ပါသည်။ (တောင်မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံကွင်း)



## သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ ပုံစံ (၈)ဝင်
## သစ်မာ/အခြား(သစ်/ခွဲသား)များအား
## ရောင်းချရန် လေလံကြေညာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ သစ်တောဦးစီးဌာန၊ မြောင်းမြမြို့နယ်မှ ပုံစံ(၈)ဝင် သစ်မာ/အခြား(သစ်/ခွဲသား) ၁၄ ဒသမ ၉၆၂တန်အား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့၌ ၁၀-၁၂-၂၀၁၅ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အထက်ပါလေလံတင်ရောင်းချသည့် ပုံစံ (၈)သစ်များအားတိုင်းကျော် သယ်ယူခွင့်မပြုပါ။

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၉-၁၂-၂၀၁၅ရက်အထိ ရုံးအချိန်အတွင်း နောက်ဆုံးထားဝယ်ယူ လျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၇၀၁၇၄၊ ၀၄၂-၇၀၃၂၉၊ ၀၉-၄၅၀၅၄၁၃၆၉၊ ၀၉-၂၅၁၁၄၇၃၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**

# ကုန်တင်ကားပေါ်မှပစ္စည်းများ မီးလောင်ကျွမ်းမှုဖြစ်ပွား

**ပြည် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ နဝဒေးရပ်ကွက်တွင် နိုဝင်ဘာ ၂၉ ရက် ည ၁၁ နာရီ ၁၅ မိနစ်က ကုန်ပစ္စည်းများ တင်ဆောင်လာသော ကားတစ်စီးပေါ်ရှိ ကုန်များ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာဉ်)**



ဖြစ်စဉ်မှာ ရန်ကုန်မှ ပြည်မြို့သို့ အဝတ်အထည်များ၊ စက်သုံးဆီများ၊ အင်ဂျင်ဝိုင်၊ ချွတ်ဆေးပုံးများ တင်ဆောင်၍ ယာဉ်မောင်း ဦးတင်ဆွေ မောင်းနှင်လာသော 8A/---- အစိမ်းရောင်နီဆန်း ၁၀ ဘီးယာဉ်သည် ပြည်မြို့ နဝဒေးရပ်ကွက် နယူးလုပ်သားဂိတ်ရှေ့၌ ညအိတ်ရပ်နားစဉ် ချွတ်ဆေးပုံး(ကော့စတစ်အရည်များပါ)ပုံး သုံးပုံးမှ အပူလွန်ကဲ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ကားပေါ်၌ တင်ဆောင်လာသော အဝတ်အထည်များ၊ စက်သုံးဆီများ၊ ကုန်ပစ္စည်းများ၊ ချွတ်ဆေးပုံးများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးကျော်က ပြောသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ သန္ဓေမီးသတ်ယာဉ်သုံးစီး၊ အရန်မီးသတ်ယာဉ်လေးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများရောက်ရှိ မီးငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းကို ပြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၈၃၈)**

# မြစ်ကြီးနား-မန္တလေးအစုန်ရထား တွဲချော်မှုဖြစ်ပွား

**အင်းတော် နိုဝင်ဘာ ၃၀**

မြစ်ကြီးနားမှ မန္တလေးသို့ ထွက်ခွာလာသည့် အမှတ်(၃၄)အစုန်ရထားသည် နိုဝင်ဘာ ၂၉ ရက်က တွဲချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်ခေါင်းမောင်း ဦးဇော်လွင်၊ ရထားထိန်းဦးရဲဝင်းတို့ မောင်းနှင်လာသည့် စက်ခေါင်းအမှတ် DF-1350 အမှတ်(၃၄)မြစ်ကြီးနား-မန္တလေး အစုန်ရထားသည် နိုဝင်ဘာ ၂၉ ရက် ည ၈ နာရီက ကသာခရိုင် အင်းတော်မြို့နယ် နန့်စီးအောင်ရဲကင်းစခန်းအပိုင် မြေပလ္လင်ကျေးရွာအနီး မိုင်တိုင်အမှတ် ၆၁၀/၁၁-၁၃ အကြားတွင် တွဲအမှတ်(၇) DBUEZ-10771 ၏ ဘီးအမှတ် ၃ နှင့် ၄ အပြင် ၅ နှင့် ၆ အတွင်း သံလမ်းဘေးကပ်ကျ၍ တွဲချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ခရီးသည်များနှင့်ဝန်ထမ်းများ ထိခိုက်မှုမရရှိကြောင်း သိရသည်။ ရထားတွဲချော်သည့်နေရာသို့ အင်းတော်မြို့နယ် မော်လူးရုံပိုင်ကြီး ဦးမျိုးမြင့်လွင် ဦးဆောင်သည့်လုပ်သား ၁၀ ဦးတို့က ပြုပြင်ဆောင်ရွက်လျက်ရှိပြီး နန့်စီးအောင်ရဲကင်းစခန်းမှ ရဲအုပ်မင်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ဆိုင်ကယ်မဆင်မခြင်မောင်းနှင်၍ လမ်းဘေးမြေနီပုံဝင်တိုက်

**ဇဖဲ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ငဖဲမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက် ညနေ ၃ နာရီခွဲက ငဖဲမြို့နယ် လေးအိမ်စု ကျေးရွာအနီး ငဖဲ-စေတုတ္တရာကားလမ်း မိုင်တိုင်အမှတ်(၁၃/၅) နှင့် (၁၃/၆) ကြားတွင် ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းလမ်းအတိုင်း လေးအိမ်စုကျေးရွာဘက်မှ ငဖဲမြို့ဘက်သို့ ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာနေသူ ဦးသက်တင် (၄၇ နှစ်) မောင်းနှင်လာသော ၂၃ဃ/---- ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်တွင် ပုံထားသည့် မြေနီပုံကို ဝင်တိုက်မိ၍ ဦးသက်တင်မှာ ဒဏ်ရာများဖြင့် နေရာတွင်သေဆုံးသွားခဲ့၍ ငဖဲမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပွင့်ဖြူတန်ဆာမြို့၌ ငါးရှာသူ ရေနစ်သေဆုံး

**ညောင်လေးပင် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွင့်တန်ဆာမြို့ မြို့မ(၄) ရပ်ကွက် ခြောက်တန်တံတားအရှေ့ဘက်ကိုက် ၃၀၀ အကွာရှိ ရေအိုင်အတွင်း နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက လူတစ်ဦးသေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်မှာ ပွင့်တန်ဆာမြို့ မြို့မ(၄)ရပ်ကွက် ခြောက်တန်တံတား အရှေ့ဘက်ကိုက် ၃၀၀ ခန့်အကွာရှိ ရေအိုင်အတွင်း၌ ပက်လက်အနေအထားဖြင့် အမျိုးသားတစ်ဦး သေဆုံးနေသည်ကို တွေ့ရပြီး ၎င်းမှာ အောင်ကိုဦး ရွာသစ်ကြီး ချောင်းရင်းရွာနေသူဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

သေဆုံးသူသည် နိုဝင်ဘာ ၂၉ ရက် နံနက်မှစ၍ ငါးရှာရန်နေအိမ်မှ ထွက်ခွာသွားရာ ညအချိန်အထိ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ယခုကဲ့သို့ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ပွင့်တန်ဆာရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**



# ဆေးလိပ်မီး ပေါ့ဆစွာစွန့်ပစ်မှုကြောင့် မင်းဘူးမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မင်းဘူး နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာ အနောက်ဘက် ခြောက်ဖာလုံခန့်အကွာရှိ မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်နေ ကျော်ဝင်းထွန်း(ခ)ဘိုဘို (၃၅ နှစ်)ပိုင်ဆိုင်သည့် ကြက်မွေးမြူရေးခြံအဟောင်းနှင့်ကပ်လျက်ရှိ အမှိုက်ပုံကို ဆေးလိပ်တိုစွန့်ပစ်မီးမှတစ်ဆင့် ကြက်မွေးမြူရေးခြံဟောင်းသို့ မီးကူးစက်လောင်ကျွမ်းမှု နိုဝင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ/ကျေးရွာသားများက မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အလျား ပေ ၁၆၀၊ အနံ ၂၂ ပေရှိ ကြက်မွေးမြူရေးခြံဟောင်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးပေါ့ဆစွာအသုံးပြုသူ ကျော်ဝင်းထွန်း(ခ)ဘိုဘိုကို မင်းဘူးမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**


## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) (၃၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၏ (၃၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း ၁၅-၁-၂၀၁၆ရက်(သောကြာနေ့) နံနက် ၉နာရီ**
**ဘွဲ့နှင်းသဘင် ၁၆-၁-၂၀၁၆ရက်(စနေနေ့) နံနက် ၉နာရီ**

၂။ (၃၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ပြည့်စုံသူများတက်ရောက်ရန် လျှောက်ထားနိုင်သည်။

(က) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူ(၁၂/၂၀၁၂) သင်တန်းအောင်မြင်ပြီးသူများ။
(ခ) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့အခြေခံပါရဂူ(၁၂/၂၀၁၂) သင်တန်းအောင်မြင်ပြီးသူများ။
(ဂ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(၅/၂၀၁၃)သင်တန်း၊ (၅/၂၀၁၃)(နောက်ဆက်တွဲ)သင်တန်းနှင့် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ(၅/၂၀၁၂) ထပ်ကျော့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ။
(ဃ) အထွေထွေသွားရောဂါကုဒီပလိုမာ(၁/၂၀၁၅) သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ။
(င) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၄)သင်တန်းပုံမှန်စာမေးပွဲ(၁/၂၀၁၃)သင်တန်းနောက်ဆက်တွဲစာမေးပွဲနှင့်(၁/၂၀၁၃)ထပ်ကျော့သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
**တက်ရောက်-၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်)**
**အဝေးရောက်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)**

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဘွဲ့လွန်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် [အမျိုးသား-မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ] ဖြင့် တစ်ပတ်အတွင်း ရိုက်ကူးထားသော(၁½×၂")အရွယ် ကာလာဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် ၁၇-၁၂-၂၀၁၅ရက်မှ ၃၁-၁၂-၂၀၁၅ရက်အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ မြန်မာတိုင်းရင်းသား ဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် ဝတ်စားဆင်ယင်မှုများကို ခွင့်ပြုမည်မဟုတ်ပါ။

၆။ ဘွဲ့တက်ရောက်ယူရန် လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်မော်ကွန်းထိန်း၊ ဘွဲ့နှင်းသဘင်နှင့် ဘွဲ့လွန်ဌာနစိတ် ဖုန်း-၀၁-၅၇၁၂၇၁၊ ၀၁-၅၇၁၂၇၃၊ ၀၁-၅၇၀၈၄၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(နွယ်နွယ်ဝင်း)**
**မော်ကွန်းထိန်း**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ကြည်ကြည်ဝင်း ၁၀/မလမ(နိုင်)၁၅၅၁၄၁၏ Passport (No-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၃၄၉၈၈၁၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခေတ်ခက်ခက်စိုး Passport (No-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## အထကမြန်အောင် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၆ရက် (စနေနေ့) (နတ်တော်လပြည့်နေ့) မွန်းတည့် ၁၂နာရီတွင် အငြိမ်းစားဆရာကြီး/ဆရာမကြီး ၁၃၄ဦးကို မြန်အောင် အထကခန်းမ၌ ပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲအခမ်းအနားသို့ ၁၉၅၃ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးဝင်း (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၄၄-၅၀၀၂၉၊ ဦးထွန်းလင်း(ရွှေနဂါးရောင်းဝယ်ရေး) ဖုန်း-၀၄၄-၅၀၂၉၁၊ ဦးခင်မောင်ဝင်း (ရွှေမင်းသားဖျော်ရည်စုံ) ဖုန်း-၀၄၄-၅၀၂၈၅၊ ဦးဝင်းမော် (ဂိုလ်းစတားအီလက်ထရွန်နစ်) ဖုန်း-၀၄၄-၅၀၁၃၁၊ ဒေါ်ခင်ကြူကြူ (စိန်အကယ်ဒမီရွှေဆိုင်) ဖုန်း-၀၄၄-၅၀၁၉၂၊ ဦးရဲသူအောင် ဖုန်း-၀၉-၇၃၀၇၃၉၆၃၊ ဒေါက်တာ ဘုန်းပြည့်နိုင် ဖုန်း-၀၉-၇၈၄၇၇၂၆၂၃နှင့် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ၏ ကမ္ဘောဇဘဏ်လီမိတက်(မြန်အောင်ဘဏ်ခွဲ) (Account No. 1031220001732) သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီမှ ၂၅-၁၂-၂၀၁၅ရက် ညနေ ၆နာရီတွင် ဆရာတပည့်တွေ့ဆုံပွဲကျင်းပပြုလုပ်၍ ညစာစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှ ဆရာကြီး၊ ဆရာမကြီးများသည် မိမိအစီအစဉ်ဖြင့် ၂၄-၁၂-၂၀၁၅ရက်တွင် အောင်မင်္ဂလာအဝေးပြေးကားဝင်း ဧရာသစ္စာ ည ၈း၃၀ နာရီကားဖြင့် လိုက်ပါကြရန်နှင့် ကိုခင်ဇော်ဝင်း (မန်နေဂျာ-ဧရာသစ္စာကားဂိတ်) ဖုန်း-၀၉-၄၂၅၀၀၇၉၄၃၊ ၀၉-၇၉၈၃၇၅၈၇၅၊ ကိုဝင်းထိန် ဖုန်း-၀၉-၅၀၁၄၃၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**
**မြန်အောင်မြို့**

# မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် မြန်မာပီဂျီအေ Asian Tour နှင့် Japan Tour တို့ပူးပေါင်းကျင်းပမည့် Leopalace 21 Myanmar open ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ကျင်းပသည်။

အခမ်းအနားတွင် Asian Tour ဥက္ကဋ္ဌ ဦးကြည်လှဟန်၊ Japan Golf Tour ဒုတိယဥက္ကဋ္ဌ Mr.Masayoshi Takaba၊ Leopalace 21 ဥက္ကဋ္ဌ Mr.Eisei Miyama၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် မြန်မာပီဂျီအေအတွင်းရေးမှူး ဦးချမ်းဟန်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် တက်ရောက်လာသည့် မီဒီယာများက ပြိုင်ပွဲနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြသည်။ Leopalace 21 Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ပြည်တွင်းနာမည်ကြီး




ပရော်ဖက်ရှင်နယ် ဂေါက်သီးကစားသမားများဖြစ်သော ဇော်ဇော်လတ်၊ သိန်းဇော်မြင့်နှင့် ဘိုဘိုစသည့် ကစားသမားများယှဉ်ပြိုင်မည်ဖြစ်ပြီး Asian Tour ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိနေသည့် နာမည်ကြီးကစားသမားများ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအိုးပင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖူးသည့် ဘွန်ချူးရန်ကစ်၊ သောင်ချိုင်းဂျိုင်ဒီ၊ ဟီရတ်ဆု၊ ဂျိမ်းစ်ကင်စတန်၊ အန်တိုနီကင်းစသည့် ကစားသမားများကို ဖိတ်ကြားထားပြီး ပထမဆုအဖြစ် ဆုကြေး အမေရိကန်ဒေါ်လာ ၁၃၅၀၀၀ အပါအဝင် ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ခုနစ်သိန်းငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။

" Leopalace 21 Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြန်လည်ကျင်းပတာဟာ အားလုံးအတွက် အလားအလာကောင်းတွေ ရှိပါတယ်။ နိုင်ငံတကာက ဂေါက်သီးကစားသမားကောင်းတွေ လာရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် မြန်မာကစားသမားတွေ အတွေ့အကြုံကောင်း အများကြီးရရှိမှာပါ"ဟု Asian Tour ဥက္ကဋ္ဌ ဦးကြည်လှဟန်က ပြောကြားသည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက "ဒီလိုပြိုင်ပွဲမျိုး ကျင်းပနိုင်တာဟာ မြန်မာကစားသမားတွေ ကြိုးစားချင်စိတ်ရှိအောင် တွန်းအားပေးနေသလိုပါပဲ။ ဒီပြိုင်ပွဲကြီးဖြစ်မြောက်အောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးတဲ့သူတွေ၊ Title Sponsor Leopalace 21၊ Asian Tour နဲ့ Japan Golf Tour တို့ကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မြန်မာပီဂျီအေ အတွင်းရေးမှူး ဦးချမ်းဟန်က "ဒီပြိုင်ပွဲကို နိုင်ငံတကာနဲ့ မြန်မာကစားသမား ၁၀၀ ကျော် ယှဉ်ပြိုင်မှာပါ။ ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ခုနစ်သိန်းငါးသောင်းချီးမြှင့်မှာဖြစ်ပြီး အဆင့် ၁ ကနေ ၆၅ အထိ ဆုချီးမြှင့်မှာပါ"ဟု ပြောကြားခဲ့သည်။ မြန်မာအိုပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို (၁၃)ကြိမ်မြောက်ကျင်းပခြင်းလည်း ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း၊ဓာတ်ပုံ-ဖိုးသော်ဇင်**

# အာဆင်နယ်နှင့် နော့ဝှစ်ချ်သရေကျ လီဗာပူး ပယ်နယ်တီဖြင့် ဆွမ်ဆီးကိုအနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၁၄) နိုဝင်ဘာ ၂၉ ရက် တနင်္ဂနွေနေ့ ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် နော့ဝှစ်ချ်နှင့် အာဆင်နယ်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာကြပြီး အိမ်ရှင်နော့ဝှစ်ချ်အသင်းတွင် ဂရက်ဘန်၊ ဒေါရန်စ်၊ အိုနေး၊ ဘရာဒီ၊ ဟူးလဟန်၊ ဟောဆန်၊ ဘန်းနက်၊ ဝစ်ဒမ်၊ မာတင်အိုလစ်ဆင်၊ ဘက်ဆောင်းနှင့် ဂိုး-ဂျွန်ရပ်ဒီတို့ ပါဝင်ခဲ့သည်။ အာဆင်နယ်အသင်းတွင် ဂျီရော့ဒ်ကို အထောင်ထားကာ ရမ်ဆေး၊ ကာဇိုလာ၊ ဖလာမီနီ၊ ဆန်ချက်ဇ်၊ အိုဇေး၊ မာတီဆက်ကာ၊ ဘယ်လာရင်၊ နာချို၊ ကိုဆီနီနှင့် ဂိုး-ပီတာဆက်ချ်တို့ ပွဲထွက်လာသည်။

ပွဲချိန် မိနစ်၃၀ တွင် ဆန်ချက်၏ဖန်တီးမှုမှတစ်ဆင့် အိုဇေးက အာဆင်နယ်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ **(အောက်ပုံ)**ပထမပိုင်းပြီးခါနီး ၄၃ မိနစ်တွင် တိုက်စစ်မှူး လူးဝစ်ဂရက်ဘန်က နော့ဝှစ်ချ်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ပွဲပြီးချိန်တွင် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယင်းပွဲတွင် အာဆင်နယ်အသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ကန်သွင်းခွင့် ၁၀ ကြိမ်ရရှိခဲ့ကာ နှစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ နော့ဝှစ်ချ်အသင်းသည် ခြောက်ကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ပြီး နှစ်ကြိမ်ဂိုးပေါက်တည့်ခဲ့သည်။

အာဆင်နယ်အသင်းသည် ရမှတ် ၂၇ မှတ်ဖြင့် အဆင့် (၄)တွင် ရပ်တည်နေပြီး နော့ဝှစ်ချ်မှာ ရမှတ် ၁၃ မှတ်ဖြင့် အဆင့် ၁၆ တွင် ရပ်တည်နေသည်။

လီဗာပူးက ဆွမ်ဆီးကို ၆၂ မိနစ်တွင် ဂျိမ်းမီလ်နာ၏ ပယ်နယ်တီသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးက ရမှတ် ၂၃မှတ်ဖြင့် အဆင့်(၆)၌ ရပ်တည်နေသည်။

**■ သီဟ**



# တက္ကသိုလ်/ကောလိပ်ပေါင်းစုံ ဦးစီးအဆင့် ဘောလုံးပြိုင်ပွဲ လူရွေးချယ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

အထက်မြန်မာပြည်၊ အောက်မြန်မာပြည်တက္ကသိုလ်/ ကောလိပ်ပေါင်းစုံ ဦးစီးအဆင့် ဘောလုံးပြိုင်ပွဲ လူရွေးချယ်ပွဲကို ယနေ့ညနေက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အထက်မြန်မာပြည် တက္ကသိုလ်/ကောလိပ် ဘောလုံးအသင်းနှင့် အောက်မြန်မာပြည် တက္ကသိုလ်/ကောလိပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။




တက္ကသိုလ်/ကောလိပ်ပေါင်းစုံ ဦးစီးအဆင့် ဘောလုံးပြိုင်ပွဲ လူရွေးချယ်ပွဲကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ လူရွေးချယ်ပွဲမှ အားကစားသမားများသည် ၂၀၁၆ ခုနှစ် ဇူလိုင် ၇ ရက်မှ ၂၂ ရက်အထိ စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## နိုင်ငံတကာလိဂ်ဘောလုံးပွဲများ အနိုင်/အရှုံး

| | | | | | |
|---|---|---|---|---|---|
| ဘော်ဒိုး | ၁-၄ | ကိန်း | အမ်ပိုလီ | ၁-၀ | လာဇီယို |
| မာဆေး | ၃-၃ | မိုနာကို | ပါလာမို | ၀-၃ | ဂျူဗင်တပ်စ် |
| လေဗာကူဆင် | ၁-၁ | ရှော်လ်ကေး | ဗယ်လက်ကာနို | ၀-၃ | ဘီလ်ဘာအို |
| အော့စ်ဘတ် | ၀-၀ | ဝုဖ်ဘတ် | ဆီဗီလာ | ၁-၀ | ဗလင်စီယာ |

ဖိတ်ကြားအပ်ပါသည်

အ.လ.က(၁)၊ မရမ်းကုန်း(အောင်မေတ္တာ) ကျောင်းသား/သူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဤကျောင်းတွင် မည်သည့်ပညာသင်နှစ်တွင်မဆို သင်ကြားခဲ့သည့် ကျောင်းသား/သူဟောင်းများ ဆက်ဆက်ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်၊

ကျင်းပမည့်နေ့ရက် -၆-၁၂-၂၀၁၅ (အမျိုးသားနေ့)
ကျင်းပမည့်အချိန် -နံနက် (၉) နာရီ
ကျင်းပမည့်နေရာ -အလက(၁) မရမ်းကုန်း (မုဒိတာခန်းမ)

ကျောင်းသား/သူဟောင်းများနှင့် ကန်တော့ခံ ဆရာကြီး/မကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်၊

မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေး
ကော်မတီ

ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်-နံနက်/ည)
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ
▲ ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား)
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာအနီး၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
▲ ကျိုက္ကမီ၊ မော်လမြိုင်၊ ဇက်ခဲ၊ ခွာလပို့တောင်-(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ (သာမည-မြဝတီ-မဲဆောက်)(အကောက်တောင်)(ဇလွန်)(နေပြည်တော်)
အပတ်စဉ် သောကြာ Dec 24
ပန်းဆိုးတန်း 01-240860/01-372290 ဒေါပုံ 09-49282825 ကမာရွတ် 09421029191

အိမ်ရောင်းမည်
မန္တလေးပန်းခြံလမ်း
၆/၉ ရပ်ကွက်
ရွှေပြည်သာမြို့နယ်
ကားဂိတ်အနီး
ဖုန်း-၀၉-၄၄၈၀၅၂၇၁၄

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၃၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးရပ်ကွက်(၆)နေ ဦးမင်းသန်း ၅/အတန(နိုင်)၀၄၇၃၅၈ပိုင်ဆိုင်သော ကသာခရိုင်သစ်တော ဦးစီးဌာနမှထုတ်ပေးသည့် ညွှန်မှူး၊ သစ်တော၊ မုံရွာမြို့၏ (၁၆-၂-၁၅) [၁၁၆၉၅-၉၇/ထ(က)၄] FOREST S.2 လ/ထ-ညွှန်မှူး၊ သစ်တော၊ ကသာမြို့၏ (၂၅-၃-၁၅) [၁၂၄၂၀-၂၁/ထ(က)၄] စာအုပ်နံပါတ် 5091 လေလံအမှတ် (၁/၁၄-၁၅) လပ်ပုံအမှတ်-၁၁ ပြေစာလက်မှတ်နံပါတ် 16 ဘီလ်ပြေစာပုံစံ (၈)ပျောက်ဆုံးသွားပါကြောင်း။

ဦးမင်းသန်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၇၇၂၃၊ Honda Aotrea M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါမြင့် ၅/စကန(နိုင်)၁၄၇၃၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၁၃၆၉၁၊ Hon-da Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောမင်းထက် ၅/ပလန(နိုင်)၀၈၂၇၁၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး(မုံရွာ)

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဒီဇင်ဘာ (၂/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်၊
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

အများသိစေရန်ကြေညာချက်

မော်တော်ဆိုင်ကယ်အမှတ် ၁၇ယ/၅၉၈၂၅၊ 2005 model Wave 100 ပြာမဲခဲရောင်နှင့် မော်တော်ယာဉ်အမှတ် YGN 7I/1041 Honda Airwave(ခဲပုပ်ရောင်)တို့သည် ဦးတင်မောင်မြင့် ၁၂/ကတတ(နိုင်)၀၂၁၆၇၈နှင့် ကျွန်မဒေါ်မေသဲငုံ ၃/ မဝတ(နိုင်)၀၁၄၂၆၉တို့နှစ်ဦး လက်ထပ်ပွားပစ္စည်းများဖြစ်ပြီး ယခုအချိန် မြဝတီမြို့၊ ခရိုင်တရားရုံးတော်တွင် တရားမမှုရင်ဆိုင်နေစဉ် ကာလအတွင်း အဆိုပါပစ္စည်းများအား အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မေသဲငုံ
၃/မဝတ(နိုင်)၀၁၄၂၆၉
ရာကျော် ၂လမ်း၊ မြဝတီမြို့

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်စိုးအာကာထွန်း ၃/ဘအန(နိုင်)၂၄၉၂၁၉၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၀၂၉၇၁၉

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၀၊ မြေကွက်အမှတ် ၆၅၇၊ မြေကွက်တည်နေရာအမှတ် ၆၅၇၊ (၈၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဦးသန်းနွဲ့)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းနွဲ့ထံမှ အရောင်းအဝယ်စာချုပ် အရပ်ကတိအဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဦးကျော်ဆွေ ၁၂/ဒဂဆ(နိုင်)၀၀၁၄၈၈က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ဌာနဝန်ခံချက်တို့ တင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်စန်းလှိုင် ၇/ရတန(နိုင်)၀၂၇၆၂၉၏သား မောင်ဖြိုးသီဟငြိမ်း ၇/ရတန(နိုင်)၁၁၈၈၈၇ အား ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။
(၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါ။)

ဒေါ်စန်းလှိုင်

# မြဝတီကုန်သွယ်ရေးတံတားတည်ဆောက်မှုတွင် ဖယ်ရှားရသူများအား လျော်ကြေးပေးမည်

**မြဝတီ နိုဝင်ဘာ ၃၀**

ထိုင်းနိုင်ငံ မဲဆောက်မြို့နှင့် မြန်မာနိုင်ငံ မြဝတီမြို့တို့ကြား ဆက်သွယ်သည့် ဒုတိယမြောက်တံတားအဖြစ် ဆောက်လုပ်နေသည့် ကုန်သွယ်ရေးတံတား တည်ဆောက်မှုတွင် မလွတ်ကင်းသဖြင့် ဖယ်ရှားရသော မြေ ၁၀၃ ဧကအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မြေအမျိုးအစားအလိုက် တန်ဖိုးသတ်မှတ်၍ လျော်ကြေးငွေများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တံတားနဲ့ မလွတ်ကင်းဘဲ ဖယ်ရှားခံရတဲ့မြေဧက ၁၀၃ ဒသမ ၀၇ ဧက ရှိပါတယ်။ ဒီမြေတွေကို လန(၃၉)မြေ၊ ဂရန်မြေ၊ မြေလွတ်မြေရိုင်း၊ လုပ်ကိုင်ခွင့်ရမြေနဲ့ လယ်ယာမြေလို့ အမျိုးအစားအလိုက် ခွဲခြားပြီး မြေယာလျော်ကြေး၊ သီးနှံစိုက်ပျိုးမြေ လျော်ကြေးနဲ့ အဆောက်အအုံ ပြောင်းရွှေ့စရိတ်လျော်ကြေးတို့ကို ပေးသွားမှာဖြစ်ပါတယ်"ဟု မြဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က ပြောသည်။

အမှတ်(၂)တံတား တည်ဆောက်ရေးလုပ်ငန်းကြောင့် ဖယ်ရှားခံရသော လယ်၊ မြေ၊ အိမ်ပိုင်ရှင်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံပွဲအခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူးက မီဒီယာများအား ပြောကြားခဲ့ခြင်း ဖြစ်သည်။ မြေအမျိုးအစားနှင့် ဖယ်ရှား၊ ဖျက်ပစ်ရမည့် အဆောက်အအုံများ၊ နှစ်တိုနှစ်ရှည်သီးနှံပင်များအား ခွဲခြားစိစစ်ကာ တန်ဖိုးအလိုက်ပေးလျော်ရန်အတွက် အသေးစိတ် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် မြေတစ်ဧကအတွက်ပေးလျော်မည့် တန်ဖိုးကို မြေအမျိုးအစားအလိုက် ပြည်နယ်အစိုးရက ညှိနှိုင်းသတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ထိုကျသင့်ငွေများကို ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းတံတားဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်စိုးကလည်း "တည်ဆောက်ရေးဇုန် မြေနေရာနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရကတာဝန်ခံပြီး ညှိနှိုင်းပေးတာ ဖြစ်ပါတယ်။ အခက်အခဲမရှိပါဘူး။ ဒေသခံပြည်သူတွေကို နစ်နာကြေးအဖြစ် သက်ဆိုင်ရာက နှုန်းထားတစ်ခု သတ်မှတ်ပေးပြီး ညှိနှိုင်းဆောင်ရွက်သွားမှာပါ။ မြေယာလျော်ကြေးပေးမှုနဲ့ပတ်သက်လို့ မြေယာပိုင်ဆိုင်တဲ့ ပြည်သူတွေ သဘောတူညီပြီးသား ဖြစ်ပါတယ်။ ဒီနှုန်းကို ပြည်နယ်အစိုးရကနေ ကော်မတီဖွဲ့ပြီးတော့ ဘယ်လိုပေးရမလဲ ညှိနှိုင်းပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ထိုင်းနိုင်ငံဘက်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ရုံး၌ နှစ်နိုင်ငံမှ ကော်မတီဝင်များတွေ့ဆုံပြီး တံတားတည်ဆောက်မှု စီမံကိန်းမူဝါဒများဆွေးနွေးသည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

မြဝတီကုန်သွယ်ရေးတံတားသည် ထိုင်းနိုင်ငံ မဲဆောက်မြို့နယ်အတွင်းရှိ ဘန့်ဝမ်တခင်းရမ်းစီရင်စု(ဝါးစကင်း) အမှတ်(၇)ရပ်ကွက်နှင့် မြန်မာနိုင်ငံ မြဝတီမြို့ အမှတ် (၅)ရပ်ကွက်၊ ရေပူကျေးရွာတို့ကို ဆက်သွယ်မည့် တံတားဖြစ်သည်။ တံတားသည် ရေလယ်တိုင်မပါဘဲ ပေါင်းကူးတည်ဆောက်မည့် ကြိုးတံတားအမျိုးအစားဖြစ်သည်။ တံတားအရှည်မှာ ချဉ်းကပ်လမ်းအပါအဝင် ၂၁ ဒသမ ၄ ကီလိုမီတာဖြစ်ကာ လမ်းအကျယ်မှာ ၁၇ မီတာရှိ လေးလမ်းသွားတံတားဖြစ်သည်။ မြန်မာနိုင်ငံဘက်တွင် ချဉ်းကပ်လမ်းအရှည် ၄ ဒသမ ၁၄ ကီလိုမီတာ၊ ထိုင်းနိုင်ငံဘက်တွင် ချဉ်းကပ်လမ်း ၁၇ ဒသမ ၂၆ ကီလိုမီတာရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့် မော်တော်ယာဉ်များကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအရ ထိရောက်စွာအရေးယူမည်

**မိတ္ထီလာ နိုဝင်ဘာ ၃၀**

မိတ္ထီလာမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့် မော်တော်ယာဉ်များကို ဥပဒေအရ ထိရောက်စွာ အရေးယူတော့မည်ဖြစ်ကြောင်း၊ အမြင့်ဆုံးပြစ်ဒဏ်အဖြစ် ထောင်ဒဏ် တစ်လမှ ခြောက်လ အထိ၊ ဒဏ်ငွေ သုံးသောင်းကျပ်မှ သုံးသိန်း ကျပ်အထိ ပါဝင်ပြီး ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်လုံးလည်း ချမှတ်ခံရနိုင်သည့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကော်မတီ အစည်းအဝေးမှ သိရသည်။



မိတ္ထီလာမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကော်မတီ၏ မျက်နှာစုံညီအစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ပြီး မြို့နယ်အတွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် မော်တော်ယာဉ်များကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဖြင့် ထိရောက်စွာအရေးယူ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးသူရနှင့် တာဝန်ရှိသူများ၊ ရပ်ကွက် ၁၄ ခုမှ အုပ်ချုပ်ရေးမှူးများ တက်ရောက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် မော်တော်ယာဉ်များကို ဥပဒေအရ အရေးယူ ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီး စက်တင်ဘာလအတွင်းက ထုတ်ပြန်ကြေညာခဲ့သည့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ယာဉ်မောင်းလိုင်စင်မပါရှိဘဲ မောင်းနှင်လျှင် ဒဏ်ငွေကျပ်သုံးသောင်း၊ မော်တော်ယာဉ် မှတ်ပုံတင်မထားခြင်း (လိုင်စင်မဲ့)၊ အဝိုင်းသက်တမ်းကုန်၊ သိမ်းဆည်းခံ၊ ရပ်စဲခံ၊ ပိုင်ရှင်စာအုပ်သက်တမ်းကုန်၊ ဖျက်သိမ်းခံစသည့် မော်တော်ယာဉ်များကိုမောင်းနှင်ပါက ထောင်ဒဏ်တစ်လ သို့မဟုတ် ဒဏ်ငွေ ငါးသောင်း ကျပ်အပြင် ပြစ်ဒဏ်နှစ်ရပ်လုံးလည်း ချမှတ်ခံရနိုင်သည်။

ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်လျှင် သို့မဟုတ် ယာဉ်ပိုင်ရှင်မှ ယာဉ်မောင်းလိုင်စင် မရှိသူအား မောင်းနှင်စေလျှင် ထောင်ဒဏ်တစ်လ သို့မဟုတ် ဒဏ်ငွေငါးသောင်းကျပ်အပြင် ပြစ်ဒဏ်နှစ်ရပ်လုံးကျခံရမည်ဖြစ်သည်။ ဌာနဆိုင်ရာတံဆိပ်နှင့် စာရွက်စာတမ်းများကို မသက်ဆိုင်သော မော်တော်ယာဉ်တွင် အသုံးပြုပါက အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ်ခြောက်လ သို့မဟုတ် ဒဏ်ငွေသုံးသိန်းအပြင် ပြစ်ဒဏ်နှစ်ရပ်လုံးလည်း ချမှတ်အရေးယူမည်ဖြစ်သည်။

မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသော မော်တော်ယာဉ်များကို ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းကို စည်းကမ်းလိုက်နာသူဒေသခံများက ကြိုဆိုလျက်ရှိကြပြီး မိတ္ထီလာမြို့ဈေးကြီးအနီးနှင့် မြို့တွင်းလမ်းများတွင် စည်းကမ်းမဲ့ယာဉ်ရပ်နားမှုများကိုလည်း အရေးယူဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျေးလက်အလှူများတွင် ခြင်းအလှခတ်ဖျော်ဖြေမှုကို ထည့်သွင်းလာ

**ရေတာရှည် နိုဝင်ဘာ ၃၀**

ရေတာရှည်မြို့နယ် အတွင်း ကျေးလက်ဒေသများမှ ကထိန်ရှင်ပြုအလှူပွဲများတွင် ဆိုင်းအဖွဲ့များ တီးခတ်ဖျော်ဖြေညှော်ခံကြရာ၌ မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ဖျော်ဖြေမှုကို တွဲ၍ အလှူရှင်များကထည့်သွင်းလာကြပြီး ပရိသတ်များ နှစ်သက်အားပေးမှုများနေသည်ကို တွေ့ရသည်။

"သမီးက ခုမှ ဆယ်တန်းတက်တုန်းပါ။ အဖေက ဆိုင်းဆရာ၊ အမေက မင်းသမီးဆိုတော့ အကလည်း သင်ထားတယ်။ ခြင်းခတ်တာလည်းပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ရထားပါတယ်"ဟု နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင်နေသည့် ခြင်းအလှခတ်သူ မိန်းကလေးတစ်ဦးက အလှူတစ်ခုတွင် လာရောက် ခြင်းခတ်ဖျော်ဖြစဉ် ပြောသည်။

ခြင်းအလှခတ်ခြင်းမှာ ယခင်က နေ့ထူးနေ့မြတ်ပွဲတော်များ၊ ဘုရားပွဲတော်များတွင်သာ ရံဖန်ရံခါတွေ့ရရာမှ ယခုအခါ ကျေးလက်ဒေသ အလှူပွဲများအထိ ကျယ်ပြန့်ရောက်ရှိလာခြင်းဖြစ်ပြီး ခြင်းဝါသနာရှင်များအတွက် အခွင့်အလမ်းကောင်းလည်း ဖြစ်လာကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုလုပ်ငန်းများမြှင့်တင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၃၀**

ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို တာချီလိတ်မြို့ရှိ နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။



အစည်းအဝေးသို့ တာချီလိတ်ကုန်သည်အသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ကြပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်သူရက ပထမခြောက်လအတွင်း လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ယခင်နှစ်များမှ ပထမခြောက်လပတ်ကာလတွင် ဆောင်ရွက်ချက်များနှင့် နှိုင်းယှဉ်ချက်များ၊ ပို့ကုန်လျော့နည်းမှုမှ ပျောက်ဆုံးသွားသောပို့ကုန်အမျိုးအစားများကို ပြန်လည်တင်ပို့နိုင်ရေးအခြေအနေနှင့် အခက်အခဲများ ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ ယခင်ကာလများတွင် တင်သွင်းခဲ့ပြီး ယခုကာလတွင် တင်သွင်းမှုပျောက်ဆုံးနေသည့် သွင်းကုန်အမျိုးအစားများကို ပြန်လည်ဖော်ထုတ် တင်သွင်းနိုင်ရေး၊ ဒေသတွင်း တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်း လက်မှတ် ITC ပြုလုပ်ပေးထားပြီး လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသည့် လုပ်ငန်းများအကြောင်း၊ သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်း၍ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ လမ်းကြောင်းမှန်ပေါ်မှ ကုန်သွယ်မှုဆောင်ရွက်လျက်ရှိသည့် ကုန်သည်လုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေး၊ တရားမဝင်ကုန်သွယ်မှုများအား Mobile Team အဖွဲ့များဖြင့် စစ်ဆေးကြပ်မတ်ဖမ်းဆီး၍ လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်အခများ အပြည့်အဝရရှိရေးစသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် အစည်းအဝေးတက်ရောက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ITC လုပ်ငန်း လုပ်ကိုင်နေကြသူများက ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်စွက်တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝေယံလင်း(တာချီလိတ်)**

# ငွေစကား၊ ရွှေစကား

ကျော်ဇော်(သမ)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေကြသူများဖြစ်ပါသည်။ နှစ်ပေါင်းများစွာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသော်လည်း လူမှုစီးပွားဘဝ သိသိသာသာမြင့်တက်လာနိုင်ခြင်းမရှိ၊ ဖွံ့ဖြိုးမှုနိမ့်ဆဲ၊ ဆင်းရဲမှုဒဏ်ခံရဆဲဘဝမှာသာရှိနေကြောင်း တွေ့ရသည်။ ထိုသို့ဖြစ်စေသော အကြောင်းရင်းများကိုစေ့ငုကြည့်ပါက အကြောင်းရင်းများစွာအနက် လူနှင့်ကျွဲ၊ နွားများကို အသုံးပြုဆောင်ရွက်သည့် မိရိုးဖလာလက်မှုလယ်ယာ အဆင့်ကမတက်ခြင်း၊ မတက်နိုင်ခြင်းသည် အဓိကအကြောင်းတစ်ခုဖြစ်ကြောင်း တွေ့ရပါသည်။ လက်မှုလယ်ယာသာ ဖြစ်သဖြင့် ရာသီချိန်မီမစိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်းလျော့ခြင်း၊ အလေအလွင့်များခြင်း၊ သီးနှံအရည်အသွေး မကောင်းခြင်း၊ ကုန်ကျစရိတ်များပြီး ဈေးကွက်တွင်မယှဉ်နိုင်ခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်မှုမရှိခြင်းစသည့် အားနည်းချက်များဖြစ်ပေါ်ခံစားကြရသည်။ သို့ဖြစ်၍ တောင်သူလယ်သမားများမှာ လုပင်ပန်းသလောက်၊ အချိန်ကုန်သလောက် ထိုက်သင့်သော အကျိုးမရကြဘဲ ဖွံ့ဖြိုးမှုနိမ့်သောဘဝ၊ ဆင်းရဲသောဘဝသံသရာမှ ရုန်းမထွက်နိုင်ကြောင်း တွေ့ရှိရသည်။

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရန်၊ ထိုမှတစ်ဆင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိပြီး လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးကို အထူးအလေးပေးဆောင်ရွက်နေမှုကို တွေ့မြင်နိုင်ပါသည်။ စက်မှုလယ်ယာစနစ်ကို အပြည့်အဝ ကူးပြောင်းနိုင်ရန် အချက်များစွာ ပြည့်စုံရန် လိုအပ်ပါသည်။ ယင်းတို့အနက် လယ်ယာသုံးစက်ကိရိယာများကို တောင်သူလယ်သမားများက တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်မှုသည်လည်း အဓိကပြည့်စုံရမည့် အချက်တစ်ချက်ဖြစ်နေပါသည်။

မိမိတို့ပိုင် လယ်ယာမြေများတွင် မိမိတို့ပိုင် လယ်ယာသုံးစက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်သည့်အခွင့်အရေးကို တောင်သူလယ်သမားတိုင်းက လိုချင်ကြသည်။ မျှော်လင့်နေသည့်မိုး တစ်ပြိုက်၊ နှစ်ပြိုက်ကျသည်နှင့် အချိန်ကိုက် မိမိတို့လယ်ယာများကို ထွန်ယက်မည်။ အချိန်မီမျိုးစေ့ကြဲပက်စိုက်ပျိုးမည်ဆိုသည့် အစီအစဉ်သည် မိမိတို့ လက်ရှိဆောင်ရွက်နေသည့် မိရိုးဖလာလက်မှုလယ်ယာ ကျွဲ၊ နွားစနစ်နှင့် မလုံလောက်၊ အချိန်ကိုက်မဖြစ်။ ဒေသတွင်းရှိ လယ်ယာသုံးစက်ကိရိယာ တစ်စီး၊ နှစ်စီးစကို အားကိုးရုံမျှဖြင့်လည်း မိမိအလှည့်ကိုစောင့်ရင်း ရာသီဥတုနှင့်အံဝင်ခွင်ကျ ချိန်ကိုက်မဖြစ်နိုင်။ မိမိလယ်မြေကို မိမိပိုင်စက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးလိုသည့်အိပ်မက်ကို အကောင်အထည်ဖော်ဖို့ စဉ်းစားပြန်တော့လည်း အသေးငယ်ဆုံး လက်တွန်းထွန်စက်တစ်စီး၏ တန်ဖိုးသည်ပင်လျှင် အနည်းဆုံး ကျပ်သိန်း ၂၀ ခန့်၊ လယ်ထွန်စက်အကြီး၊ ရိတ်သိမ်းခြွေလှေ့စက်များဆိုလျှင် ကျပ်သိန်းရာဂဏန်းခန့်အထိ တန်ဖိုးရှိသည်။ သာမန်တောင်သူလယ်သမားတစ်ဦးအတွက် မမျှော်မှန်းရဲစရာကိစ္စ ဖြစ်နေသည်။ လက်ငင်းဝယ်ယူသုံးစွဲနိုင်ရန် အလွန်အလှမ်းဝေးသော အခြေအနေပင်ဖြစ်သည်။

**ထိုအခြေအနေများကြောင့် တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူအသုံးပြုနိုင်အောင် သမဝါယမက ငွေကြေးကြားခံပေးပြီး ဝယ်ယူသူက အရစ်ကျပြန်ဆပ်စေသည့် Hire Purchase စနစ်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ထိုစနစ်အရ တောင်သူလယ်သမားများက ဈေးကွက်အတွင်းမှ မိမိ လိုရာ၊ ကြိုက်နှစ်သက်ရာ လယ်ယာသုံးစက်ပစ္စည်းကို စိတ်ကြိုက်ဝယ်ယူခွင့်ရှိသည်။ ဝယ်ယူသူက စက်ပစ္စည်း တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို လက်ငင်းပေးချေရပြီး ကျန်တန်ဖိုးကို သမဝါယမက ကြားခံစိုက်ထုတ်ပေးသည်။ ဝယ်သူက ခြောက်လတစ်ကြိမ် အရစ်ကျအရင်းတန်ဖိုးနှင့် အတိုးကို သမဝါယမသို့ ပြန်လည်ပေးဆပ်ရသည်။ အတိုး နှုန်းမှာ ငွေ ၁၀၀ ကျပ် တစ်လတစ်ကျပ် ၁၅ ပြားဖြစ်သည်။ ပြန်ဆပ်ကာလမှာစက်ပစ္စည်းတန်ဖိုးကိုလိုက်ပြီး နှစ်နှစ် သို့မဟုတ် သုံးနှစ်သတ်မှတ်ထားသည်။**



ဦးဝင်းကျော်ဦး ဇီးဖြူကုန်း လယ်ယာနှင့်အထွေထွေသမဝါယမအသင်း ဇီးဖြူကုန်းကျေးရွာ မြစ်သားမြို့နယ် မန္တလေးတိုင်းဒေသကြီး။

ထိုစနစ်ကို တောင်သူလယ်သမားများ ကြိုက်နှစ်သက်ကြသည်။ ၎င်းတို့လိုအပ်သော လယ်ယာသုံးစက်ပစ္စည်းများကို ဝယ်ကြသည်။ သို့သော် "ဘဲအုပ်ကတစ်ရာနှစ်ရာ၊ မဗေဒါကတစ်ပင်တည်း" ဆိုသလို လယ်သမားများလိုသလောက်ကို ကြားခံပေးနိုင်ရန် သမဝါယမမှာ ငွေကမရှိ။ ၂၀၁၄ ခုနှစ်တွင် တရုတ်ချေးငွေရသော်လည်း အသေးစားချေးငွေလုပ်ငန်းတွင်သာ အသုံးပြုနိုင်ပြီး Hire Purchase လုပ်ငန်းတွင်သုံးခွင့်မရှိ။ သို့ပါ၍ စနစ်က ကောင်းသော်လည်း၊ လယ်သမားက ကြိုက်သော်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မပေးနိုင်။ ကန့်သတ်ချက်အခက်အခဲတွေ တွေ့လာရပြန်သည်။

ထိုအခက်အခဲကို ဖြေရှင်းနိုင်အောင် အကြီးအကဲများထံတင်ပြသည်။ နည်းလမ်းရှာသည်။ သမ္မတကြီးကိုယ်တိုင်ကလည်း ဤလုပ်ငန်းအပေါ် စိတ်ဝင်စားပြီး နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းနည်းလမ်းရှာသည်။ သမဝါယမဝန်ကြီးအား ဂျပန်နိုင်ငံသို့ စေလွှတ်သည်။ ကိုရီးယားသမ္မတနိုင်ငံသို့စေလွှတ်သည်။ နောက်ဆုံး ကိုရီးယားသမ္မတနိုင်ငံအစိုးရနှင့် ဒေဒုံကုမ္ပဏီတို့နှင့်ဆက်စပ်မိပြီး ဒေဒုံကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာများကို ဒေါ်လာသန်း ၁၀၀ ဖိုး အကြွေးရောင်းချပေးရန် သဘောတူညီချက်ရရှိခဲ့သည်။

သဘောတူညီချက်မရမီ ညှိနှိုင်းဆဲကာလတွင်ပင် ဒေဒုံကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာများ၏ တည်ဆောက်ပုံ၊ အရည်အသွေး၊ မောင်းနှင်အသုံးပြုနည်း၊ အသုံးဝင်ပုံစသည်တို့ကို လယ်သမားများ သိရှိလေ့လာနိုင်အောင် သရုပ်ပြပွဲများပြုလုပ်သည်။ တိုင်းဒေသကြီး/ ပြည်နယ်ခုနစ်ခုတွင် ပြုလုပ်ပြီး ကျန်နီးစပ်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လယ်သမားများကိုလည်း ဖိတ်ကြားတက်ရောက်စေခဲ့သည်။ သို့ဖြစ်၍ ခုနစ်နေရာ၌သာ ပြုလုပ်သော်လည်း တိုင်းဒေသကြီး/ ပြည်နယ်အားလုံးမှ လယ်သမားကိုယ်စားလှယ်များ သိရှိလေ့လာခွင့်ရခဲ့သည်။ တောင်သူလယ်သမားများက ၎င်းတို့၏ လိုလားချက်များ၊ အကြံပြုချက်များပေးခဲ့သည်။ ဝယ်ယူလိုသော စက်အမျိုးအစား၊ အရေအတွက်ကိုပင် အကြမ်းဖျင်းအဆိုပြုခဲ့ကြသည်။

သရုပ်ပြပွဲများမှရရှိသော တောင်သူလယ်သမားများ၏ လိုလားချက်၊ အကြံပြုချက်နှင့် အဆိုပြုချက်များကို အခြေခံပြီး ဒေဒုံကုမ္ပဏီနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။ ဝယ်ယူမည့် စက်ပစ္စည်းအမျိုးအစား၊ ဈေးနှုန်း၊ ပစ္စည်းအာမခံ၊ လေ့ကျင့်သင်ကြားပေးရေး၊ ပြင်ဆင်ရေး၊ ဝန်ဆောင်မှုစနစ် (Servicing) စသည်တို့ကို သတ်မှတ်ဆုံးဖြတ်ကြသည်။ ထို့နောက် လုပ်ထုံးလုပ်နည်းများအတိုင်း အစိုးရအဖွဲ့၏အတည်ပြုချက်၊ လွှတ်တော်၏ သဘောတူညီချက်တို့ဖြင့် စက်ပစ္စည်းများကို စာချုပ်ချုပ်ဆို ဝယ်ယူခဲ့သည်။

**၂၀၁၅ ခုနှစ်အတွင်း စက်ပစ္စည်းများ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ရာ လယ်သမားများ စိတ်ကြိုက်ဝယ်ယူနိုင်အောင် ရောင်းချပေးနိုင်ခဲ့သည်။ ယနေ့အထိ ၁၀ လအတွင်း ဒေဒုံလယ်ယာသုံးစက်ကိရိယာပေါင်း ၂၅၅၉ စီးကို ရောင်းချပေးထားပြီး ဖြစ်ပါသည်။**

တောင်သူလယ်သမားများသည် ဒေဒုံစက်ပစ္စည်းများကို ကြိုက်နှစ်သက်ကြ၊ ဝယ်ယူကြသလို ဈေးကွက်အတွင်းမှ ဈေးသက်သာသော စက်ပစ္စည်းများကိုလည်း တချို့ကဝယ်ယူလိုကြသည်။ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် အဆိုပြုကြပြန်သည်။ သို့သော် မိမိတို့မှာ ပံ့ပိုးဆောင်ရွက်ပေးရန် ငွေကြေးမရှိ။ သို့ဖြစ်၍ **China EXIM Bank** နှင့်ညှိရပြန်သည်။ ထိုညှိနှိုင်းမှုကြောင့် ၂၀၁၅ ခုနှစ်အတွင်း နောက်ထပ် ဒေါ်လာသန်း ၃၀၀ ချေးယူငွေဖြင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကိုသာမက ဈေးကွက်အတွင်းမှ တောင်သူများအကြိုက် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူမှုတွင် ကြားခံဆောင်ရွက်ခွင့်ကိုလည်း သဘောတူညီချက်ရရှိခဲ့သည်။

သို့ဖြစ်၍ ယနေ့အခါ ဒေဒုံလယ်ယာသုံးစက်ပစ္စည်းများသာမက ဈေးကွက်အတွင်းမှ လယ်ယာသုံးစက်ပစ္စည်းများကိုလည်း Hire Purchase စနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။ လယ်ယာသုံးသာမက တောင်သူလယ်သမားများ လိုအပ်သော လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးပစ္စည်းများကိုပါ Hire Purchase စနစ်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။

ယနေ့အထိ ပြည်သူများထံ ရောင်းချပေးထားသော လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများနှင့်တန်ဖိုးအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| အမျိုးအစား | အရေအတွက်(စီး) | သင့်ငွေ(ကျပ်သန်း) | ပိုင်ဆိုင်မှု(စီး) |
|---|---|---|---|
| - ဒေဒုံလယ်ယာသုံးစက်ကိရိယာ | ၂၅၅၉ | ၅၈၄၄၉.၈၃၁ | ၁ |
| - အခြား | ၃၂၉၁၂၆ | ၇၁၀၆၆.၂၂၂ | ၄၁၃၇ |
| - လယ်ယာသုံး | ၁၇၈၄၉ | ၄၈၆၅၇.၄၁၀ | ၂၁၃ |
| - လုပ်ငန်းသုံး | ၂၃၈၅၃ | ၂၀၁၂၄.၉၉၅ | ၃၉၂၂ |
| - ရေလုပ်ငန်းသုံး | ၂၈၇၄၂၄ | ၂၂၈၃.၈၁၇ | ၂ |
| **စုစုပေါင်း** | **၃၃၁၆၈၅** | **၁၂၉၅၁၆.၀၅၃** | **၄၁၃၈** |

**အထက်ပါဇယားကိုကြည့်ပါက အချိန်တိုကာလအတွင်း လယ်ယာသုံးစက်ပစ္စည်းပေါင်း ဒေဒုံစက်ပစ္စည်း ၂၅၅၉စီး၊ ဈေးကွက်အတွင်းမှ အခြားလယ်ယာသုံးစက်ပစ္စည်း ၁၇၈၄၉ စီး စုစုပေါင်း ၂၀၄၀၈ စီး ရောင်းချပေးနိုင်သည်ကို တွေ့မြင်နိုင်ပါသည်။ ပြည်သူများလိုအပ်သော လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးပစ္စည်းအများအပြား ရောင်းချပေးနိုင်မှုကိုလည်း မြင်နိုင်ပါသည်။ ယင်းအနက်မှ လယ်ယာသုံးစက်ပစ္စည်းပေါင်း ၂၁၄ စီး၊ လုပ်ငန်းသုံး ၃၉၂၂ ခု၊ ရေလုပ်ငန်းသုံး ပစ္စည်းနှစ်ခုတို့မှာ ယခုအခါ ငွေအပြီးအကျေပေးဆပ်ပြီး၍ ပြည်သူများ ကိုယ်ပိုင်ဖြစ်သွားပြီဖြစ်ရာ ပြည်သူများ၏ လူမှုစီးပွားဘဝအတွက် မည်မျှအထောက်အကူဖြစ်မည်ကို တွေးဆကြည့်နိုင်ပါသည်။**

**သို့သော် မြန်မာနိုင်ငံ၏ လယ်ယာလုပ်ငန်းပမာဏနှင့် လက်ရှိဝယ်ယူသုံးစွဲနေသော စက်ပစ္စည်းအရေအတွက်ကို နှိုင်းယှဉ်ကြည့်ပါက စက်ပစ္စည်းများ များစွာထပ်မံသုံးစွဲနိုင်ရန် လိုအပ်နေသေးသည်ကို တွေ့မြင်နိုင်ပါသည်။ သို့ဖြစ်၍ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့်ရောင်းချမှုလုပ်ငန်း၏ အနာဂတ်ရည်မှန်းချက်အဖြစ်-**

- **ပထမအဆင့် ကျေးရွာတိုင်းတွင် လယ်ယာသုံးစက်ရှိအောင် ဆောင်ရွက်ပေးရန်၊**
- **နောက်ဆုံးအဆင့် မိသားစုတိုင်း လယ်ယာသုံးစက်ရှိပြီးသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးရန်။**
- **လယ်ယာကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းများ ထူထောင်ပြီး တန်ဖိုးကြီးစက်များဖြင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်ရန်၊**
- **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် လယ်ယာမြေများပြုပြင်ပြီး စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနိုင်အောင် ပူးပေါင်းဆောင်ရွက်ရန်၊**
- **လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးပစ္စည်းများနှင့် နောက်ဆုံးအိမ်သုံး၊ လူသုံးပစ္စည်းများကိုပါ အရစ်ကျငွေချေစနစ်ဖြင့် တိုးချဲ့ဆောင်ရွက်ပေးနိုင်အောင် ဆောင်ရွက်ရန်**

တို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ချမှတ်ထားရှိပါသည်။

သို့ဖြစ်၍ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်အားပေးမှု၊ အစိုးရနှင့်လွှတ်တော်၏ သဘောတူခွင့်ပြုမှုတို့ဖြင့် မြန်မာတောင်သူလယ်သမားများအတွက် ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးကိုရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်းသည် ပြည်ပချေးငွေသက်တမ်းကာလ၏ ခုနစ်ပုံတစ်ပုံကာလဖြစ်သည့် တစ်နှစ်တာကာလအတွင်း မည်မျှထိရောက် အကျိုးဖြစ်ထွန်းမှုရှိပြီလဲဆိုသည်ကို အထက်ဖော်ပြပါအချက်များအပြင် ပေါင်းစပ်အကဲဖြတ်နိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုလျက်ရှိသော တောင်သူများ၏ ရင်းတွင်းစကားသံများဖြင့် သက်သေထူဖော်ပြလိုက်ပါသည်-

**ဦးဝင်းကျော်ဦး ဇီးဖြူကုန်းကျေးရွာ မြစ်သားမြို့နယ်**

ဒေဒုံမြင်းကောင်ရေ ၆၀ (RX-6020) ထွန်စက်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ဝယ်ယူအသုံးပြုခဲ့ပါတယ်။ စက်ဝယ်ယူတဲ့ကာလကနေ အခုလေးလအတွင်းမှာ မိမိလယ်ကိုထွန်ယက်ခဲ့ပြီး အခြားလယ်များကိုလည်း အငှားလိုက်ထွန်ယက်ခဲ့ပါတယ်။ ကျွန်တော်တို့ဒေသမှာ မိုးစပါး၊ နွေစပါး၊ ကြက်သွန်နီ၊ နှမ်း၊ ပဲအမျိုးမျိုးနဲ့ ငရုတ်စိုက်တဲ့ဒေသဖြစ်လို့ တစ်နှစ်ပတ်လုံး ထွန်ယက်စိုက်ပျိုးကြပါတယ်။ ထွန်ယက်စိုက်ပျိုးတဲ့နေရာမှာ တောင်သူများအကြိုက် စိတ်ရှည်ရှည်နဲ့ ဖြည်းဖြည်းမှန်မှန် ထွန်ယက်ပေးလို့ တောင်သူတွေ အကြိုက်များပြီး အငှားလိုက်ရတာလည်းများပါတယ်။ ကျွန်တော်တို့ဒေသရဲ့ မြေတွေက အများအားဖြင့် နုန်းမြေ၊ စနယ်မြေများဖြစ်လို့ ထွန်ယက်ရာမှာ စက်သက်သာမှုရှိပြီး အကျိုးအမြတ်ပိုမိုရရှိပါတယ်။ စက်ဝယ်ယူပြီး လေးလအတွင်းမှာ လယ်မြေဧက ၄၅၀ ခန့် ထွန်ယက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဆီမှာ လယ်တစ်ဧကထွန်ယက်ခ ကျပ် ၂၀၀၀၀ ရှိပါတယ်။ တစ်နေ့ကို ရှစ်ဧက ထွန်ယက်ပြီးစီးပါတယ်။ တစ်ခါတလေ နေ့ရော ညပါလိုက်ပြီး ထွန်ယက်ပေးရပါတယ်။ စရိတ်စကတွေကို နုတ်ပြီး အသားတင်ဝင်ငွေ အကျိုးအမြတ်အနေနဲ့ ငွေကျပ် ၃၅ သိန်း ရရှိနေပါပြီ။ ကျွန်တော်က စက်ကိုအသုံးပြုရာမှာ စည်းကမ်းရှိရှိ ညင်ညင်သာသာနဲ့ သင်တန်းများကမှာလိုက်တဲ့အတိုင်း လိုက်နာအသုံးပြုခဲ့လို့ စက်လည်း အခုအချိန်ထိ ကြံ့ခိုင်မှုရှိပါတယ်။ တစ်စုံတစ်ရာ ပျက်စီးမှုမရှိပါဘူး။ အင်ဂျင်ဝိုင်နဲ့ ဒီဇယ်ဆီကိုလည်း လုံးဝအပြတ်မခံဘဲ အမြဲဖြည့်ပြီး အသုံးပြုတဲ့အတွက်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

စက်စွမ်းအားမကျဘဲ သုံးလို့ပိုကောင်းပါတယ်။

**ဦးသိန်းဌေး မကွေးမြို့နယ်**

ဒေဒုံမြင်းကောင်ရေ 90 (RX-9020) ထွန်စက်ကို အရစ်ကျငွေချေစနစ်နဲ့ဝယ်ပြီး တွဲဖက်အသုံးပြုဖို့ ကျပ် သိန်း ၂၀ တန်နဲ့ ခုနစ်သွားထယ်ကို လက်ငင်းငွေပေးပြီး ဝယ်ယူခဲ့ပါတယ်။ လယ်လုပ်ငန်းပြီးလို့ အခြားသူတွေရဲ့ လယ်တွေကို အငှားလိုက်ခဲ့ပါတယ်။ တစ်ဧကကို နှစ်သောင်းနှုန်းနဲ့ ဒီနေ့အထိ ဧက ၅၀၀ ထွန်ယက်နိုင်ခဲ့ပါတယ်။ တစ်ဧကထွန်ယက်ပါက ၄၅ မိနစ်ခန့်ကြာမြင့်ပြီး ဆီငါးပုလင်းခန့်သာ ကုန်ပါတယ်။ စက်မောင်းချိန် နာရီ ၅၀ မှာ အင်ဂျင်ဝိုင်တစ်ကြိမ်နှုန်း လဲလှယ်ရပါတယ်။ အင်ဂျင်ဝိုင်နှစ်ကြိမ်လဲပြီး ဖြစ်ပါတယ်။ ဆီဖိုး၊ စက်မောင်းနှင်ခပေးရတာနဲ့ အင်ဂျင်ဝိုင်လဲလှယ်စရိတ်၊ ဒီကုန်ကျစရိတ်တွေနုတ်ပြီး အသားတင်ဝင်ငွေကျပ် ၇၈၀၇၀၀၀ ရရှိပြီးဖြစ်ပါတယ်။

**ဦးရဲထွန်း ကတိုက်ကြီးကျေးရွာ သထုံမြို့နယ်**

ကျွန်တော်ကတော့ သထုံမြို့နယ် ကတိုက်ကြီးကျေးရွာ လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသား လယ်သမားတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်ပိုင် လယ် ၁၅ ဧက ရှိပါတယ်။ လက်တွန်းထွန်စက် (စီဖန်း) ထယ်စုံတစ်စီးကို သထုံမြို့နယ် သမဝါယမအသင်းလီမိတက်က ထောက်ပံ့ငွေနဲ့အရစ်ကျပေးချေတဲ့ စနစ်အရ ၂၀-၃-၂၀၁၄ ရက်နေ့မှာ ရယူခဲ့ပါတယ်။ လက်တွန်းထွန်စက်ကို ကျွန်တော် သုံးစွဲခွင့်ရရှိလာတဲ့အတွက် လယ်မြေပြုပြင်ရာမှာ အချိန်ကုန်သက်သာပြီး ကိုယ့်လယ်စောစောပြီးတယ်။ ကိုယ့်လယ်ပြီးလို့သူများလယ်မှာလိုက်ပြီး အခကြေးငွေနဲ့ အခစားလိုက်ဆောင်ရွက်ပေးနိုင်လို့ အပိုဝင်ငွေရရှိလာပါတယ်။ ကိုယ့်လယ်ကို ကိုယ်ပိုင်စက်နဲ့ ပြုပြင်နိုင်လို့ နှစ်စဉ်စက်အငှားအသုံးစရိတ်တစ်ဧက ငွေကျပ် ၂၄၀၀၀ နှုန်းနဲ့ ကျွန်တော့်လယ် ၁၅ ဧကအတွက် ငွေကျပ် ၃၆၀၀၀၀ သက်သာခဲ့ပါတယ်။ ဒီသက်သာငွေနဲ့ စပါးရိတ်သိမ်းခြွေလှေ့ခြင်းကို အခြားသူပိုင်စက်ကို ငှားရမ်းသုံးနိုင်လို့ လုပ်ငန်းမြန်မြန်ဆန်ဆန်ပြီးတဲ့အတွက် စပါးပြီးနောက် ပဲမျိုးစုံကို အချိန်မီစိုက်ပျိုးနိုင်လာပါမယ်။ တစ်နှစ်တစ်သီးစားကနေ နှစ်သီးစား စိုက်လာနိုင်လို့ မိသားစုဝင်ငွေတိုးပွားလာပါတယ်။ လက်တွန်းထွန်စက်မရရှိမီက အခြားစက်ရှိသူများထံမှ ငှားရမ်းသုံးစွဲရလို့ ကိုယ့်လယ်ကိုယ် အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ခြင်းမရှိဘဲ ကောက်စိုက်သမားငှားရမ်းတဲ့နေရာမှာ အချိန်ကာလတိတိကျကျ မပေးနိုင်တဲ့အတွက် ကောက်စိုက်သမားအခက်အခဲတွေကိုပါ တွေ့ကြုံရတတ်ပါတယ်။ အဲဒီအခါမှာ ကောက်စိုက်သမားမရလို့ မျိုးသက်ရင့်ပြီး စပါးအထွက်နည်းတာ ကြုံရပါတယ်။ ဒီလို လယ်ယာသုံးစက်ကိရိယာပစ္စည်းတွေကို အရစ်ကျငွေချေစနစ်နဲ့ သမဝါယမက ထောက်ပံ့ကူညီဆောင်ရွက်ပေးတဲ့အတွက် လယ်သမားများမှာ လယ်ယာအသုံးစရိတ်လျော့နည်း၍ အပိုဝင်ငွေတွေရရှိလာကာ လယ်ယာလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာနိုင်ပါတယ်။ လယ်လုပ်ငန်းအတွက် အခြားသွင်းအားစုများကိုပါ တဖြည်းဖြည်းဖြည့်တင်းလာနိုင်မယ်ဆိုရင် မိရိုးဖလာသမားရိုးကျဆောင်ရွက်နေတဲ့ လက်မှုလယ်ယာမှ ခေတ်မီတဲ့စက်မှုလယ်ယာစနစ်ကို မိမိတို့စိတ်ကြိုက်ပြုပြင်ဖန်တီးလာနိုင်မှာ မြင်ယောင်နေပါတယ်။ ဝင်ငွေတိုးတက်လာတဲ့အတွက် ကျွန်တော်အပါအဝင် ကျွန်တော်တို့လယ်သမားတွေ တီဗွီ၊ အောက်စက်၊ ရေခဲသေတ္တာစတဲ့ အိမ်သုံးပစ္စည်းတွေကို ဝယ်ယူသုံးစွဲလာနိုင်ကြပြီး လူနေမှုအဆင့်အတန်းမြင့်မားလာတဲ့အပြင် အမြင်ကျယ်တဲ့လယ်သမားတွေ ဖြစ်လာနေပြီဖြစ်ပါတယ်။

**ဦးခင်ဆောင် ဖိုလေးလုံးကျေးရွာ မကွေးမြို့နယ်**

ထွန်စက် (Indo Farm) တစ်စီး ဝယ်ယူခဲ့ပါတယ်။ ထွန်စက်ရဲ့ တန်ဖိုးက ငွေကျပ်သိန်း ၁၃၀ ဖြစ်ပြီး စက်တန်ဖိုးရဲ့ ၂၀ ရာခိုင်နှုန်းနဲ့ ညီမျှတဲ့ ၂၆ သိန်းကို ဦးစွာပေးသွင်းရပါတယ်။ ကျန်ငွေကို ခြောက်လတစ်ကြိမ် အရင်းနဲ့အတိုးငွေကို သုံးနှစ်အရစ်ကျပေးဆပ်ရပါမယ်။ အတိုးနှုန်း ၁ ဒသမ ၁၅ ကျပ် ဖြစ်ပါတယ်။ အရင်က မိမိပိုင် ထွန်စက်မရှိလို့ ကျွဲ၊ နွားတွေနဲ့ ထွန်ယက်ရလို့ အချိန်ကုန်လူပင်ပန်းတာ၊ စိုက်ပျိုးရာတွင် နှောင့်နှေးကြန့်ကြာတာတွေရှိခဲ့ပါတယ်။ သမဝါယမဝန်ကြီး ဌာနရဲ့ထောက်ပံ့မှုဖြင့် မိမိပိုင်ထွန်စက်ရှိလာ၍ ယာမြေတွေကို နည်းစနစ်တကျ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်လို့ သီးနှံထွက်ရှိမှုပိုမိုအားကောင်းလာပါတယ်။ မိမိပိုင်ထွန်စက်နဲ့ အခြား တောင်သူတွေရဲ့ ယာမြေတွေကိုပါ ဆက်လက် ထွန်ယက်ပေးနိုင်တဲ့အတွက် စက်ငှားရမ်းခရရှိသလို မိမိနည်းတူ အခြားတောင်သူတွေလည်း သီးနှံတွေကို ရာသီအမီစိုက်ပျိုးနိုင်စေခဲ့ပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေကို ယခုကဲ့သို့ အရစ်ကျငွေချေစနစ်နဲ့ ဆက်လက်ရောင်းချပေးစေလိုပါတယ်။

ကျေးလက်တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် စက်ကိရိယာများတွင်တွင်ကျယ်ကျယ် သုံးစွဲလာနိုင်ခြင်းသည် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းမှု၏အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ စိုက်ပျိုးချိန်ရာသီအမီ စိုက်ပျိုးနိုင်ခြင်း၊ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ လုပ်အားခနှင့် စရိတ်စက သက်သာခြင်း၊ သီးနှံအရည်အသွေးကောင်းပြီး ဈေးကောင်းရခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ သီးထပ်သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် ကောင်းမွန်သောအထောက်အပံ့များကို ဖြစ်စေပြီး တောင်သူလယ်သမားများအတွက် မြေကြီးက ရွှေသီးသည့်အဖြစ်သို့ မုချမသွေရောက်ရှိတော့မည်မှာ ယုံမှားသံသယဖြစ်ဖွယ်ရှိမည်မထင်ပါ။ ထိုသို့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားရေးကဏ္ဍသည်လည်း မလွဲမသွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

**ယခုပင်လျှင် ဦးဝင်းကျော်ဦး၊ ဦးသိန်းဌေး၊ ဦးရဲထွန်းတို့က “ငွေစကား၊ ရွှေစကား” တွေ ဆိုနေကြချေပြီ မဟုတ်ပါလားခင်ဗျာ ....။**




## အရန်သားဖွားဆရာမ သင်တန်းဆင်း

**လဲချား နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အာရ်အိုင် (Relief International) တို့ ပူးပေါင်းဖွင့်လှစ်သော အရန် သားဖွားသင်တန်းဆင်းပွဲကို လဲချားမြို့နယ်၌ နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရရှိသူသင်တန်းသူသုံးဦးအား ဆုများချီးမြှင့်ခဲ့သည်။အဆိုပါ သင်တန်းကို မေ ၁၄ ရက်မှ နိုဝင်ဘာ ၂၀ရက်အထိ ခြောက်လကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **မစု(ပြန်/ဆက်)**

# နမ့်ခမ်း၌ မြို့တွင်းလမ်းငါးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီး

**နမ့်ခမ်း နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ လွှတ်တော်ထောက်ပံ့ရန်ပုံငွေနှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေဖြင့် မြို့တွင်းလမ်းငါးလမ်းတို့ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းများကို လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၂၅၀ နှင့်အတူ ဒေသခံပြည်သူလူထုထည့်ဝင်ငွေကျပ် ၆၇ သိန်း စုစုပေါင်း ၃၁၇ သိန်းဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ပြီး မိုခမ်းရပ်ကွက်ရှိ မိုင်းပွန်လမ်းသွယ် ၁၊ မိုင်းပွန်လမ်းသွယ် ၂၊ အမှတ်(၆) စာရေးတန်းရပ်ကွက်ရှိ ကျန်စစ်သားလမ်းသွယ်၊ အမှတ်(၃) ရပ်ကွက်ရှိ နောင်ခန့်အမကလမ်း၊ ပေါက်တိုက်ရပ်ကွက်ရှိ ညောင်ပင်သာလမ်းစသည့် လမ်းငါးလမ်းတွင် စုစုပေါင်း (၂၇၀၅×၁၂) ပေကို ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုများကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ကော်မတီ သုံးရပ်၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနက ကတ္တရာခြောက်တန်ထောက်ပံ့၍ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# ရာသီဥတုပြောင်းလဲခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

အာရှသဘာဝဘေး အန္တရာယ်ပြင်ဆင်ရေးဌာန (Asian Disasters Preparedness Center- ADPC) နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ အထောက်အပံ့များဖြင့် သဘာဝဘေးအန္တရာယ်များ လျော့ချခြင်းဆိုင်ရာနှင့် ရာသီဥတု ပြောင်းလဲခြင်းများကြောင့် စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများ ဆန်းစစ်လေ့လာခြင်းနှင့် စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေး ပွဲကို နိုဝင်ဘာလ တတိယပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည်။ **(ယာပုံ)**



“ဒီအလုပ်ရုံဆွေးနွေးပွဲကို သဘာဝဘေးအန္တရာယ်တွေကြောင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ စိုက်ပျိုးရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုတွေ ပိုမိုသိရှိနားလည်လာစေဖို့၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတွေကြားမှာရှိတဲ့ ဆက်နွယ်မှုတွေ အကြောင်းကို ပိုမိုသိရှိနားလည်လာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီဆွေးနွေးပွဲတွင် သဘာဝဘေးအန္တရာယ်တွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ပျက်ဆီးဆုံးရှုံးမှုတွေကို ကြိုတင်ကာကွယ်နိုင်မယ့်အကြောင်း အရာတွေနဲ့ ပတ်သက်ပြီး အလေးထားဆောင်ရွက်ရမယ့်အရာတွေကို ဆွေးနွေးခဲ့ကြပါတယ်”ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောကြားသည်။

အခမ်းအနားတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က အမှာစကား ပြောကြားကြပြီး ADPC မှ ပညာရှင် ဒေါက်တာAlex Barrettက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနတို့မှ ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး၊ ဓာတ်ပုံ-ချစ်သမီး**

# ပျားရှာလုပ်ငန်း လုပ်ကိုင်ကြသူများ နေ့စဉ်ဝင်ငွေရရှိ

**ငါ့သရောက် နိုဝင်ဘာ ၃၀**

တန်ဆောင်မုန်းလဖြစ်သည့် ဆောင်းရာသီအချိန်သည် ပျားရည်စစ်စစ်ထွက်ရှိသည့် ကာလဖြစ်၍ ငါ့သရောက် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ဒေသခံများအနေဖြင့် ပျားရှာသည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး နေ့စဉ်ဝင်ငွေရရှိခြင်းကြောင့် ပျားရှာလုပ်ငန်းလုပ်ကိုင်ကြသူများ အဆင်ပြေနေကြကြောင်း ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာရှိ ပျားရှာလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

“အခုအချိန်က ထန်းလုပ်ငန်းက နည်းပါးလာ၍ အလုပ်ရအောင် ပျားရှာလုပ်ငန်းကို ပြောင်းပြီးလုပ်တာပါ။ ပျားရှာရတာကတော့ ပုံမှန်တော့မရှိပါဘူး။ တစ်နေ့ကို အနည်းဆုံးတော့ ပုလင်းနဲ့လေးငါးလုံး လောက်တော့ရပါတယ်။ ပျားရည်တစ်ပုလင်းကိုလည်း ငွေကျပ် ၃၀၀၀၊ ၃၅၀၀ ရောင်းရပါတယ်။ ဝယ်တဲ့သူလည်းပေါတော့ ရှာမလောက်ပါပဲဗျာ။ နောက်ပြီး ပျားရှာတဲ့လုပ်ငန်းက မိသားစုအတွက် နေ့စဉ်တော့ အနည်းနဲ့အများ ဝင်ငွေပုံမှန်ရနေတဲ့အတွက် လုပ်ငန်းလုပ်ရတာအဆင်ပြေပါတယ်” ဟု ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ ပျားရှာလုပ်ငန်းလုပ်ကိုင်သူ ကိုဝင်းသန်းဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ချင်း၏ ထူးခြားသော ဆေးဖက်ဝင်အာနိသင်များ

**ကြည်လွင်မြင့် (မုဒြာ)**



ကွန်ပျူတာနှင့် စာရင်းဇယားများ နေ့စဉ်လုပ်ရသော စာရင်းကိုင်အမျိုးသမီးတစ်ဦးသည် ကြာသောအခါ ခေါင်းကိုက်ရောဂါရလာသည်။ ကွန်ပျူတာအသုံးများ၍ ခေါင်းကိုက်လာသောအခါ သူ၏နားထင်နှစ်ဖက်တွင် ချင်းတက်ကို ပါးပါးလှီးပြီး ကပ်ထားလိုက်သည်။ ခဏကြာလျှင် ချင်းမှ အပူဓာတ်ထွက်လာပြီး ခေါင်းကိုက်ဝေဒနာသည် သက်သာသွားသည်ဟု ဆိုသည်။ ဤနည်းကို ယနေ့အများသုံးနေကြသည့် ဆိုရှယ်နက်ဝပ်ဖြစ်သည့် ဖေ့စ်ဘွတ်ခ်ပေါ်မှ ရလာခြင်းဖြစ်သည်ဟု သူက ဆိုပါသည်။

အရှေ့တိုင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်ပြည်တို့တွင် ချင်းတက်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် လွန်စွာအသုံးများသည်။ အသားဟင်းများချက်ရာတွင် နူးလွယ်ခြင်း၊ အစာကြေခြင်းတို့ကြောင့် ဟင်းတိုင်းတွင် မပါမဖြစ်အသုံးပြုကြသည်။ မြန်မာနိုင်ငံတွင် ကုန်းဘောင်ခေတ်နှောင်း၊ အောက်မြန်မာပြည်ကို အင်္ဂလိပ်များသိမ်းပြီးချိန်မှစ၍ အိန္ဒိယလူမျိုးများ ရောက်လာသည်နှင့်အတူ သင်္ဘောကြီးများဖြင့် ချင်းတက်၊ ချင်းခြောက်များ ပါလာသည်။ ချင်းတက်ကို မပုပ်စေရန် အပေါ်ခွံများခွာပြီး ထက်ခြမ်းခွဲ၍ မဖောက်ထုံးရည်ကြည်များဖျန်းထားသော ချင်းများကို သင်္ဘောချင်းဟု ခေါ်ကြသည်။ ပရဆေးဆိုင်များ၌ ဆေးဖော်သောအခါတွင်သုံးရန် ထုံးရည်ဖျန်းထားသောချင်းခြောက်ကို သင်္ဘောချင်းခြောက်ဟူ၍ ယနေ့အထိ ရောင်းချနေကြဆဲဖြစ်သည်။ ရှေးက သင်္ဘောနှင့် အိန္ဒိယမှ လာသောချင်းကို စွဲနေကြသဖြင့် မြန်မာပြည်မှာထွက်သောချင်းကို ပြုတ်ပြီး ထုံးရည်ကြည်ဖျန်းထားသည်ကိုလည်း သင်္ဘောချင်းဟု ယခုတိုင်ခေါ်ကာ ဆေးဆရာများသုံးရန် ရောင်းနေကြခြင်းဖြစ်သည်။

ချင်းတက်အစိုကို မြေတွင်တူး၍ အပင်စိုက်ထားလျှင် အပင်ပေါက်လာသည်။ ထိုအပင်သည် အမြင့် သုံး၊လေးပေအထိ မြင့်သည်။ ပင်ပျော့မျိုးဖြစ်သည်။ ရွက်ယောင်ပင်စည်ရှိသည်။ ရွက်ရင်း သွယ်သည်။ ဝါစိမ်းသောအပွင့်လေးများ ပွင့်သည်။ တပေါင်း၊တန်ခူးလတွင် အပင်အရွက်များ ရော်၍ကျသွားပြီး မိုးဦးကျတွင် မြေတွင်းရှိ အညိုရောင်ချင်းတက်မှာ အပင်များ ပြန်ပေါက်လေ့ရှိသည်။

ရှေးလူကြီးများက ‘အိမ်တွင် ချင်းတစ်ပင်စိုက်ထားပါက ဆေးဆရာကြီးတစ်ဦးကို ပင့်ထားသည်နှင့် တူသည်’ဟု ချင်း၏ဆေးဖက်ဝင် အစွမ်းထက်ပုံကို တင်စား၍ပြောကြသည်။ ဆေးကျမ်းများအဆိုအရ ချင်းစိမ်းသည် အစာကြေလွယ်၏။ ဝမ်းမီးတောက်စေ၏။ ဆီးဝမ်းရှင်စေ သုတ်ပွားစေ၏။ အဆိပ်ကိုနိုင်၏။ သလိပ်နှင့် သည်းခြေဒေါသကို နိုင်၏။ အနာပေါက်၊ ချောင်းဆိုး၊ ပန်းနာအဖျား၊ ထိခိုက်မိ၍ ရောင်ခြင်းကို ပျောက်ကင်းစေနိုင်၏။

ချင်းခြောက်သည် နှုတ်မြိန်စေ၏။ ကြေကျက်လွယ်၏။ ချုပ်ခြင်းကို ပျောက်စေ၏။ အော့အန်နာ၊ လေထိုးလေအောင့်၊ ချောင်းဆိုး၊ နှလုံး၊ ဆင်ခြေထောက်၊ ဝမ်းဗိုက်နာရောဂါတို့ကို ပျောက်ကင်းစေနိုင်၏ဟု ရှင်နာဂသိန်၏ အခြေပြုဆေးအဘိဓာန်(၁၉၆၇ ထုတ်၊ စာ-၂၅၃)တွင် ဖော်ပြထားသည်။

အာယုဗေဒဆေးပညာ၏ ရှေးအကျဆုံး ဆေးကျမ်းများ ဖြစ်သော ‘စရကာ’ ဆေးကျမ်းနှင့် ‘သုသုတ’ ဆေးကျမ်းကြီးများတွင် အစာကိုကြေစေပြီး သွေးသားကို စင်ကြယ်စေသည့် တြိကဋုတ်သုံးပါး(အစပ်သုံးပါး)ကို ဖော်ပြထားသည်။ ထိုအစပ်သုံးပါးမှာ ချင်း၊ ပိတ်ချင်းသီးနှင့် ငရုတ်ကောင်းတို့ ဖြစ်သည်။ လူတို့ကျန်းမာရေးအတွက် အကျိုးပြုသည့် အစပ်သုံးပါးဖြစ်သည်။

အအေးပတ်လျှင်ဖျားလွယ်သူများ၊ ငှက်ဖျားရောဂါရှိသူများ၊ ကိုယ်ခံအားမကောင်းသူများ၊ အစာမကြေရောဂါရှိသူများ၊ ချိုဆိမ့်အီသောအစာကို အစားများခဲ့သဖြင့် ဆီးချိုရောဂါဝင်လာသူများသည် ထိုအစပ်သုံးပါးကိုစုပေါင်း၍ ဆေးအဖြစ်ဖော်ပြီး ပျားရည်ဖြင့်တေစားလျှင် နာတာရှည်ရောဂါများ၊ ငုပ်နေသောရောဂါများပင် ပျောက်ကင်းနိုင်သည်ဟု တိုင်းရင်းဆေးသမားတော်ကြီးများ၏ လက်တွေ့ကုထုံးများတွင်တွေ့ရသည်။

ရှေးမြန်မာများသည် မိမိတို့အိမ်ခြံဝင်းတွင် သက်ရင်းကြီး၊ မိဿလင်၊ ချင်းပင်များ စိုက်ပျိုးထားကြပြီး ထိခိုက်ဒဏ်ရာရလျှင်၊ အရိုးအကြော အဆစ်များ ကိုက်ခဲလျှင် ထိုအပင်သုံးမျိုးမှအရွက်နှင့် ဥအတက်များကို ရောထောင်းပြီး စည်းကြသည်။ ထိခိုက်မိခြင်းကြောင့် အရိုးအက်သည့်ဒဏ်များကိုပင် ပျောက်ကင်းစေနိုင်သည်ဟု ဆိုသည်။

ဝက်သား၊ တောဝက်သားစသည့် အဆီအခေါက်များသော အသားများကို ချက်ပြုတ်သည့်အခါ နူးလွယ်စေရန် ချင်းတက်များများထုထောင်းပြီး ထည့်ချက်နိုင်သည်။ ဟင်းနူးလွယ်သည့်အပြင် အနံ့အရသာကောင်း၍ အစာကြေလွယ်သည်။ ဟင်းဆီသတ်ရာတွင်လည်း ကြက်သွန်ဖြူနီနှင့်အတူ ချင်းကို ပါးပါးလှီး၍ရောပြီး ဆီသတ်ချက်လျှင် ဟင်းအရသာကောင်းမွန်စေသည်။

**ချင်း၏ဆေးဖက်ဝင်အသုံးများမှာ–**

၁။ အအေးပတ်ဖျား၊ တုပ်ကွေးဖျားလျှင် ချင်းပါးပါးခုနစ်လွှာ၊ ကွမ်းရွက် သုံးရွက်၊ ထန်းလျက်အမဲ ခုနစ်ခဲ၊ ရေနွေး မတ်ခွက်တစ်ခွက်ဖြင့် ရောကျိုသောက်လျှင် အဖျားပျောက်စေသည်။

၂။ မီးယပ်သွေးငုပ်နေလျှင် ပေါ်ချိန်တန်၍မပေါ်လျှင် ကျိတ်မှန်ရွက်အနည်းငယ်နှင့် ချင်း၊ ထန်းလျက် ရောကျိုသောက်လျှင် သွေးပေါ်ပြီး ကျန်းမာစေနိုင်သည်။

၃။ ဒူးဆစ်ရောင်ကိုင်း၍ဖြစ်သော ဒူးကျီးပေါင်းရောဂါကို ချင်းခြောက်မှုန့်နှစ်ဆ၊ လင်းနေအမှုန့်တစ်ဆ ရောစပ်၍ ရေနွေးကြမ်းဖြင့်ဖျော်ပြီး ဒူးဆစ်တွင် သုံးနာရီခန့်ကြာအောင်စည်းပေးလျှင် အရောင်ကျစေနိုင်သည်။

၄။ သွားအခေါင်းပေါက်ရှိ၍ သွားကိုက်လျှင် ချင်းခြောက်မှုန့်နှင့် ငရုတ်ကောင်းအမှုန့်ကို နနွင်းမှုန့်အနည်းငယ်နှင့်ရောစပ်ဖျော်ပြီး သိပ်ပေးလျှင်သက်သာစေသည်။

၅။ နားကိုက်လျှင် ချင်းစိမ်းအရည်ညှစ်၍ မုန်ညင်းဆီနှင့် ရောစပ်၊ မီးဖြင့်ဆူအောင်ချက်ပြီး နားကြပ်ပေးလျှင် သက်သာစေနိုင်သည်။

၆။ ချင်းစိမ်းမှညှစ်၍ရလာသောအရည်နှင့် ကြက်သွန်နီဥအရည် နှစ်မျိုးပေါင်းစပ်၍ ဟင်းစားဇွန်း သုံးဇွန်းခန့်တိုက်ကျွေးလျှင် ကြို့ထိုးရောဂါပျောက်၏။ အော့အန်သောရောဂါလည်း ပျောက်ကင်းစေနိုင်သည်။

၇။ ချင်းခြောက်အမှုန့်နှင့် သစ်ကြံပိုးအခေါက်အမှုန့်ကို ဆတူရောစပ်၍ ဟင်းစားဇွန်းတစ်ဇွန်း၊ တစ်နေ့နှစ်ကြိမ် အစာစားပြီး တိုက်ကျွေးလျှင် ဆီးချိုတက်ခြင်းမှ ကာကွယ်နိုင်သည်။

၈။ သွေးတိုးရောဂါရှိလျှင် နံ့သာနီအမှုန့်၊ ချင်းခြောက်အမှုန့် ဆတူရောစပ်ပြီး ဟင်းစားဇွန်းတစ်ဝက်ခန့်၊ နံနက်စောစောတစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် ရေကျက်အေးဖြင့်တိုက်ကျွေးလျှင် သွေးတိုးရောဂါ ပျောက်ကင်းစေနိုင်သည်။

၉။ နှလုံးသွေးကြောကျဉ်းရောဂါရှိသူသည် ချင်းစိမ်းအရည် ဟင်းစားဇွန်းတစ်ဇွန်းမှ နှစ်ဇွန်းကို ပျားရည်တစ်ဇွန်းဖြင့်စပ်၍ တစ်နေ့နှစ်ကြိမ် နံနက်၊ ည မှန်မှန်စွဲ၍သောက်ပေးလျှင် သက်သာစေနိုင်သည်။

၁၀။ ကျောက်ကပ်ရောင်ရောဂါဖြစ်လျှင် ခါးပူ၊ ခါးကိုက်ရောဂါဖြစ်လျှင် မြင်းခွာရွက်အရည် ဟင်းစားဇွန်း သုံးဇွန်းနှင့် ချင်းစိမ်းရည် ဟင်းစားဇွန်းတစ်ဇွန်းကို ရေကျက်အေးဖြင့်ရောစပ်၍ နံနက်အိပ်ရာထချိန် သောက်သုံးပေးလျှင် သက်သာစေနိုင်သည်။

၁၁။ စကားထစ်လျှင် ချင်းပါးပါး သုံးလွှာ၊ မြင်းခွာရွက်သုံးရွက်ကို ညဉ့်ရေစိမ်ထားပြီး နံနက်အိပ်ရာထတွင် ဝါးစားပေးခြင်းကို ရက်ရှည်ပြုလုပ်ပါက စကားထစ်ခြင်းကို ပျောက်ကင်းစေနိုင်သည်။

၁၂။ နှစ်ကြာ အစာအိမ်ရောဂါဖြစ်လျှင် ချင်းနှင့်နွယ်ချိုကို ရောပြုတ်၍ နေ့စဉ် မတ်ခွက်တစ်ခွက်စာမျှ သောက်ပေးလျှင် နှစ်ကြာအစာအိမ်ရောဂါ ပျောက်ကင်းစေနိုင်သည်။

**အာယုဗေဒဆေးပညာ၏ ရှေးအကျဆုံး ဆေးကျမ်းများဖြစ်သော ‘စရကာ’ ဆေးကျမ်းနှင့် ‘သုသုတ’ ဆေးကျမ်းကြီးများတွင် အစာကိုကြေစေပြီး သွေးသားကိုစင်ကြယ်စေသည့် တြိကဋုတ်သုံးပါး(အစပ်သုံးပါး)ကို ဖော်ပြထားသည်။ ထို အစပ်သုံးပါးမှာ ချင်း၊ ပိတ်ချင်းသီးနှင့် ငရုတ်ကောင်းတို့ ဖြစ်သည်။ လူတို့ကျန်းမာရေးအတွက် အကျိုးပြုသည့် အစပ်သုံးပါးဖြစ်သည်. . .**

# သီပေါမြို့သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု တိုးတက်လာ

**သီပေါ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့သည် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး သွားလာရေးလွယ်ကူ ချောမွေ့သလို ထင်ရှားသော ရှေးဟောင်းမြို့တစ်မြို့ဖြစ်ခြင်း၊ ရာသီဥတုကောင်းမွန်ပြီး အေးချမ်းသာယာလှပခြင်းများကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု တိုးတက်လာလျက်ရှိကြောင်း သိရသည်။

သီပေါမြို့သည် အကွက်အကွင်းကျနစွာ တည်ထားသောမြို့ဖြစ်ပြီး ပတ်ဝန်းကျင်တွင် တောင်တန်းများ ဝိုင်းရံထားခြင်း၊ ဒုဋ္ဌဝတီမြစ်ကြီး ရစ်ခွေစီးဆင်းနေခြင်းတို့ကြောင့် နိုင်ငံခြားသား ဧည့်သည်များ နှစ်သက်သောမြို့ဖြစ်သည်။

သီပေါမြို့သို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားဧည့်သည်များသည် သီပေါမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများသို့ သွားရောက်လည်ပတ်လေ့လာကြပြီး သဘာဝရှုခင်းများဖြစ်သော ရေတံခွန်များ၊ ရေထွက်စမ်းများ စသည့်နေရာများသို့ လည်ပတ်သလို သဘာဝအရင်းအမြစ်များဖြင့် ဆောက်လုပ်နေထိုင်ကြသည့် တိုင်းရင်းသားရိုးရာနေအိမ်များကိုလည်း စိတ်ဝင်စားစွာ လေ့လာကြကြောင်း သိရသည်။

ထို့အပြင် ဒုဋ္ဌဝတီမြစ်ရိုးအတိုင်း မြစ်ဆုံဒေသအထိ ရေယာဉ်များဖြင့် လည်ပတ်ကာ သဘာဝအလှအပများကို ကြည့်ရှုရင်း ရှမ်းရိုးရာ ယဉ်ကျေးမှုနှင့် အကအလှများ၊ တိုင်းရင်းသားရိုးရာ နေထိုင်မှုနှင့် အစားအစာများကိုလည်း လေ့လာနိုင်ကြသဖြင့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် နှစ်ခြိုက်သဘောကျပြီး လာရောက်လည်ပတ်မှု တိုးတက်များပြားလာနေခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



ဒုဋ္ဌဝတီမြစ်အတွင်း ရေယာဉ်ဖြင့် လည်ပတ်နေသော နိုင်ငံခြားသားများ။

# ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးလုပ်ငန်းများပြီးစီး

**မြိုင် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ညောင်ရွာကျေးရွာအုပ်စုရှိ ပန်းတိုင်းတော အရှေ့နှင့်အနောက်ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

ပန်းတိုင်းတောကျေးရွာသည် အရှေ့ရွာတွင်အိမ်ထောင်စု ၁၄၆စုနှင့် အနောက် ရွာတွင် အိမ်ထောင်စု ၅၄၀ စုစုပေါင်း အိမ်ထောင်စု ၆၈၆ စုရှိကာ မီးလင်းရေးလုပ်ငန်းများကို အရှေ့ရွာနှင့် အနောက်ရွာ မီးလင်းရေး ကော်မတီများက ဦးဆောင်၍ ကျေးရွာနေပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ ထရန်စဖော်မာများတပ်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးဖြစ်ကာ လမ်းမီးများလည်း လင်းနေပြီဖြစ်ကြောင်း၊ အိမ်သုံးမီတာများရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီမှ သိရသည်။

ပန်းတိုင်းတောအရှေ့ရွာတွင် မီးလင်းရေးဥက္ကဋ္ဌ ဦးမြငွေးနှင့်အဖွဲ့က ဦးဆောင်၍ ကျေးရွာမှ ပြည်သူများထည့်ဝင်ငွေ ကျပ် ၄၈၇ သိန်းဖြင့် ၃ ဒသမ ၅ မိုင်အရှည်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ၊ ကျေးရွာတွင်းလမ်းများတွင် လမ်းမီး ၅၈ ပွင့်ကို ဆောင်ရွက်ခဲ့ပြီး ပန်းတိုင်းတောအနောက်ကျေးရွာတွင် မီးလင်းရေးကော်မတီ ဥက္ကဋ္ဌဦးမင်းဇော်ဝင်းနှင့်အဖွဲ့က ဦးဆောင်၍ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၁၂၈၀ ဖြင့် အရှည် ၄ ဒသမ ၂ မိုင်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး၊ လမ်းမီးအလုံး ၁၄၀ ကို တပ်ဆင်ခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# ကိုပါအီတာလီယာ စတုတ္ထအဆင့်ပွဲတွေ လာပြီ

မိုးမြင့်လင်းလက်



ဒီတစ်ပတ်ကြားရက်မှာ ပရိသတ်တွေအတွက် ပွဲကောင်းတွေ စောင့်ကြိုနေပါတယ်။ ဒီပွဲတွေထဲမှာ ဒီဇင်ဘာ ၁ ရက် ညနဲ့ ၂ ရက်ညတွေမှာ ဆင်နွှဲကြမယ့် ကိုပါအီတာလီယာ ဖလား စတုတ္ထအဆင့်ပွဲတွေကတော့ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒီပွဲစဉ်တွေမှာ နောက်တစ်ဆင့်တက်ရေး အပြိုင်ကြိုးစားကြမယ့် အသင်းတွေများနေတာမို့ ဘယ်အသင်းတွေ ရလဒ်ကောင်းဆောင်ကြဉ်းသွားနိုင်မယ် ဆိုတာစောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

**တိုရီနိုနှင့် ဆက်ဆနာ**

ဒီနှစ်ပြီးခဲ့တဲ့ မေလက ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ တိုရီနိုက ငါးဂိုးပြတ်သွင်းပြီး အောင်ပွဲခံထားပါတယ်။ တိုရီနိုအသင်းဟာ အီတလီ စီးရီးအေမှာ အဆင့် ၉ နေရာမှာ ရပ်တည်နေသလို ဆက်ဆနာကတော့ စီးရီးဘီမှာ အဆင့် ၄ နေရာမှာ ရပ်တည်နေတဲ့ အသင်းဖြစ်ပါတယ်။ ဆက်ဆနာတို့က နောက်ဆုံးသုံးပွဲမှာ နိုင်ပွဲမရသေးဘဲ ရလဒ်ကောင်းဖို့ ရှန်းကန်နေရတဲ့အသင်းဖြစ်နေပါတယ်။ တိုရီနိုတို့ကတော့ အသင်းလိုက် ကစားအားကောင်းပြီး အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တာမို့ အခုပွဲရဲ့ အောင်ပွဲကတော့ တိုရီနိုတို့ပဲ ဖြစ်သွားပါဦးမယ်။

**အက်စ်ပီဇီရာနှင့် ဆာလာနီတာနာ**

ပြီးခဲ့တဲ့ ပွဲစဉ်မှာ ဆာလာနီတာနာတို့ အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးထားပါတယ်။ စီးရီးဘီမှာ ရပ်တည်မှု ၁၅ နေရာမှာ ရှိနေတဲ့ အက်စ်ပီဇီရာတို့က အခုပွဲ အိမ်ကွင်းဖြစ်တာမို့ အနိုင်ရလဒ်ကိုပဲ ဦးတည်ပြီး အားထုတ်ပါလိမ့်မယ်။ စီးရီးဘီနှစ်သင်း တွေ့ဆုံတဲ့ ပွဲစဉ်ဖြစ်လို့ အကြိတ်အနယ်ရှိမှာ သေချာနေသလို တိုက်စစ်ရော ခံစစ်မှာပါ စွမ်းဆောင်ရည်တူနေတာမို့ ဒီပွဲမှာ အိမ်ကွင်းအားသာချက်ရှိတဲ့ အက်စ်ပီဇီရာတို့ပဲ အမှတ်ပြည့်ရသွားပါလိမ့်မယ်။

**ဆက်ဆူအိုလိုနှင့် ကက်ဂလီယာရီ**

စီးရီးအေမှာ ဒီနှစ်ခြေစွမ်းပြနေတဲ့ ဆက်ဆူအိုလိုတို့က ၁၃ ပွဲ ကစားပြီးချိန်မှာ ပဥ္စမနေရာမှာ ရပ်တည်နိုင်နေပါတယ်။ စီးရီးဘီကို ရောက်နေတဲ့ ကက်ဂလီယာရီတို့ကတော့ ၁၄ ပွဲ ကစားပြီးချိန်မှာ တန်းစီဇယားကို ဦးဆောင်နေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုရလဒ်ကို ကြည့်ရင် ကက်ဂလီယာရီတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့သလို အခုပွဲမှာလည်း အဝေးကွင်း ဆိုပေမယ့် နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ ကက်ဂလီယာရီတို့က တိုက်စစ်ထက်မြက်သလို ခံစစ်ပိုင်းလည်း လုံခြုံတာမို့ လက်ရှိခြေစွမ်းနဲ့ ဆက်ဆူအိုလိုတို့ ပွဲမချောင်ပါဘူး။ ဒါပေမယ့် အိမ်ကွင်းမှာ ပြိုင်ဘက်ကို အနိုင်ယူစွမ်းရှိတဲ့ အိမ်ရှင်ပရိသတ်နဲ့အတူ အားပေးလိုက်တာ အကောင်းဆုံးပါပဲ။

**ကာပီနှင့် ဗီဆင်ဇာ**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ ကာပီဟာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ကာပီတို့ရဲ့ လက်ရှိအနေအထားကို ကြည့်ရင် စီးရီးအေမှာတော့ တန်းစီဇယား အောက်ဆုံးကို ရောက်ရှိနေသလို ဗီဆင်ဇာရဲ့ စွမ်းဆောင်မှုကတော့ စီးရီးဘီမှာ အဆင့် ကိုးနေရာမှာ ရှိနေပါတယ်။ ရှုံးပွဲဆက်နေတဲ့ ကာပီတို့အတွက် ဒီပွဲမှာတော့ အနိုင်ရလဒ်ကို ပြန်လည်ရှာဖွေမယ်လို့ ယုံကြည်ပါတယ်။

**ပါလာမိုနှင့် အလက်ဆန်ဒရီရာ**

စီးရီးအေမှာတော့ ပါလာမိုတို့ ၁၃ ပွဲ ကစားပြီးချိန်မှာ အဆင့် ၁၃ ရောက်ရှိနေပြီး ပေးဂိုးတွေလည်း များနေပါတယ်။ လီဂါပရိုမှာတော့ အလက်ဆန်ဒရီရာတို့က ၁၂ ပွဲကစားပြီးချိန်မှာ စတုတ္ထနေရာမှာ ရပ်တည်နေတာမို့ အခုပွဲကတော့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ပါလာမိုကွင်းမှာ ဆိုပေမယ့် အလက်ဆန်ဒရီရာရဲ့ အားထုတ်မှုကို ပိုပြီး နှစ်သက်မိပါတယ်။

**အူဒီးနိစ်နှင့် အတ္တလန်တာ**

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဒီနှစ်သင်းဟာ ဂိုးမရှိ သရေပွဲဖြစ်ထားပါတယ်။ စီးရီးအေမှာ အူဒီးနိစ်တို့က ၁၃ ပွဲ ကစားပြီးချိန်မှာ အဆင့် ၁၅ မှာ ရပ်တည်နေပါတယ်။ အတ္တလန်တာတို့ကလည်း စီးရီးအေမှာ အဆင့် ၁၀ နေရာမှာရှိနေတာမို့ ဒီပွဲမှာ အနိုင်ရလဒ်ကို အပြိုင်ပုံဖော်ကြမှာဖြစ်ပါတယ်။ အိမ်ကွင်းမှာဆိုရင် အူဒီးနိစ်တို့ ခြေစွမ်းပြနိုင်တာမို့ အိမ်ရှင်ဘက်မှာ အားပေးရင် ပျော်ရွှင်မှုရပါလိမ့်မယ်။

**ဟယ်လက်စ်နှင့် ပါဗီရာ**

ဟယ်လက်စ်တို့က စီးရီးအေမှာ တန်းဆင်းဇုန်ထဲ ရောက်ရှိနေပြီး ပါဗီရာတို့က လီဂါပရိုမှာ ဒုတိယနေရာက ရပ်တည်နေပါတယ်။ ဒီနှစ် စီးရီးအေမှာ နိုင်ပွဲ တစ်ပွဲမှ မရသေးတဲ့ ဟယ်လက်စ်ရဲ့ ခြေစွမ်းက ပါဗီရာကို ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ ဟယ်လက်စ်တို့ အိမ်ကွင်းဆိုပေမယ့် ပရိသတ်တွေ ပျော်ရွှင်မှုရဖို့ ခက်ခဲပါလိမ့်မယ်။ ။

# ဟဲဗီးဝိတ်ချန်ပီယံသစ်ဖြစ်လာတဲ့ ဗြိတိန်နိုင်ငံသားတိုင်စန်ဖူရီ

ဗြိတိန် လက်ဝှေ့သမား တိုင်စန်ဖူရီဟာ ဂျာမနီနိုင်ငံ ဒူးဆက်ဖို့မှာ ကျင်းပတဲ့ ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲမှာ ကမ္ဘာကျော် ယူကရိန်းလက်ဝှေ့သမား ဗလာဒီမီယာ ကလစ်ချ်ကိုအား အမှတ်နဲ့နိုင်ပြီး ဟဲဗီးဝိတ်ချန်ပီယံသစ် ဖြစ်လာခဲ့ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ တိုင်စန်ဖူရီဟာ မန်ချက်စတာမြို့သားဖြစ်ပြီး သူ့အနေနဲ့ ကိုးနှစ်ကြာ ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်ကို စိုးမိုးထားတဲ့ ကလစ်ချ်ကိုအား ဒိုင်အမှတ်နဲ့ အဆုံးသတ်ခဲ့ပါတယ်။



ဒိုင်လူကြီး သုံးဦးက တိုင်စန်ဖူရီကို ၁၁၅- ၁၁၂၊ ၁၁၅-၁၁၂ နဲ့ ၁၁၆-၁၁၁နဲ့ အနိုင်ပေးခဲ့ပါတယ်။ ဒါကြောင့် တိုင်စန်ဖူရီဟာ ဟဲဗီးဝိတ်လောကရဲ့ လက်ဝှေ့ချန်ပီယံသစ်ဖြစ်လာခဲ့ပြီဖြစ်တဲ့အတွက် WBA, IBF နဲ့ WBO ဟဲဗီးဝိတ်ချန်ပီယံဆုများကို ဆွတ်ခူးနိုင်တဲ့သူ ဖြစ်လာခဲ့ပါတယ်။ သူဟာ ဗြိတိန်နိုင်ငံရဲ့ ငါးဦးမြောက် ဟဲဗီးဝိတ်ချန်ပီယံလည်း ဖြစ်လာခဲ့ပါတယ်။ ဘော့ဖစ်စီမွန်၊ လင်းနော့လူးဝစ်၊ ဘရန်ဘရူနိုနဲ့ ဒေးဗစ်ဟေးတို့အပြီးမှာ ဗြိတိန်၊ လက်ဝှေ့သမိုင်းသစ်ကို တင်နိုင်တဲ့ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ဖြစ်လာခဲ့ပါတယ်။ တိုင်စန်ဖူရီဟာ ကလစ်ချ်ကိုရဲ့ အပိုင်ထိုးနှက်မှုတွေကို ကာကွယ်ပြီး အကောင်းဆုံးထိုးသတ်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီပွဲမှာ ပရိသတ် ၅၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ပြီး လက်ဝှေ့သမိုင်းအတွက် သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။



# ပရီမီယာလိဂ်သမိုင်းမှာ စံချိန်သစ်တင်ခဲ့တဲ့ ဗာဒီ

လက်စတာ တိုက်စစ်မှူး ဂျာမီးဗာဒီဟာ ပရီမီယာလိဂ်သမိုင်းမှာစံချိန်သစ်ကို တင်နိုင်ခဲ့ပါပြီ။ သူ့ရဲ့ စံချိန်ကတော့ ပရီမီယာလိဂ်မှာ ၁၁ ပွဲ ဆက်တိုက်ဂိုးသွင်းတဲ့ စံချိန်ပါ။ ဒါဟာ ကစားသမားတစ်ယောက်အနေနဲ့ လုပ်နိုင်ဖို့ ခက်ခဲတဲ့ စံချိန်ပါလို့ ဗာဒီက ဆိုပါတယ်။ တိုက်စစ်မှူး ဗာဒီဟာ မန်ယူနဲ့ တစ်ဖက်တစ်ဂိုးစီ သရေကျတဲ့ပွဲမှာ လက်စတာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့တာပါ။ သူဟာ မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်းရဲ့ ၁၀ ပွဲဆက်တိုက် ဂိုးသွင်းနိုင်ခဲ့တဲ့စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ မျက်မှောက်ခေတ် ပရီမီယာလိဂ်သမိုင်းမှာတော့ ၁၁ ပွဲ ဂိုးသွင်းနိုင်တဲ့ ပထမဆုံးတိုက်စစ်မှူးဖြစ်လာခဲ့ပါတယ်။ ဗာဒီဟာ ယခုနှစ်ရာသီမှာ စုစုပေါင်း ၁၄ ဂိုးသွင်းယူထားသူလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကစားသမားတိုင်း မလုပ်နိုင်တဲ့အရာကို လုပ်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်လို့ ဗာဒီက ဆိုပါတယ်။ သူဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ရဲ့ ဂိုးအများဆုံး သွင်းထားသူလည်း ဖြစ်ပါတယ်။ လာမယ့်ပွဲတွေမှာလည်း ဆက်တိုက်ဂိုးသွင်းနိုင်အောင် ကြိုးစားသွားမယ်လို့ သူကဆိုပါတယ်။

ကောင်းမြတ်သူ ➤ စုစည်းသည်။

## ဥရောပရဲ့ အကောင်းဆုံး ဘာစီလိုနာတိုက်စစ်အတွဲ

တိုက်စစ်မှူး မက်ဆီဟာ ဒဏ်ရာရပြီး နှစ်လကြာ အနားယူခဲ့ပြီးတဲ့နောက် ဘာစီလိုနာက ရီးရဲဆိုစီဒက်ကို လေးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ ဂိုးစတင်သွင်းယူခဲ့ပြီဖြစ်ပါတယ်။ ဘာစီလိုနာဟာ ဒီပွဲအပြီး စပိန်လာလီဂါမှာ လေးမှတ်အသာနဲ့ ရပ်တည်လာနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီပွဲမှာ နေမာက နှစ်ဂိုး၊ ဆွာရက်ဇ်က တစ်ဂိုး သွင်းယူခဲ့တဲ့အတွက် ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါမှာ ပြိုင်ဘက်ကင်းတဲ့ အောင်နိုင်မှုတွေကို ဆက်လက်ထိန်းထားနိုင်ခဲ့ပါတယ်။ နေမာက လာလီဂါပွဲ ၁၂ ပွဲမှာ ၁၄ ဂိုးသွင်းယူထားသူ ဖြစ်လာပါတယ်။ မက်ဆီသွင်းယူပေးတဲ့ ဂိုးဟာလည်း နေမာက ဖြတ်တင်ပေးတဲ့ဘောနဲ့ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဘာစီလိုနာမှာ မက်ဆီ၊ ဆွာရက်ဇ်နဲ့ နေမာတို့အတွဲဟာ ဥရောပမှာ အကောင်းဆုံး တိုက်စစ်အတွဲအဖြစ် ပိုင်ဆိုင်ထားပါတယ်။ သူတို့သုံးယောက်ဟာ လွန်ခဲ့တဲ့ သုံးပွဲမှာ ၁၄ ဂိုးအထိ သွင်းယူထားတယ်လို့ ဆိုပါတယ်။

# ကန်တော် မိတ္ထီလာ

မောင်သာ
(ရှေးဟောင်းသုတေသန)

မိတ္ထီလာကန်စောင်းတွင်ရှိသည့် ပထမကျော် ဓမ္မာစရိယ ကျောင်းတိုက်၏ စာကြည့်ဆောင်အတွင်းမှ မိတ္ထီလာကန်ရေပြင်ကြည့်နေစဉ် ကျွန်တော်တို့ငယ်စဉ်က ကြားဖူးခဲ့သည့် "လူကလေးရဲ့ ချော့စရာ၊ မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ"ဟူသည့် သားချော့တေးကို ကျွန်တော် သတိရမိပါသည်။

ယင်းသားချော့တေးကြောင့် ကျွန်တော်တို့သည် မိတ္ထီလာကန်ကို ငယ်စဉ်ကတည်းကပင် ကြားဖူးခဲ့ကြသည်။ အရွယ်ရောက်လာချိန်တွင် မိတ္ထီလာသို့ မရောက် ဖူးသေးသော်လည်း ကဝိလက္ခဏာဒီပနီကျမ်းတွင် မင်းကြီး သီရိမဟာဇေယျသူ ရေးဖွဲ့ခဲ့သည့် "ရေမှာ စစ်ကိုင်း၊ လှိုင်းမှာ ပခန်းငယ်၊ လယ်မှာ တောင်တွင်း၊ စပါးမှာ ရမည်းသင်း၊ အင်းမှာ တောင်သမန်၊ ကန်မှာ မိတ္ထီလာ"ဟူသည့်စာကို ဖတ်ခဲ့ရသည်။ မင်းကြီးစွာစော်ကဲနှင့် ဝန်ဇင်းမင်းရာဇာဖြစ်လာမည့် ဝန်ဇင်းရွာသား စာတိုငညိုအကြောင်း ဖတ်ရချိန်တွင် မိတ္ထီလာကို ပိုမိုစိတ်ဝင်စားမိခဲ့ပါသည်။

မိတ္ထီလာကန်သည် မိတ္ထီလာမြို့၏အနောက်ဘက်တွင်တည်ရှိပြီး အလျားခုနစ်မိုင်နှင့် အနံမိုင်ဝက်ရှိကာ တောင်ကန်နှင့် မြောက်ကန်ဟု နှစ်ပိုင်းရှိသည်။ မိတ္ထီလာ-မြင်းခြံရထားလမ်းသည် မိတ္ထီလာကန်ကို နှစ်ပိုင်းပိုင်းထားကာ မီးရထားလမ်း မြောက်ဘက်ရှိကန်သည် မြောက်ကန်ဖြစ်ပြီး တောင်ဘက်ရှိ ကန်က တောင်ကန်ဖြစ်သည်။ ကန်နှစ်ခုဟုဆိုသော်လည်း ရေက တစ်ဆက်တည်းဖြစ်ကာ မြောက်ကန်မှ ရေသည် တောင်ကန်အတွင်းသို့ စီးဝင်လျက်ရှိသည်။ ရှေးအစဉ်အဆက်ကတည်းက မိတ္ထီလာအနီးဝန်းကျင်မှ နယ်သူနယ်သားများသည် မိတ္ထီလာကန်ရေကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုခဲ့ကြသည်။

မိတ္ထီလာကန်ကို ပိုင်းဖြတ်ထားသည့် တံတားသည် ယခင်က အလျားပေ ၂၀၀၊ အကျယ် ၂၅ ပေ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပြီး ယခုအခါတွင် အလျားပေ ၈၀၀ နှင့် ယာဉ်သွားလမ်းအကျယ် ၄၈ ပေ အထိ တိုးချဲ့ထားသည်။

သျှိသျှားကန်ခေါ် မိတ္ထီလာကန်ကို ပုဂံခေတ် နရပတိစည်သူ(ခရစ်နှစ် ၁၁၇၃-၁၂၁၁) လက်ထက်တွင် တည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။ အထက်ဗမာပြည်နှင့် ရှမ်းပြည်နယ် ဂဇက်တီးယား(၁၉၀၁)တွင် မိတ္ထီလာကန်သည် သဘာဝကန် မဟုတ်ဘဲ လူများပြုလုပ်ထားသည့် ကန်ဖြစ်သည်ဟု ဖော်ပြထားသည်။ မိတ္ထီလာနယ်သို့ ရှမ်းမငယ်ချောင်း၊ မုန်တိုင်ချောင်း၊ ရွှေစစ်သည်ချောင်းနှင့် ကန္နီချောင်းများမှ စီးဝင်လာသောရေများကို ပိတ်ဆို့ထားခြင်းဖြစ်သည်ဟုလည်း ယူဆကြသည်။ နရပတိစည်သူသည် မိတ္ထီလာကန်ကို ဦးဆုံးဆည်ဖို့ခဲ့သူဟု မှန်းဆကြသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)တွင် "မိတ္ထီလာကန်သည် ရှေးအခါက သျှိသျှားကန်ဟု တွင်ခဲ့သည်။ ကန်တစ်ဝိုက်တွင်ပေါက်ရောက်သော သျှိသျှားပင်များကိုစွဲ၍ ခေါ်ခြင်းပင်ဖြစ်၏။ ကာဠာဝကကန်၊ မင်္ဂလာကန်၊ မေတ္တာကန်ဟုလည်း တွင်ခဲ့သည်။ မိတ္ထီလာကန်ဟူ၍ ယခုအခါ တွင်လျက်ရှိသောအမည်မှာ အနော်ရထာမင်း မှည့်ခေါ်ခဲ့သော အမည်ဖြစ်၏"ဟု ဖတ်ရှုရပေသည်။

မင်းကြီးစွာစော်ကဲ (၁၃၆၁-၁၄၀၁) လက်ထက်တွင် မိတ္ထီလာအနီး ဝန်ဇင်းရွာ၌ ညိုဆိုသူတစ်ဦး ရှိခဲ့သည်။ ညိုသည် မည်သည့်အလုပ်မှ တစ်စိုက်မတ်မတ်မလုပ်ဘဲ စာတိုပေစများကိုသာ ဖတ်လေ့ရှိခဲ့သည်။ ထို့ကြောင့် ညို့ကို စာတိုငညိုဟု ခေါ်ခဲ့ကြပြီး အရွယ်ရောက်ချိန်တွင် ဝန်ဇင်းရွာသူကြီး၏သမီးနှင့် အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်ကျသည့်တိုင် အလုပ်ကို ဂရုတစ်စိုက် မလုပ်သောညို့ကို ယောက္ခမဖြစ်သူက နွားတစ်ရှဉ်းနှင့် လယ်တစ်ကွက်ပေးကာ လုပ်ကိုင်စားသောက်စေခဲ့သည်။ စာတိုညိုလည်း ယာထွန်ရင်း စာဖတ်ရင်း အချိန်ကုန်လွန်ခဲ့သည်။

မြန်မာသက္ကရာဇ် ၇၃၀ ပြည့်နှစ်(ခရစ်နှစ် ၁၃၆၈ ခုနှစ်)တွင် မိတ္ထီလာကန် ကျိုးပေါက်သဖြင့် အင်းဝဘုရင် မင်းကြီးစွာစော်ကဲသည် ကန်ဆည်ဖို့ရန် မိတ္ထီလာသို့ရောက်ရှိလာချိန်တွင် ကန်ပေါင်ရိုးပေါ်တွင်ရှိနေသည့် နတ်ရုပ်ကိုတွေ့ရှိကာ နတ်ရုပ်အကြောင်းကို မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ မင်းကြီး ကျေနပ်အောင် မည်သူမျှ မဖြေဆိုနိုင်ကြသဖြင့် ဖြေနိုင်မည့်သူကို စုံစမ်းကြရာတွင် စာဖတ်များကာ စာနှံ့စပ်သည့် စာတိုငညိုကို မေးလျှင် သိနိုင်လောက်သည်ဟု လျှောက်



တင်သဖြင့် မင်းကြီးက စာတိုညို့ကို ရှေ့တော်သို့ ခေါ်ယူမေးမြန်းရန် ဆင့်ခေါ်ခဲ့သည်။ ယောက္ခမနှင့် ဇနီးဖြစ်သူတို့က မင်းပြစ်မင်းဒဏ် သင့်လေသလောဟု သံသယဖြစ်ကာ ပူပန်နေကြသော်လည်း စာတိုညိုက ဇနီးဖြစ်သူအား "ငါတို့ကောင်းစားချိန်ရောက်ပြီ"ဟုပြော၍ သူ၏နွားနှစ်ကောင်ကို ဦးချိုတွင် သပြေပန်းများ ချည်နှောင်ပေးလိုက်ပြီး ဘေးမဲ့လွှတ်လိုက်ကာ မင်းကြီးထံ အခစားဝင်ခဲ့သည်။

မင်းကြီးစွာစော်ကဲက ကန်ပေါင်ရိုးပေါ်မှ နတ်ရုပ်အကြောင်းကို မေးမြန်းရာတွင် စာတိုညိုက အဆိုပါအရုပ်သည် နတ်ရုပ်မဟုတ်ကြောင်း၊ မိဖုရားတစ်ပါး ကွယ်လွန်ခဲ့သဖြင့် မိဖုရားပုံကို ရွှေရုပ်ထုကာ ရုပ်အလောင်းနှင့်အတူ မြှုပ်နှံခဲ့ပြီး အပေါ်တွင်

**မိတ္ထီလာကန်ရေသည် ပုပ္ပားရေကျနှင့် မထိလာကြောင်း 'မထိလာပါ'ဟု လျှောက်တင်သည့်စကားမှ မိတ္ထီလာဖြစ်လာသည်ဟု အစဉ်အဆက် ပြောဆိုမှတ်သားလာခဲ့ကြသော်လည်း ယင်းအဆိုသည် မိတ္ထီလာဒေသ၏ မြေမျက်နှာသွင်ပြင်ကြောင့် မဖြစ်နိုင်ကြောင်း စာရေးဆရာဦးထွဏ်းလွင်က သူ၏ စာပေဗိမာန်စာမူဆုရ မိတ္ထီလာမြို့နယ် ဖြစ်စဉ်သမိုင်း မှတ်တမ်းစာအုပ်တွင် ရေးသားခဲ့သည်. . .**

နတ်ကွန်း ပုံစံပြုလုပ်၍ သစ်သားပန်းပုရုပ်ကို တင်ထားခြင်းဖြစ်ကြောင်း လျှောက်တင်ခဲ့သည်။ မင်းကြီးက နတ်ကွန်းအောက်သို့ တူးဖော်စေခဲ့ရာ စာတိုညိုပြောခဲ့သည့်အတိုင်း မိဖုရားရွှေရုပ်ကို တွေ့ရှိခဲ့သဖြင့် စာတိုညိုကို နန်းတော်သို့ခေါ်ယူကာ စည်းတပစ်ဟူသည့် ဘွဲ့အမည်ဖြင့် မင်းတိုင်ပင်ပညာရှိအဖြစ် သူကောင်းပြုခဲ့သည်။ စာတိုညိုသည် ဇာတိမြေ ဝန်ဇင်းကို အစွဲပြု၍ ဝန်ဇင်းမင်းရာဇာဟု မိတ္ထီလာကန်နှင့် တွဲစပ်ထင်ပေါ်ခဲ့သည်။ ဝန်ဇင်းမင်းရာဇာသည် မိမိဖွားမြင်ရာနေရာတွင် ရွှေစည်းခုံဘုရားကို တည်ထားခဲ့သည်။

မိတ္ထီလာကန်နှင့် ပတ်သက်၍ မိတ္ထီလာကန်ရေသည် ပုပ္ပားရေကျနှင့် ထိစပ်ခြင်းရှိမရှိကို မြင်းသည်တော်အား အကြည့်ခိုင်းပြီး အနော်ရထာမင်းအား ပြန်လည်လျှောက်ထားရာ ပုပ္ပားရေကျနှင့် မထိလာကြောင်း 'မထိလာပါ'ဟု လျှောက်တင်သည့်စကားမှ မိတ္ထီလာဖြစ်လာသည်ဟု အစဉ်အဆက် ပြောဆိုမှတ်သားလာခဲ့ကြသော်လည်း ယင်းအဆိုသည် မိတ္ထီလာဒေသ၏ မြေမျက်နှာသွင်ပြင်ကြောင့် မဖြစ်နိုင်ကြောင်း စာရေးဆရာဦးထွဏ်းလွင်က သူ၏ စာပေဗိမာန်စာမူဆုရ မိတ္ထီလာမြို့နယ် ဖြစ်စဉ်သမိုင်းမှတ်တမ်းစာအုပ်တွင် ရေးသားခဲ့သည်။

မိတ္ထီလာနယ်၏ မြေမျက်နှာပြင်သည် ညီညာပြန့်ပြူးခြင်းမရှိဘဲ မြို့၏အရှေ့ဘက်ဒေသများသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၀၀ အမြင့်တွင် တည်ရှိနေပြီး အနောက်ဘက် နယ်မြေများသည် ပေ ၁၂၀၀ အထက်တွင် ရှိနေသည်။ မြို့နယ်၏ မြေမျက်နှာပြင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှပေ ၇၅၀ ဖြစ်သည်။ မိတ္ထီလာမြို့နယ်၏ မြေမျက်နှာပြင်အနေအထားကြောင့် မိုးများသော ကာလများတွင် မိုးရေများက မိတ္ထီလာကန်အတွင်းသို့သာ စီးဝင်လေ့ရှိသည်။ မိတ္ထီလာမြောက်ကန်သို့ အဓိကရေဝင်ချောင်းများဖြစ်သည့် မုန်တိုင်ချောင်း၊ ရွှေစစ်သည်ချောင်း၊ တလင်ကုန်းချောင်းများမှ ရေများစီးဝင်လျက်ရှိသည်။ မင်းကြီးစွာစော်ကဲလက်ထက် ၁၃၆၈ ခုနှစ်တွင် မိတ္ထီလာကန် ကျိုးပေါက်ခဲ့သည်။

မင်းကြီးစွာစော်ကဲ နောက်တွင် နန်းတက်ခဲ့ကြသော ဒုတိယမင်းခေါင်ခေါ် သီဟသူမင်း၊ ရွှေနန်းကြော့ရှင်၊ ငါးဆူဒါယကာမင်း၊ သာလွန်မင်း၊ အလောင်းမင်းတရားကြီး စသည့် မင်းအဆက်ဆက်တွင် မိတ္ထီလာကန်ကို ပြုပြင်မှုများမရှိခဲ့ဘဲ ဗဒုံမင်း (ခရစ်နှစ်၁၇၈၂- ၁၈၁၉)လက်ထက်တွင် မိတ္ထီလာကန်ကို စနစ်တကျ ပြုပြင်ခဲ့သည်။ ဗဒုံမင်းသည် မိတ္ထီလာကန်ကိုမပြုပြင်မီ မောင်းထောင် ဆရာတော် အရှင်ဉာဏာဘိဝံသထံမှ အကြံဉာဏ်တောင်းခံခဲ့ရာ ဆရာတော်က ပြုပြင်သင့်ကြောင်း မေတ္တာစာပေးပို့ခဲ့သည်ဟု ဦးမောင်မောင်တင်၏ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် ရေးသားထားသည်။

ဗဒုံမင်းသည် မိတ္ထီလာကန်ကို ပြုပြင်ပြီးနောက် ရွှေမြင်တင်ဘုရားနှင့် စည်းခုံတော်ကြီးဘုရားများအား ပြုပြင်ခဲ့သည်။ ရွှေယင်မျှော်ဘုရားနှင့် ရွှေမြင်တင်ဘုရားများကို ရွှေထီးတော်အသစ်များ တင်လှူခဲ့သည်ဟု ဆိုသည်။ တောင်ကန်ထိပ်တွင် လောကထိပ်ပန်စေတီတော်နှင့် မြောက်ကန်ဘေးတွင် ရတနာသင်းကျစ်စေတီတော်များကို တည်ထားခဲ့သည်။ မိတ္ထီလာကန်အား ထိန်းသိမ်းစောင့်ရှောက်စေပြီး ကန်ရေသောက်ရွာများထံမှ ရေပေးဝေရခြင်းအတွက် အခွန်တော်ငွေများ ကောက်ခံခဲ့သည်။

၁၈၃၉ ခုနှစ် မတ်လတွင် မိတ္ထီလာကန်သည်သဘာဝလျှင်ဒဏ်ကြောင့် ကန်ပေါင်ကျိုးပေါက်ခဲ့သည်။ ငလျှင်ဒဏ်ကြောင့် ပျက်စီးသွားသည့် မိတ္ထီလာကန်ကို မင်းတုန်းမင်း(၁၈၅၃-၁၈၇၈) လက်ထက်တွင် ပြုပြင်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်(ခရစ်နှစ် ၁၈၅၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)တွင် မင်းတုန်းမင်းက မိတ္ထီလာကန်ကျိုးပေါက်သည်ကို ဆည်ဖို့လုပ်ဆောင်ခိုင်းသည်ဟု ကုန်းဘောင်ဆက်မြန်မာ့ရက်စွဲသမိုင်းတွင် မှတ်တမ်းပြုထားသည်။

၁၈၅၇ ခုနှစ် ဖေဖော်ဝါရီလတွင် မိတ္ထီလာကန် ဆည်ဖို့ခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် မင်းတုန်းမင်းက ဦးစီးဆောင်ရွက်ခဲ့သူ ငါးမြို့ဝန် ဝက်မစွပ်မင်းအား ရာထူးတိုးမြှင့်လျက် သတိုးမင်းကြီးမဟာအဘယဘွဲ့ ချီးမြှင့်ခဲ့သည်။ မိတ္ထီလာကန်အတွင်းနှင့် ကန်အနီးဝန်းကျင်ရှိ ရေနေကုန်းနေ သတ္တဝါများအား သတ်ဖြတ်ခြင်း မပြုရန် မင်းတုန်းမင်းက အမိန့်ချမှတ်ခဲ့သည်။

မင်းတုန်းမင်းနောက်ပိုင်း ကိုလိုနီခေတ်တိုင်အောင် မိတ္ထီလာကန်သည် ကျိုးပေါက်ခြင်းမရှိခဲ့သော်လည်း ၁၉၃၅ ခုနှစ်တွင် ရေလွှတ်ပြွန်များတွင် ရေတံခါးများတပ်ဆင်ခဲ့ပြီး အရေးပေါ်ရေပိုလွှဲတစ်ခုကို တည်ဆောက်ခဲ့သဖြင့် မိတ္ထီလာကန်သည် ပိုမိုတောင့်တင်းလာခဲ့သည်။

မိတ္ထီလာမြို့တွင် လူဦးရေ ၉၇၀၀၀ ကျော် နေထိုင်လျက်ရှိရာ မြို့နေလူထု ၈၀ ရာခိုင်နှုန်းသည် မိတ္ထီလာကန်ရေကို ယနေ့တိုင် သောက်ရေသုံးရေအဖြစ် အသုံးပြုကြသည်။ မိတ္ထီလာကန်၏ ရေပြည့်ရေလှောင်ပမာဏသည် ဧကပေ ၂၄၈၄၆ ရှိပြီး ကန်ရေသောက်ဧရိယာသည် ၂၁၆၉၁ ဧက ဖြစ်သဖြင့် လူဦးရေသုံးသိန်းနီးပါး နေထိုင်လျက်ရှိသည့် မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာကန်ရေကို စိုက်ပျိုးရေအဖြစ် သုံးစွဲကြရသည်။

သက်တမ်းကြာရှည်လာသည်နှင့် အမျှ မိတ္ထီလာကန်သည် ၁၉၈၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ရေလှောင်တမံအမြင့်သည် ၇၂ ဒသမ ၉၀ ပေမှ ၄၆ ပေသို့လည်းကောင်း၊ ရေပြင်ကျယ်ဧရိယာသည် ၃၁၆၆ ဧကမှ ၂၉၈၉ ဧကသို့လည်းကောင်း၊ ရေသေရေလှောင်ပမာဏသည် ၉၆၃၁ ဧကပေ မှ ၇၆၃၇ ဧကပေသို့ လည်းကောင်း၊ ရေပြည့်ရေလှောင်ပမာဏသည် ၂၆၄၃၄ ဧက ပေမှ ၂၄၈၄၆ ဧက ပေသို့လည်းကောင်း၊ အသုံးပြုနိုင်သောပမာဏသည် ၂၁၆၉၁ ဧကပေမှ စာမျက်နှာ ၂၁ သို့

**ဖြေနိုင်မည့်သူကိုစုံစမ်းကြရာတွင် စာဖတ်များကာ စာနှံ့စပ်သည့် စာတိုငညိုကိုမေးလျှင် သိနိုင်လောက်သည်ဟု လျှောက်တင်သဖြင့် မင်းကြီးက စာတိုညို့ကို ရှေ့တော်သို့ခေါ်ယူမေးမြန်းရန် ဆင့်ခေါ်ခဲ့သည်။ ယောက္ခမနှင့် ဇနီးဖြစ်သူတို့က မင်းပြစ်မင်းဒဏ်သင့်လေသလောဟု သံသယဖြစ်ကာ ပူပန်နေကြသော်လည်း စာတိုညိုက ဇနီးဖြစ်သူအား "ငါတို့ကောင်းစားချိန်ရောက်ပြီ"ဟုပြော၍ သူ၏နွားနှစ်ကောင်ကို ဦးချိုတွင် သပြေပန်းများ ချည်နှောင်ပေးလိုက်ပြီး ဘေးမဲ့လွှတ်လိုက်ကာ မင်းကြီးထံ အခစားဝင်ခဲ့သည်. . .**

## သက်တမ်းငါးနှစ်ကျော် ကျေးရွာသုံးထင်းစိုက်ခင်းများကို သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းပေးအပ်

**ယင်းမာပင် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများအတွက် အခြေခံသစ်တောထွက်ပစ္စည်းများဖြစ်သော ထင်းနှင့်မျောတိုင်များ လိုအပ်သလို ရရှိနိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ယင်းမာပင်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးထားသော ကျေးရွာသုံးထင်းစိုက်ခင်းများကို သက်ဆိုင်ရာ ကျေးရွာများသို့ နိုဝင်ဘာ ၂၈ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

စိုက်ခင်းများအား လွှဲပြောင်းပေးအပ်ရာတွင် စိုက်ခင်း(၁/၂၀၀၈) ကျေး/ သုံး ၇၅ ဧကကို ကျောက်ပြုတ်ကျေးရွာသို့ လည်းကောင်း၊ စိုက်ခင်း (၁/၂၀၁၀) ကျေး/သုံး ၁၀၀ ဧကကို အိုးဘိုကျေးရွာသို့လည်းကောင်း၊ စိုက်ခင်း (၂/၂၀၁၀) ကျေး/သုံး ၁၂၅ ဧကကို ကောင်းဆင့်ကျေးရွာသို့လည်းကောင်း သက်ဆိုင်ရာကျေးရွာများမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းက ယခုလွှဲပြောင်းပေးသည့် စိုက်ခင်းများကို စနစ်တကျစီမံအုပ်ချုပ်သုံးစွဲကြရန်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးပြီးသစ်ပင်များကိုသာ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး စိုက်ပျိုးမြေကို လွှဲပြောင်းပေးအပ်ခြင်းမဟုတ်ကြောင်း၊ ကျေးလက်နေပြည်သူများက ၎င်းစိုက်ခင်းအားအသုံးပြု၍ ကုန်ခန်းသွားသည့်အခါ ဦးစီးဌာနအနေဖြင့် ၎င်းမြေပေါ်တွင် စိုက်ခင်းအသစ်ထပ်မံစိုက်ပျိုးပေးရမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ကျေးလက်ဒေသနေပြည်သူများအတွက် အခြေခံသစ်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ မျောတိုင်များ လိုအပ်မှုကို ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကျေးရွာသုံးထင်းစိုက်ခင်းများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်စီမံချက်ချမှတ်၍ တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးတည်ထောင်ပြီးသော စိုက်ခင်းများ သက်တမ်းငါးနှစ်ပြည့်ပါက သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

## တန့်ကြည်တောင်ဘုရားသွား ဧရာဝတီမြစ်ကူးစက်လှေများကို ငှားရမ်းသူနည်းပါးနေ

**ညောင်ဦး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သော ပုဂံဒေသသို့ ယခုပွင့်လင်းရာသီအချိန်တွင် လာရောက်ဘုရားဖူးသူများ၊ လေ့လာသူနိုင်ငံခြားသား ဧည့်သည်များလာရောက်လျက် ရှိနေသော်လည်း ဧရာဝတီမြစ်တစ်ဖက်ကမ်း တန့်ကြည်တောင်ဘုရားသို့ သွားရောက်ဖူးမြော်သူနည်းပါးလျက်ရှိကာ မြစ်ကူးစက်လှေများကိုလည်း ငှားရမ်းသူနည်းပါးနေကြောင်း သိရသည်။



ပုဂံ-ညောင်ဦးဒေသသို့ လာရောက်သော ဘုရားဖူးဧည့်သည်များအနေဖြင့် ပုဂံဘက်မှ ရှေးဟောင်းဘုရား ပုထိုးစေတီများ၊ ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာကြရာတွင် စက်တပ်ယာဉ်အမျိုးမျိုးနှင့် မြင်းလှည်းများဖြင့် လှည့်လည်သွားလာ၍ ဘုရားဖူးနိုင်သော်လည်း ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ တန့်ကြည်တောင်ဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုရန်အတွက် ဧရာဝတီမြစ်တွင်းသွားစက်လှေများကို မဖြစ်မနေငှားရမ်းကြရကြောင်း သိရသည်။

"တန့်ကြည်တောင် ဘုရားဖူး သွားရောက်ဖို့ စက်လှေကို စင်းလုံးငှားရင် ကျပ် ၁၈၀၀၀ ဖြစ်ပါတယ်။ တစ်ဦးချင်းဆိုရင် ၁၅၀၀၊ ၂၀၀၀ ခန့် ပေးရမှာပါ။ အသွားအပြန် သုံးနာရီ လောက်ကြာပြီး ဧရာဝတီမြစ်အတွင်း ရှုခင်းအလှတွေကို ခံစားကြည့်ရှုလို့လည်းရပါတယ်။ ဒီစက်လှေဂိတ်မှာ စက်လှေအစီးရေ ၁၅၀ ခန့်ရှိပါတယ်။ ဒီနှစ်ကုန်ပိုင်းမှာ စက်လှေငှားရမ်းစီးသူ နည်းပါးပါတယ်။ အခုလတော့ စက်လှေမောင်းသူတွေအတွက် အဆင်မပြေပါဘူး"ဟု ဖူးဘုရားအနီးရှိ ဧရာဝတီမြစ်ကမ်းတွင် ဂိတ်ထိုးမောင်းနှင်နေသော စက်လှေမောင်းသူတစ်ဦးက ပြောသည်။

မိုးရာသီကာလတွင် ပုဂံညောင်ဦးဒေသသို့ ဘုရားဖူးလာရောက်သူနည်းပါးချိန်တွင် စက်လှေမောင်းသူများမှာ တံငါလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ပွင့်လင်းရာသီ ဘုရားဖူးလာသူများချိန်တွင် စက်လှေမောင်းသည့်အလုပ်ကို လုပ်ကြကြောင်း၊ ယခုနှစ်ပွင့်လင်းရာသီတွင် ပြည်တွင်းမှ ဘုရားဖူးသူများသာမက နိုင်ငံခြားသား ခရီးသွားဧည့်သည်များပါ ပုဂံဒေသသို့ လာရောက်လျက်ရှိရာ ဒေသတွင်းမှ လုပ်ငန်းအမျိုးမျိုးအနေဖြင့် အဆင်ပြေလျက်သော်လည်း ဧရာဝတီမြစ်ကိုအားကိုးပြီး စီးပွားရှာနေသော စက်လှေမောင်းသူများမှာမူ ယခုလအတွင်း ငှားရမ်းသူနည်းပါးနေသဖြင့် အဆင်မပြေကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ကလေးမြို့ အထက(၁)ကျောင်း၌ ပြန်လည်ထူထောင်ရေးအပြင် အဆင့်မြှင့်တင်မှုလုပ်ငန်းများပါ ဆက်လက်ဆောင်ရွက်လျက်ရှိ

**ကလေး နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် အဆင့်မြှင့်တင်မှုများပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကျောင်းပန်းခြံကို အဆင့်မြှင့်တင်ပြုပြင်နေစဉ်။

ကလေးမြို့ ရေကြီးရေလျှံစဉ်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်အားလုံး ကျောင်းဆောင်တစ်ထပ်ကျော်အထိ ရေနစ်မြုပ်ခဲ့ပြီး ရေပြန်ကျပြီးနောက်တွင် ကျောင်းဝင်းအတွင်း ရွှံ့နွံများ တင်ကျန်ခဲ့ရာ ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် ဖယ်ထုတ်ရှင်းလင်းပေးခဲ့သည်။

ကျောင်းဝင်းအတွင်းနှင့် ကျောင်းအဝင်အထွက် လမ်းမကြီးနှစ်ခုကိုလည်း ဆည်မြောင်းဦးစီးဌာနက အဆင့်မြင့် ကွန်ကရစ်များ ခင်းပေးလျက်ရှိသည့်အပြင် ကျောင်းဝင်းပတ်လည်နှင့် ကျောင်းအဝင် လမ်းမဘေး နှစ်ဖက်ကို ရေနုတ်မြောင်းများတူးဖော်ကာ အုတ်စီခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောင်းဆောင်အားလုံးကို ဆေးသစ်များ သပ်ရပ်လှပစွာ ပြန်သုတ်ပေးထားသည့်အပြင် ကျောင်းသူကျောင်းသားများ အပန်းဖြေနားနေရန် ကျောင်းပန်းခြံကိုလည်း အဆင့်မြှင့်တင်၍ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပုံတောင်ခြေတွင် ကျောက်ချောလမ်း ၁၀ မိုင်ခင်းလျက်ရှိ

**ပုလဲ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း ပုံတောင်ခြေရှိ သစ်ကြီးတိုင်း-ဘန့်ဘွေး- မယင်းလမ်း ၁၀ မိုင်တွင် ကျောက်ချောခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၄၃၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် သစ်ကြီးတိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က "ကျွန်တော်တို့ တောင်ပေါ်ဒေသက လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုအစ အခက်အခဲတွေ ရှိခဲ့ပါတယ်။ မိုးတွင်းဆို ရွှံ့ထူထပ်ပြီး ဆိုင်ကယ်နဲ့ ကားတွေ သွားလာဖို့ခက်တဲ့အတွက် တစ်ရွာနဲ့ တစ်ရွာသွားရာမှာ ခြေကျင်ပဲသွားခဲ့ကြရပါတယ်။ အခု ကျောက်ချောလမ်းခင်းပေးနေပြီ ဖြစ်တဲ့အတွက် လာမယ့်နှစ် မိုးရာသီဆိုရင် သွားလာရေး အခက်အခဲမရှိ အဆင်ပြေတော့မှာဖြစ်ပါတယ်"ဟုပြောသည်။ အဆိုပါသစ်ကြီးတိုင်း-ဘန့်ဘွေး-မယင်းလမ်းသည် ပုံတောင်ခြေရှိ ကျေးလက်နေပြည်သူများ၏ သွားလာရေးအတွက် အဓိကအချက်အချာကျသော လမ်းတစ်လမ်းဖြစ်ပြီး ၂၀၁၆ခုနှစ် မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

သစ်ကြီးတိုင်း-ဘန့်ဘွေး-မယင်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်စိုး၊ ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးအောင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင် ဦးမြင့်ဝေတို့က နိုဝင်ဘာ ၂၇ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

**မင်းခန့်စိုး(ဇေယျာမြေ)**



**စာမျက်နှာ ၂၀ မှ**

၁၇၂၀၉ ဧကပေသို့ လည်းကောင်း လျော့နည်း ကျဆင်းခဲ့သည်။

ကန်သက်တမ်းနှစ်ပေါင်း ထောင်ကျော်ခဲ့ပြီဖြစ်သည့် မိတ္ထီလာကန်သည် မင်းတုန်းမင်းလက်ထက်တွင်(၁၇)ကြိမ်မြောက် ပြုပြင်ဆည်ဖို့ခဲ့ပြီး နှစ် ၁၅၀ ကြာလာသည့် ယခုအချိန်တွင် သဲ၊ နုန်းပို့ချမှု များလာခဲ့ပြီး တိမ်ကောလာခဲ့သည်။ ကန်တိမ်ကောလာသည်နှင့်အမျှ ရေသိုလှောင်နိုင်မှုပမာဏ လျော့နည်းလာပေသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတွင် မိတ္ထီလာကန်အတွင်းမှ သဲနုန်း ၉၇၂၅ ကုဗပေကို တူးဖော်ခဲ့ပြီး မြောက်ကန်ပေါင်အလျားကို ပေ ၂၅၆၀၀ အထိလည်းကောင်း၊ ကန်ပေါင်အမြင့်ကို ၄၈ ပေအထိ လည်းကောင်း၊ ကန်ပေါင်ထိပ်အကျယ်ကို ပေ ၁၀၀ အထိလည်းကောင်း၊ ကန်ရေအနက်ကို ရှစ်ပေအထိ လည်းကောင်း၊ ရေလှောင် ပမာဏကို ဧကပေ ၇၂၀၀ အထိလည်း ကောင်း တိုးမြှင့်ပြုပြင်ခဲ့သည်။

သမိုင်းဝင် မိတ္ထီလာကန်ကြီး ရေရှည်တည်တံ့နေရန် ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြသောကြောင့် ဒေသနေပြည်သူများသည် မိတ္ထီလာကန်အပေါ် ပိုမိုအမှီသဟဲပြုနိုင်ကြကာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ထင်ရှားခဲ့သည့် သဘာဝအမွေအနှစ်တစ်ခုကို ယနေ့တိုင် ထိန်းသိမ်းထားနိုင်သည်ကို မြင်တွေ့နိုင်ကြပါပေသည်။ ။

**ကိုးကား**

**ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး (ဦးမောင်မောင်တင်)**

**မိတ္ထီလာမြို့နယ် ဖြစ်စဉ်သမိုင်းမှတ်တမ်း (ဦးထွဏ်းလွင်)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့

Shangri-La Hotel-Grand Ballroom ၌ကျင်းပပြုလုပ်သော

(၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးပွဲ၏

ASEAN Winner for the ASEAN Business Awards (2015)

အာဆီယံစီးပွားရေးထူးချွန် ဆုချီးမြှင့်ပွဲတွင်

အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက်

အမျိုးသမီးစီးပွားရေး ထူးချွန်လုပ်ငန်းရှင်-(ပထမ)ဆု

(ASEAN Woman Enterpreneur of the year 2015 Award) ကို

မြန်မာနိုင်ငံမှပထမဆုံးအကြိမ်အဖြစ်

"KBZ BANK နှင့် KBZ Group of companies" တို့၏ ဒုတိယဥက္ကဋ္ဌ

'သီဟသုဓမ္မသင်္ဂီ၊ သီရိ သုဓမ္မသင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ

ဒေါ်နန်းသန်းထွေး-လူမှုထူးချွန်ပထမဆင့်' မှ လက်ခံရရှိခဲ့ပါသည်

ငင်းဆုအားရှမ်းတိုင်းရင်းသူလုပ်ငန်းရှင်အမျိုးသမီးတစ်ဦးမှရရှိခဲ့သဖြင့်

ရှမ်းတိုင်းရင်းသူ၊ ရှမ်းတိုင်းရင်းသားများမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

ဖော်ပြအပ်ပါသည်။

ဗဟိုရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း

ရှမ်းပြည်နယ်ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း

'နမ့်ခုံး' ရှမ်းများပရဟိတအသင်း(တောင်ကြီးမြို့)

ASEAN BUSINESS AWARDS

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင်
ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်
ထိပ်သီးအစည်းအဝေးတွင်

**၂၀၁၅ ခုနှစ်အတွက် စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင် ပထမဆု**

ASEAN Young Entrepreneur Award (2015) ကို
အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်

Myanma Awba Group ၏ Founder and Chairman

## ဦးသတိုးဟိန်း

မှ ထိုက်ထိုက်တန်တန်လက်ခံရရှိခြင်းအတွက် လှိုက်လှဲစွာ
ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .

မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း
Myanmar Fertilizer, Seed and Pesticide Entrepreneurs Association

Agro Bio Product Co.,Ltd.
AGT Agro Tech Co.,Ltd.
Asiatic Agricultural Industries Pte.,Ltd. (Singapore)
Capital Diamond Star Group Co.,Ltd.
Farm Link Co.,Ltd.
Forward Myanmar Co.,Ltd.
Golden Lion High Tech Agricultural Co.,Ltd.
Hope Flower Trading
Magnate Group Co.,Ltd.
Map Pacific Pte.,Ltd. (Yangon Branch)
Marlarmyaing Co.,Ltd.
Myanmar Arysta LifeScience Co.,Ltd.
Poly Ice Co.,Ltd.
Shwe Arkar Moe Co.,Ltd.
Supreme Bio Tech Co.,Ltd.
Yupa Dagon Trading

# "ဂုဏ်ယူဝမ်းမြောက်ခြင်း"

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့တွင် Malaysia - Kuala Lumpur
Shangri-La Hotel - Grand Ballroom ၌ကျင်းပပြုလုပ်သော
(၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးပွဲ၏
ASEAN Winner for the ASEAN Business Awards (2015)
အာဆီယံစီးပွားရေး ထူးချွန်ဆုချီးမြှင့်ပွဲတွင်
အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက်
အမျိုးသမီးစီးပွားရေးထူးချွန်လုပ်ငန်းရှင် - ပထမဆု
(ASEAN Woman Entrepreneur of the Year 2015 Award) ကို
မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ်
"KBZ BANK နှင့် KBZ Group of Companies" ၏ဒုတိယဥက္ကဋ္ဌ
"သီဟသုဓမ္မသီရိ၊ သီရိသုဓမ္မသီရိ၊ အဂ္ဂမဟာသီရိသုဓမ္မသီရိ ဒေါ်နန်းသန်းထွေး - လူမှုထူးချွန်ပထမဆင့်" မှ
လက်ခံရရှိခြင်းအတွက်
အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

HTIKE SIN
HTIKE SIN CO., LTD.
MD မိသားစုနှင့်ဝန်ထမ်းများ



Aiming For Success
# MYANMAR NOBLE COLLEGE
edexcel
Approved Centre No.93711

- UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏ Higher National Diploma (HND) , January Intake (7.1.2016) ရက်နေ့ တွင်ဖွင့်လှစ်သွားရန်ရှိပါသည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများနှင့် LCCI Level(3), GCE 'O' Level ပြီးစီးသူများ အောက်ပါဘာသာရပ်များကိုရွေးချယ် တက်ရောက်နိုင်ပါသည် -
  - Construction and the Built Environment (Civil)
  - Mechanical
  - Electrical & Electronics
  - Business
  - Computing (IT)
- Myanmar Noble College မှ BTEC (HND) Diploma ဘွဲ့ရရှိပြီးလျှင် UK နိုင်ငံ University of Portsmouth, University of the West of England, Singapore နိုင်ငံ PSB Academy, MDIS တို့အပြင် ထိုင်း နှင့် မလေးရှားနိုင်ငံရှိ တက္ကသိုလ်များတွင် တက်ရောက်၍ B.Eng, B.Sc(Hons:)နှင့် BA(Hons:) ဘွဲ့များရယူနိုင်ပါမည်။

January Intake
Scholarships & Discounts

ဇန်နဝါရီလတန်းခွဲသစ်အတွက် ပညာသင်ဆုနှင့် ဒီဇင်ဘာလတွင် အပ်နှံသူများအတွက် Discount များရယူနိုင်ရန်အတွက် အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါသည်။

စုံစမ်းရန် ; 01-220476 , 09-73163975 , 09-780639577 အမှတ်(၁၇၈)၊ နှင်းဆီလမ်း (အထက်)၊ အလုံမြို့နယ်၊ ရန်ကုန်။
www.myanmarnoblecollege.com.mm



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄၄ယ/၆၁၉၅၆၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ White Tun Star Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန(နေပြည်တော်)



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၄ယ/၇၃၅၈၂၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ Myanmar Padauk Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန(နေပြည်တော်)



KONICA MINOLTA
No. 1 A3 Color Copier Worldwide
FREE MEMBERSHIP
